# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)


၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ စနေနေ့။ Saturday, 11 January 2020 ၉၈၉၁


## တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်

နေပြည်တော် ဇန်နဝါရီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်နှင့် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရ ဖော်ယောင်တူးမိုင်တို့က (၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်

**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေ၊ ဒေါက်တာမြင့်ထွေး၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မနောကွင်း၌ကျင်းပသည့် (၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်ပြီး မိန့်ခွန်းပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ (၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့အတွက်ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆





ကြေးမုံ

## ပြည်ထောင်စုဆိုသည်မှာ . . .

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးစုများ မြောက်မြားစွာရှိသော ပြည်ထောင်စုနိုင်ငံ ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများအားလုံး၏ သွေးစည်းညီညွတ်ရေးကို တည်ဆောက်နိုင်မှသာလျှင် တိုင်းရင်းသားလူမျိုးအားလုံး ကောင်းစားရေးအတွက် အာမခံနိုင်သော နိုင်ငံ ထူထောင်နိုင်မည်ဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ချစ်ကြည်ရေးနှင့်ညီညွတ်ရေးကို တည်ဆောက်ရာတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သော အောက်ပါစကားရပ်ကို လေးနက်စွာခံယူရပေမည်။

ဗိုလ်ချုပ်အောင်ဆန်းက "လူမျိုးဆိုသည်မှာ သုခ ဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာဖြစ်ပေသည်။ အမျိုးအနွယ်၊ ကိုးကွယ်သည့်ဘာသာတရား၊ ပြောဆိုသည့်ဘာသာစကားတို့ကို အရေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ ကောင်းတူဆိုးဖက် ပူးပေါင်းလျက်နေလိုသော အစဉ်အလာ ဆန္ဒပေါ်တွင် ဝံသာနုရက္ခိတတရားသည် တည်နေပေ၏" ဟု ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ ဖဆပလ ညီလာခံသဘင်ကြီးတွင် မိန့်ကြားခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သောစကားရပ်မှ အဓိပ္ပာယ်များအတိုင်း မွေးမြူကျင့်သုံးကြရပေမည်။ ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားသည့် ဆိုလိုရင်းအဓိပ္ပာယ်မှာ တိုင်းရင်းသားလူမျိုးများအားလုံး မည်သို့ပင်မတူ ကွဲပြားခြားနားသော်လည်း အေးအတူပူအမျှ ကောင်းတူဆိုးဖက် ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ပူးပေါင်းနေထိုင်ကြရမည့် စိတ်ထားမွေးမြူကြရန် ပြောကြားခဲ့ခြင်းဖြစ်ပေသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇန်နဝါရီ ၉ ရက်နေ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိစဉ် ကချင်ပြည်နယ်မှ ဘာသာရေးခေါင်းဆောင်များ၊ မျိုးနွယ်စုကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် စိန်ခေါ်မှုများကျော်လွှားနိုင်ရေးတို့ကို ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်ခုဆိုတာဟာ စိန်ခေါ်မှုပိုပြီးတော့များပါတယ်။ စည်းလုံးညီညွတ်မှုကို ကျွန်မတို့ တည်ဆောက်ဖို့ဆိုရင် ပိုပြီးတော့ ခက်ခဲပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး။ ပြောတဲ့ဘာသာစကားကအစ မတူကြဘူး။ ဒီလိုကွဲပြားမှုတွေရှိတဲ့ အခါကျတော့ နိုင်ငံတစ်နိုင်ငံ စည်းစည်းလုံးလုံးဖြစ်အောင် လုပ်ဖို့ဆိုတာဟာ စိန်ခေါ်မှုတွေ အများကြီးရှိနေပါတယ်။ သို့သော်ငြားလည်း ဒီစိန်ခေါ်မှုတွေကို ကျွန်မတို့ ကျော်လွှားနိုင်မယ်ဆိုရင် တခြားနိုင်ငံတွေနဲ့မတူအောင် စည်းလုံးညီညွတ်မှုကို ရနိုင်ပါတယ်" ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံကို ဗိုလ်ချုပ်အောင်ဆန်းပြောကြားသကဲ့သို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မှာကြားသကဲ့သို့ ပြည်ထောင်စုနိုင်ငံဖြစ်အောင် မထူထောင်နိုင်စရာမရှိပေ။ အဓိကမှာ ဖြစ်ချင်သောဆန္ဒ၊ ဖြစ်လိုသောစိတ်ရှိရန်သာလိုအပ်ပေသည်။ မိမိတို့၏စိတ်ထားတွင် ဤပြည်ထောင်စုကြီးတွင် မှီတင်းနေထိုင်ကြသော ပြည်ထောင်စု သားသမီးများဖြစ်ကြသည်ဟူသော ခံယူချက်ရှိဖို့သာဖြစ်သည်။ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြရာ၌ မတူညီသည့်လူမျိုး၊ မတူညီသည့် ဘာသာစကား၊ မတူညီသည့် ကိုးကွယ်မှု ရှိသော်ငြားလည်း ပြည်ထောင်စုသည် ပထမ၊ ပြည်ထောင်စုသည် ဒုတိယ၊ ပြည်ထောင်စုသည် တတိယဟူသော စိတ်ထားထားရှိပါက မညီညွတ်စရာ၊ မစည်းလုံးစရာအကြောင်းမရှိပေ။

သို့ဖြစ်ရာ ဤပြည်ထောင်စုကြီးအတွင်း စုပေါင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအနေဖြင့် မတူညီသည့်သဘောထားများကို ညှိနှိုင်းသည့်အရည်အချင်း၊ မတူညီသည့်သဘောထားဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စည်းလုံးသည့်အသိုက်အဝန်း၊ ညီညွတ်သည့်ပြည်ထောင်စုကြီးကို ထူထောင်နိုင်မည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန နှင့် ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်



စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( ပြင်ဦးလွင်မြို့ )

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၃၊၁၄)ရက် (တနင်္လာ၊ အင်္ဂါ) နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

ရောဝတီခန်းမ ၊ အ.ထ.က (၁)၊ ပြင်ဦးလွင်မြို့။

# အလုပ်အကိုင် အခွင့်အလမ်း ၁၃၀၀ ကျော် ဖန်တီးပေးနိုင်မည့် လုပ်ငန်းများ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြု



**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် ၁၁ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဂုံးချိန်ကျေးရွာအုပ်စုတွင် ရင်းနှီးမြှုပ်နှံမည့် ၁၃၅ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သော သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအပါအဝင် အခြားကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဟိုတယ်ကဏ္ဍတို့မှ လုပ်ငန်းခြောက်ခု ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၅၇ ဒသမ ၈၂ သန်းနှင့် ကျပ် ၆၀၂၂၈ ဒသမ ၃၀ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၃၁၇ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာလကုန်အထိ ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ နိုင်ငံပေါင်း ၅၀ မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၀၄ ရာခိုင်နှုန်း ဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၁၅ ရာခိုင်နှုန်း ဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၀၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၀-၁-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၁,၅၀၀ | ၁,၃၇၃ | ၁၅,၄၂၅,၀၀၀ |
| MTSH | ၃,၈၅၀ | ၃,၈၀၀ | ၇,၁၃၈ | ၂၇,၁၆၇,၃၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၄ | ၃၂,၄၀၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၅၄၂ | ၁၂,၁၉၅,၀၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၈၅၄ | ၂,၃၉၁,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၁၀**

ရန်ကုန်(ရွှေဈေး) ၁၂၁၈၀၀၀   မန္တလေး(ရွှေဈေး) ၁၂၁၈၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၂၀/၉၈၅ကျပ် | ၉၈၅/၁၀၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၄၀/၁၀၀၀ကျပ် | ၁၀၃၅/၁၀၅၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၂၀/၉၀၅ ကျပ် | ၉၃၀/၉၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၃၀/၁၀၀၀ ကျပ် | ၁၀၀၀/၁၀၁၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၅/၈၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၀၀/၉၀၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၈၅/၇၉၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၈၄.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၄၆.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၄.၂၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၉.၀၆၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၃.၇၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၈၈၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၅၄.၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇.၈၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၀.၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၉၉.၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံအား စာမျက်နှာ-၅ တွင် ဖော်ပြထားပါသည်)**

ထို့နောက် မြစ်ကြီးနားမြို့ စီတာပူနှစ်ခြင်းအသင်းတော်မှ သိက္ခာတော်ရ ဦးဂျုံးခေါင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများ၊ (၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားနှင့် မနောပွဲတော်အတွက် ကောင်းချီးမင်္ဂလာရရှိစေရန် ဆုတောင်းပေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်နှင့် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရ ဖော်ယောင်တူးမိုင်တို့က (၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

### ပါဝင်ဆင်နွှဲ

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများသည် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်အတူ မနောအကဖြင့် ပါဝင်ဆင်နွှဲသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မနောအိမ်တော်၌ မနောရိုးရာအဖွဲ့အကြီးအကဲများ၊ မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးထုံဖူးဒဂုဏ်နှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

### ဂါရဝပြုပေးအပ်

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းမှ တိုင်းရင်းသား၊ တိုင်းရင်းသူများက ကချင်ရိုးရာ ကောက်ညှင်းပလိုင်းနှင့် ကချင်ရိုးရာပန်းချီကားကို ဂါရဝပြုပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးထုံဖူးဒဂုဏ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကချင်ပြည်နယ်မနောပွဲသို့ တက်ရောက်ပြီး ပါဝင်ဆင်နွှဲခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နောင်နှစ်မနောပွဲများတွင်လည်း မိမိနှင့်အားလုံး ပါဝင်ဆင်နွှဲနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ကချင်ပြည်နယ်မှာရှိကြသည့် ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုမောင်နှမများ ကျန်းမာချမ်းသာကြပါစေ၊ နှစ်တိုင်းနှစ်တိုင်း ပျော်ပွဲရွှင်ပွဲများဖြင့် အောင်မြင်ကြပါစေကြောင်း ပြောကြားသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ယဉ်ကျေးမှုအဖွဲ့များနှင့်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မနောရိုးရာအဖွဲ့အကြီးအကဲများ၊ တာဝန်ရှိသူများနှင့်လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေသခံပြည်သူများနှင့်အတူ မနောအကဖြင့် ပါဝင်ဆင်နွှဲစဉ်။

(၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ Peace Creation Group(PCG)နှင့် ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတို့ကလည်း သဝဏ်လွှာများ ပေးပို့ထားကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်ရှိ

**စာမျက်နှာ ၄ သို့ ☆**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ယဉ်ကျေးမှုအဖွဲ့များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ပြည်နယ်ဝန်ကြီးများနှင့်တွေ့ဆုံစဉ်။

☆ စာမျက်နှာ ၃ မှ
လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု တောင်တန်းဒေသ ကျောင်းသား ကျောင်းသူများ ပြုစုစောင့်ရှောက်ရေးဂေဟာသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ကျောင်းသား ကျောင်းသူများက "ဒို့တိုင်းပြည်အတွက် သူရဲကောင်း"၊ "ငြိမ်းချမ်းရေးကို တည်ဆောက်စို့" တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဂေဟာဒုတိယတာဝန်ခံ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခေါ်မာဝူက ဂေဟာနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

**တန်ဖိုးရှိရှိ အသုံးချ**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိ အရင်တစ်ခေါက်လာရောက်စဉ်က ကလေးများအနေဖြင့် တေးသီချင်းများဖြင့် ကြိုဆိုခဲ့သည့်အတွက် ဝမ်းသာရပါကြောင်း၊ သီချင်းတိုင်းတွင် တန်ဖိုးထားစရာများရှိပါကြောင်း၊ သီချင်းစကားလုံးများ၏ အဓိပ္ပာယ်မှာလည်း မိမိတို့နိုင်ငံအတွက် အပြုသဘောဆောင်သည့် အဓိပ္ပာယ်များဖြစ်ပါကြောင်း၊ ဂီတဆိုသည်မှာ သီဆိုရုံတင်မကဘဲ စိတ်ဓာတ်ကို မြင့်မားအောင် လုပ်ဆောင်ပေးရမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် ယခုဂေဟာနှင့်အဆက်အသွယ်ရှိသည်မှာ ကြာပြီဖြစ်ပါကြောင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် စတင်ဆက်သွယ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကလေးများအနေဖြင့် ကာယ၊ ဉာဏ အဘက်ဘက်မှ ထူးချွန်သည့်အတွက် ဆက်လက်ပြုစုပျိုးထောင်ရေးမှာ အရေးကြီးပါကြောင်း၊ ကလေးများအတွက် အချိန်ကို တန်ဖိုးရှိရှိ အသုံးချစေလိုပါကြောင်း၊ ပြုစုပျိုးထောင်ရာတွင်လည်း စနစ်တကျပြုစုပျိုးထောင်ကြစေလိုကြောင်း၊ ကလေးများ၏ အာဟာရပြည့်ဝရေးအတွက်လည်း ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက အမြဲကူညီပေးနေပါကြောင်း၊ အာဟာရပြည့်ဝမှ ခံနိုင်ရည်ပြည့်ဝမည်ဖြစ်ကြောင်း၊ ငယ်စဉ်ကတည်းက အာဟာရ၊ ဉာဏ်စွမ်း၊ ကိုယ်စွမ်း နှစ်ခုစလုံး ပြည့်စုံရန်လိုအပ်ကြောင်း၊ ကလေးများသည် အစက ရေဘေးသင့်၍ ရောက်ရှိခဲ့သော်လည်း ယခု ရေဘေးအန္တရာယ် လွတ်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ သို့သော်လည်း ကလေးများအတွက် ပညာရေး၊ လူမှုရေး နှစ်ဖက်စလုံး ပံ့ပိုးပေးနိုင်သည့်အတွက် ယခုဂေဟာသည် ဆက်လက်တည်နေခြင်းဖြစ်ပါကြောင်း၊ ထိုသို့ပံ့ပိုးမှုပေးနိုင်သည့်အတွက် ဝမ်းမြောက်ပါကြောင်း။

ယခုအချိန်တွင် ကလေးများအနေဖြင့် အချင်းချင်း မိတ်ဆွေကောင်းများဖြစ်ရန် ကြိုးစားစေချင်ပါကြောင်း၊ ယခုအရွယ်တွင် ခင်မင်သည့် မိတ်ဆွေများမှာ နောက်တစ်သက်တာ အားကိုးစရာ၊ ကိုယ်နှင့်အတူလက်တွဲပြီး စွမ်းစွမ်းတမံ ဆောင်ရွက်မည့် ရဲဘော်ရဲဘက်များဖြစ်လာမည်ကို ပြောကြားလိုပါကြောင်း၊ ယခု ကူညီနေသည့်သူများကိုလည်း ကျေးဇူးတင်ပါကြောင်း၊ အထူးသဖြင့် ကလေးများသည် မိမိတို့ အနာဂတ်ကို တည်ဆောက်သည့်နေရာတွင် ထဲထဲဝင်ဝင် ပါနိုင်ရန်လိုပါကြောင်း၊ ကလေးများအနေဖြင့် မိမိတို့နိုင်ငံသည် ပြည်ထောင်စုဖြစ်သည်ကို သတိရစေလိုပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားမျိုးစုံနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကလေးများကို ပြည်ထောင်စုဆိုသည်ကို ရှင်းရှင်းလင်းလင်းသိအောင် ရှင်းပြရန်လိုပါကြောင်း၊ ကလေးများကို အမှန်အတိုင်းပြောတတ်အောင် လေ့ကျင့်မွေးမြူရန်လိုပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကလေးများ မေးခွန်းများမေးလျှင် သိလျှင် သိကြောင်း၊ မသိလျှင် မသိကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောစေလိုပါကြောင်း၊ ကလေးများကို စာဖတ်စေချင်ပါကြောင်း၊ ငယ်စဉ်ကပင် စာဖတ်သည့်အလေ့အကျင့်ကို မွေးမြူပေးစေလိုပါကြောင်း၊ စာဖတ်ခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို နားလည်စေပြီး တိုင်းရင်းသားအားလုံးသည် အသီးသီး တန်ဖိုးကိုယ်စီရှိသည်ကို သိရှိစေပါကြောင်း၊ ဂေဟာရှေ့ရေးအတွက် မိမိတို့အနေဖြင့် တတ်နိုင်သလောက် ပံ့ပိုးပေးသွားမည်ဖြစ်ပြီး ကလေးများအနေဖြင့် စာကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု တောင်တန်းဒေသ ကျောင်းသား ကျောင်းသူများ ပြုစုစောင့်ရှောက်ရေးဂေဟာမှ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

**ပေးအပ်**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဂေဟာအတွက် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငွေစက္ကူအသစ်များ၊ ဦးထုပ်များနှင့် ကစားစရာအရုပ်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ကွန်ပျူတာဝယ်ယူရန် အလှူငွေများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးစိုးအောင်က ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများကို လည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဂေဟာအလုပ်အမှုဆောင်ကော်မတီမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့်လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျောင်းသား ကျောင်းသူများနှင့်လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**တွေ့ဆုံ**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြစ်ကြီးနားမြို့ Plam Spring ဟိုတယ်၌ ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများနှင့်တွေ့ဆုံပြီး ကချင်ပြည်နယ်တွင် ငြိမ်းချမ်းရေးကို အနှောင့်အယှက်ဖြစ်စေနိုင်သည်များ မဖြစ်ပေါ်စေရန် ပြည်နယ်အစိုးရက တာဝန်ယူဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပုံမှန်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေချိန်တွင် ငြိမ်းချမ်းရေးကို အထူးဂရုစိုက်ဆောင်ရွက်ရန်လိုကြောင်း၊ ယမန်နေ့က ပြည်သူများ၏ တင်ပြချက်များကို အထူးအလေးထားပြီး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ လူထုတွေ့ဆုံပွဲများသို့ မျှော်လင့်ချက်ဖြင့် တက်ရောက်ကာ တင်ပြလာသည့် ကိစ္စရပ်များကို ပြည်သူ့အသံအဖြစ် တန်ဖိုးထားပြီး အလေးအနက်ထား ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အမြန်ဆုံးပြီးစီးနိုင်သည်များကို အချိန်မဆိုင်းဘဲ ချက်ချင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကချင်ပြည်နယ်နေ့ ကျင်းပရေးနှင့်စပ်လျဉ်းသည့် အခေါ်အဝေါ် ဝေါဟာရဆိုင်ရာ အငြင်းပွားမှုများရှိနေသည်ကို ပြည်နယ်အစိုးရက ဦးဆောင်တာဝန်ယူကာ အားလုံးလက်ခံသဘောတူသည့် အဖြေကို ရှာပေးရန် ဖြစ်ကြောင်း၊ တိုင်းရင်းသားပေါင်းစုံနေထိုင်ကြသဖြင့် မတူကွဲပြားမှုများကြောင့် ပြဿနာများမဖြစ်စေဘဲ ညီညီညွတ်ညွတ်ဖြစ်စေရန် ပြည်နယ်အစိုးရက ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရက တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်နေချိန်တွင် ပြည်နယ်အစိုးရက မျိုးနွယ်စုများအကြား သဟဇာတဖြစ်စေရေး ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်းပြောကြားသည်။

**မှာကြား**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ကချင်ပြည်နယ်နေ့အခမ်းအနားကိစ္စ၊ IDP စခန်းများ ပိတ်သိမ်းပြီး မိမိနေရာသို့ မိမိတို့ သဘောဆန္ဒအလျောက် ပြန်လည်နေထိုင်လိုသည့် ကိစ္စနှင့် ပြည်ထောင်စုအစိုးရက ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်သည့် ကိစ္စများကို တင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ထောင်စုဝန်ကြီးများနှင့်ညှိနှိုင်းပြီး ဖြေရှင်းပေးကာ လိုအပ်သည့် မူဝါဒဆိုင်ရာလမ်းညွှန်မှုများ ပြောကြားပြီး ပြည်နယ်အစိုးရ သတိပြုဆောင်ရွက်ရမည့် ကိစ္စရပ်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

# နောင်လာမယ့်မျိုးဆက်တွေအတွက် မှန်ကန်ပြီးတော့ ကောင်းမွန်တဲ့ အမွေအနှစ်တွေ ထားပေးခဲ့ဖို့ကလည်း ကျွန်မတို့မှာ တာဝန်ရှိပါတယ်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂) နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

ကျွန်မအနေနဲ့ ယခုလို (၇၂) နှစ်မြောက် ကချင်ပြည်နယ်နေ့ကို လာရောက်နိုင်တဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်။ ကျွန်မတို့ရဲ့ ပြည်ထောင်စုသားချင်းတွေနဲ့အတူ ဒီနေရာမှာရှိနေရတယ်ဆိုတာဟာ ကျွန်မတို့ရဲ့ပြည်ထောင်စုအတွက် ကျွန်မတို့ဘယ်လောက် အလေးထားတယ်၊ ဘယ်လောက် ကျွန်မတို့ရဲ့ပြည်ထောင်စုကို တိုးတက်စေချင်တယ်၊ ဘယ်လောက်ခိုင်မြဲစေချင်တယ်ဆိုတာကို ပြခွင့်ရတဲ့အတွက်အင်မတန်မှ ကျေးဇူးတင်ပါတယ်။ နှစ်ဦးပိုင်းမှာလည်းဖြစ်လို့ ကျွန်မတို့ရဲ့ ကချင်ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ အားလုံးကို နှစ်ဦးအတွက် ဒီနှစ်သစ်အတွက် ဆုမွန်ကောင်းတွေလည်း တောင်းပေးချင်ပါတယ်။ အားလုံးကျန်းမာချမ်းသာစွာနဲ့ နှလုံးစိတ်ဝမ်းအေးချမ်းနိုင်ကြပါစေလို့ ကျွန်မအနေနဲ့ ဆုတောင်းပေးပါတယ်။

ကချင်ပြည်နယ်နေ့ကို ကျွန်မအထူးလာချင်တဲ့ ကိစ္စတစ်ခုကတော့ ကချင်ပြည်နယ်မှာ ဆိုလို့ရှိရင် ကျွန်မတို့ရဲ့ တိုင်းရင်းသားမျိုးစုံ နေကြပါတယ်။ လူမျိုးပေါင်းစုံ၊ ကိုးကွယ်တဲ့ဘာသာပေါင်းစုံ၊ ပြောတဲ့စကားပေါင်းစုံ ဒီလို တိုင်းရင်းသားများစုဝေးပြီးတော့ နေနေတဲ့ နေရာဟာ ကျွန်မတို့အတွက် ပြည်ထောင်စုရဲ့ သင်္ကေတတစ်ခု ဖြစ်တယ်လို့ပဲ ကျွန်မတို့ယူဆပါတယ်။ စောစောကနေပြီးတော့ သမ္မတကြီးရဲ့ သဝဏ်လွှာထဲမှာ ပါတဲ့အတိုင်းပဲ ကျွန်မတို့ရဲ့ ကချင်ပြည်နယ်နေ့ဟာ လွတ်လပ်ရေးနဲ့ သိပ်ပြီးတော့ မကွာတဲ့အခါမှာ ပထမဦးဆုံးစခဲ့တာပါ။ ပြောရမယ်ဆိုရင် လွတ်လပ်ရေးနဲ့အတူ ဖွားမြင်ခဲ့တဲ့ နေ့တစ်ခုလို့လည်း ပြောလို့ရပါတယ်။ ဒါကြောင့်မလို့ အဲဒီလိုလွတ်လပ်ရေးနဲ့အတူ လွတ်လပ်ရေးရပြီးတော့ တစ်ပတ်လောက်အတွင်းမှာ ဆုံးဖြတ်ခဲ့တဲ့ ကချင်ပြည်နယ်နေ့မှာ ကျွန်မတို့က လွတ်လပ်ရေးရဲ့ အဓိပ္ပာယ်ကို ပြန်ပြီးတော့ သုံးသပ်စဉ်းစားဖို့ လိုပါတယ်။

ကျွန်မတို့ရဲ့ လွတ်လပ်ရေးဖခင်ကြီးများဟာ လွတ်လပ်ရေးရဖို့ ကြိုးပမ်းတဲ့အခါမှာ ထပ်တလဲလဲ ပြောခဲ့တဲ့စကားတစ်ခုရှိပါတယ်။ ကိုယ့်ကံကြမ္မာကို ဖန်တီးချင်တဲ့ နိုင်ငံတစ်နိုင်ငံဟာ မိမိရဲ့ကံကြမ္မာကို ဖန်တီးခွင့်ရှိရမယ်။ ကံကြမ္မာကို ဖန်တီးရဲတဲ့ တာဝန်နဲ့ ဖန်တီးနိုင်တဲ့ အရည်အချင်းတွေလည်း ရှိဖို့လိုပါတယ်။ ကျွန်မတို့ဟာ ဘာဖြစ်လို့ ကိုယ့်ကံကြမ္မာကို ဖန်တီးချင်တယ်ဆိုတာ ပြန်ပြီးစဉ်းစားလိုက်တဲ့အခါကျရင် စိတ်လုံခြုံမှုရချင်လို့ပါ။ သူများတွေလက်ထဲမှာ ကိုယ်က သူများလက်ထဲကရေလို၊ သူများရဲ့ဆုံးဖြတ်ချက်အရ ကိုယ့်ရဲ့ကံကြမ္မာက ဖြစ်ရမယ်ဆိုလို့ရှိရင် ဘယ်လိုမှ ကျွန်မတို့က စိတ်လုံခြုံမှုရှိနိုင်မှာ မဟုတ်ပါဘူး၊ ဒါကြောင့်မို့လို့လည်း ကျွန်မတို့ရဲ့ လွတ်လပ်ရေးဖခင်ကြီးများဟာ ကိုယ့်ကံကြမ္မာကို ကိုယ်ဖန်တီးချင်တယ်၊ ကိုယ့်နိုင်ငံရဲ့ လုံခြုံရေးအတွက် ကိုယ့်ရဲ့နိုင်ငံသူ၊ နိုင်ငံသားရဲ့ စိတ်ပိုင်းဆိုင်ရာလုံခြုံရေးနဲ့ ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးအတွက် တာဝန်ယူချင်တယ်ဆိုတာကို ဖော်ပြသွားတာပဲ ဖြစ်ပါတယ်။ ကျွန်မတို့ စိတ်ပိုင်းဆိုင်ရာ လုံခြုံဖို့ဆိုတာဟာ ရုပ်ပိုင်းဆိုင်ရာလုံခြုံဖို့လည်း လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ လွတ်လပ်ရေးကို ပြီးမြောက်ဖို့ဆိုရင် ပြည်တွင်းငြိမ်းချမ်းရေးဟာ အင်မတန်မှ အရေးကြီးပါတယ်။ လွတ်လပ်ရေးရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးရေး၊ ကျွန်မတို့ရဲ့ နိုင်ငံသူ၊ နိုင်ငံသားများ စိတ်လုံခြုံရေးအတွက်ဆိုရင် ငြိမ်းချမ်းရေးဟာလည်း မဖြစ်မနေ ရရှိရမယ့်အရာတစ်ခု ဖြစ်ပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂) နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

ဒါကြောင့် ကျွန်မတို့အားလုံးငြိမ်းချမ်းရေးရဖို့ အခု လွတ်လပ်ရေးရပြီးတဲ့အခါမှာ တာဝန်ရှိလာပါတယ်။ လွတ်လပ်ရေးဖခင်ကြီးများဟာ မိမိတို့ရဲ့တာဝန်ကို မိမိတို့ရဲ့မျိုးဆက် အချိန်အခါတုန်းကနေပြီးတော့ ကျေပွန်ခဲ့ပြီး ကျွန်မတို့ရဲ့ အခုကျွန်မတို့မျိုးဆက်တွေမှာ ကျွန်မတို့ တာဝန်ကျေရဲ့လားဆိုတာ ပြန်ပြီးတော့ စဉ်းစားရမှာပါ။ ဒီလိုတာဝန်ကျေအောင် လုပ်ဖို့ဆိုတာဟာ ကျွန်မတို့ ငြိမ်းချမ်းရေးရယူဖို့ လိုပါတယ်။ ငြိမ်းချမ်းရေးနဲ့အတူ ကျွန်မတို့ လွတ်လပ်ရေးနဲ့အတူ ဖွားမြင်ခဲ့ရုံတင်မကပါဘူး။ ကချင်ပြည်နယ်ဟာ ပင်လုံပြည်ထောင်စုရဲ့ အခြေခံဖြစ်တဲ့ ပင်လုံနဲ့လည်း အင်မတန်မှ ဆက်စပ်နေပါတယ်။ တချို့က ဆိုလို့ရှိရင် ပင်လုံအစ ကချင်ကလို့တောင်မှ ပြောကြပါတယ်။ ဒီမြေပေါ်မှာစပြီးတော့ ကျွန်မတို့ သဘောတူညီချက်တွေ ယူသွားပြီးတော့ ပင်လုံစာချုပ်ကို ချုပ်နိုင်ခဲ့တာပါ။ ပင်လုံနဲ့ပတ်သက်လို့ ပင်လုံမှာမသွားခင် ကချင်ပြည်နယ်မှာ ဖေဖေရိုက်ခဲ့တဲ့ပုံတွေမှာ ဖေဖေ့တစ်သက်တာမှာ အပျော်ရွှင်ဆုံးပုံတွေပဲလို့ ကျွန်မတို့ပြောလို့ရပါတယ်။ တခြားခေတ်ပုံတွေထဲမှာ ဒီလိုပြုံးရွှင်နေတာ မမြင်ရပါဘူး။ အင်မတန်မှ ပြုံးပြုံးရွှင်ရွှင်နဲ့ စိတ်ရောကိုယ်ပါ အေးချမ်းနေတဲ့ပုံကို ဆောင်ပါတယ်။ အဲဒါဘာဖြစ်လို့လဲ ဆိုတော့ ဒီမှာကျွန်မတို့ လာတဲ့အခါမှာ ပြည်ထောင်စုကြီး ငါတို့ရဲ့ ပြည်ထောင်စုကြီး ထူထောင်နိုင်တော့မယ်။ လွတ်လပ်တဲ့ ပြည်ထောင်စုတစ်ခု ထူထောင်နိုင်တော့မယ် ဆိုတဲ့ မျှော်လင့်ချက်နဲ့ တောက်ပနေတာလို့ ကျွန်မဒီလိုပဲ ယူဆပါတယ်။ ဒီတော့ ဒီကနေပြီးတော့ ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီးကို ထူထောင်နိုင်ဖို့အတွက် မျှော်လင့်ချက်တွေဟာ စပြီးတော့ထွန်းတောက်ခဲ့တယ်။ ဒီထွန်းတောက်တဲ့ မျှော်လင့်ချက်တွေကို အကောင်အထည်ဖော်ဖို့ ကျွန်မတို့ခေတ်မှာ ဆက်ပြီးတော့လုပ်သွားဖို့ အင်မတန်မှ အရေးကြီးပါတယ်။ အခု ကျွန်မတို့ဟာ ၂၀ ရာစုနှစ် ကျွန်မတို့ လွတ်လပ်ရေးဖခင်ကြီးများ စတင်ခဲ့တဲ့ ပင်လုံကို ၂၁ ရာစုနှစ်ကနေပြီးတော့ အဆုံးသတ်ဖို့လိုပါတယ်။ အဆုံးသတ်တယ်ဆိုတာ တကယ့်ကို ထာဝရတည်တံ့ခိုင်မြဲမယ့် ငြိမ်းချမ်းရေးရဖို့ ကျွန်မတို့အားလုံး ကြိုးစားဖို့ဟာ တာဝန်တစ်ရပ် ဖြစ်ပါတယ်။

ကျွန်မတို့ မျှော်လင့်ချက်တွေကို အောင်မြင်ဖို့ဆိုလို့ရှိရင် တစ်ဦးနဲ့တစ်ဦး နားလည်မှုယူဖို့ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုယူဖို့ ဆိုတာလည်း အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးပေါ်မှာလည်း ယုံကြည်မှုရှိရပါလိမ့်မယ်။ ငြိမ်းချမ်းရေးဟာ လိုအပ်တယ်ဆိုတာကိုလည်း ယုံကြည်ရမယ်။ ဖြစ်နိုင်တယ်ဆိုတာလည်း ယုံကြည်ရမယ်။ ဖြစ်နိုင်အောင်လုပ်ဖို့ ကျွန်မတို့ရဲ့ တာဝန်ဖြစ်တယ်ဆိုတာကိုလည်း လက်ခံရမယ်။ ဆန္ဒတစ်ခုရှိရုံနဲ့ အောင်မြင်မှုက မရသေးပါဘူး။ ဆန္ဒနောက်ကနေပြီးတော့ ကျွန်မတို့ကနေပြီးတော့ ဆန္ဒ၊ ဝီရိယ၊ ပညာ၊ စိတ်ဓာတ် ဒီဟာတွေက ပါလာဖို့လိုပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ လွတ်လပ်ရေးခေါင်းဆောင်များ စခဲ့တဲ့ လုပ်ငန်းကို ပြီးမြောက်အောင်လုပ်ဖို့ဆိုတာ ကျွန်မတို့ရဲ့ မျိုးဆက်မှာတင် ကျွန်မတို့ ပြီးစေချင်ပါတယ်။ နောင်မျိုးဆက်တွေအတွက် ကျွန်မတို့ထပ်ပြီးတော့မထားခဲ့ချင်ပါဘူး။ တာဝန်ဆိုတာဟာ အမျိုးမျိုးပါ။ ရှေ့က သွားခဲ့တဲ့ ကိုယ့်ရဲ့မိဘများ၊ ကိုယ့်ရဲ့ဘိုးဘွားများပေါ်မှာ ရှိတဲ့တာဝန်ဆိုတာ ထားပေးခဲ့တဲ့ ကောင်းတဲ့အမွေတွေကို ကျွန်မတို့က ထိန်းသိမ်းဖို့ပါပဲ။ ဒီတာဝန်ပါပဲ။ ကျွန်မတို့ဟာ နောင်လာမယ့် မျိုးဆက်တွေအပေါ်မှာလည်း တာဝန်ရှိပါတယ်။ နောင်လာမယ့် မျိုးဆက်တွေအတွက် မှန်ကန်ပြီးတော့ ကောင်းမွန်တဲ့အမွေအနှစ်တွေ ထားပေးခဲ့ဖို့ကလည်း ကျွန်မတို့မှာ တာဝန်ရှိပါတယ်။

ဒီတော့ အတိတ်နဲ့ပတ်သက်နေတဲ့ တာဝန်၊ အနာဂတ်နဲ့ပတ်သက်နေတဲ့ တာဝန်တွေကို ကျွန်မတို့ အခုပစ္စုပ္ပန်မှာ ထိထိရောက်ရောက် အကောင်အထည်ဖော်ဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ နောင်မျိုးဆက်တွေအတွက် တကယ်ထားပစ်ခဲ့ဖို့ လုပ်မယ်ဆိုလို့ရှိရင် အခုလောလောဆယ် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အားလုံးပါဝင်ဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ ဘာအလုပ်ပဲလုပ်လုပ်၊ အောင်မြင်ဖို့အတွက်၊ ထိရောက်ဖို့အတွက်ဆိုရင် နိုင်ငံသူ၊ နိုင်ငံသားများ အားလုံးပါဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့လို ပြည်ထောင်စုမှာဆိုလို့ရှိရင် တိုင်းရင်းသားများ အားလုံးပါဝင်ရမယ်။ ကျွန်မတို့ တကယ့်ကို ပြည်ထောင်စုစိတ်ဓာတ်နဲ့ ငါတို့အားလုံးဟာ ပြည်ထောင်စုသားချင်းတွေ ဖြစ်တယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဆက်ပြီးတော့ သွားဖို့လို့ပါတယ်။ ပထမဟာ ကျွန်မတို့ အားလုံးဟာ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေပါ။ နောက်တော့မှ ကျွန်မတို့အချင်းချင်း ကိုယ့်ရဲ့လူမျိုးအရ ကိုယ်ပြောလို့ရပါတယ်။ ငါတို့အားလုံးဟာ ပြည်ထောင်စုသားချင်းတွေ၊ တချို့က ကချင်ဖြစ်တယ်၊ တချို့က ကရင်ဖြစ်တယ်၊ တချို့က ရှမ်း၊ ဗမာ စသဖြင့် ကျွန်မတို့ စဉ်းစားလို့ရပါတယ်။ တချို့ကဆိုရင် ဒီမြန်မာနိုင်ငံဟာ အခုလက်ရှိ မြန်မာနိုင်ငံရဲ့ ပုံစံက ကိုလိုနီခေတ်တုန်းက ချမှတ်ခဲ့တဲ့ ပုံစံလို့ ပြောကြပါတယ်။ ကျွန်မကတော့ ဒီလိုမမြင်ပါဘူး။ ကျွန်မတို့ရဲ့နိုင်ငံဟာ သဘာဝက ချမှတ်ခဲ့တဲ့ နိုင်ငံပါ။ သဘာဝပထဝီအနေအထားအရ နိုင်ငံတစ်ခုနဲ့ တည်ထောင်ဖို့ရာ ဆက်ပြီးတော့ ရှင်သန်ဖို့ရာ အင်မတန်မှ သင့်တော်တဲ့ အနေအထားရှိပါတယ်။ ကျွန်မတို့နိုင်ငံက သဘာဝကဖန်တီးလာတဲ့ နိုင်ငံမို့လို့၊ သဘာဝကဖန်တီးလာတဲ့ ပြည်ထောင်စုပုံသဏ္ဍာန်မို့လို့၊ ဒီပုံစံအောင်မြင်အောင်လို့၊ ဒီပုံသဏ္ဍာန်တည်မြဲအောင်လို့ ကျွန်မတို့ အများကြီးပဲ ကြိုးစားဖို့လိုပါလိမ့်မယ်။ ကြိုးစားချင်တဲ့ စိတ်လည်းရှိဖို့ လိုပါတယ်။ ကျွန်မတို့ အခုကျွန်မ နားလည်သလောက်ကတော့ ဒီကချင်ပြည်နယ်နေ့ ကျင်းပဖို့တောင်မှ အခက်အခဲလေးတွေ ရှိခဲ့တယ်။ ဒီအခက်အခဲတွေကို တစ်ယောက်နဲ့တစ်ယောက် ညှိပြီးတော့ ကျော်လွှားရတယ်။ အခက်အခဲဆိုတာ ရှိမှာပဲ။ ပြဿနာတွေဆိုတာတော့ရှိမှာပဲ။ ပြဿနာတွေဟာ ကြောက်စရာမဟုတ်ဘူး။ မှန်မှန်ကန်ကန် ဖြေရှင်းဖို့ဟာပဲ အရေးကြီးပါတယ်ဆိုတာ ကျွန်မ ထပ်တလဲလဲ ပြောပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလူ့ဘဝထဲမှာ နေသွားသရွေ့တော့ ပြဿနာတွေကို ရှောင်ရှားလို့ မရပါဘူး။ ပြဿနာတွေကို မှန်မှန်ကန်ကန် ဖြေရှင်းနိုင်တဲ့ အရည်အချင်းတွေကိုသာ ကျွန်မတို့က နေပြီးတော့ မွေးထုတ်ရမှာ ဖြစ်ပါတယ်။ ဒီပွဲတစ်ခုဖြစ်ဖို့ကို ညှိနှိုင်းရတယ်၊ တိုင်ပင်ရတယ်၊ တစ်ယောက်နဲ့တစ်ယောက် အလျှော့အတင်းတွေ လုပ်ရတယ်၊ ဘာဖြစ်လို့ ဒီလိုအခက်အခဲတွေ ဖြစ်တာလဲဆိုတာ စဉ်းစားရတယ်။ အခက်အခဲတွေ ဖြစ်ခြင်းဆိုတာ မာန်မာနတွေကြောင့် ဖြစ်တာ ဖြစ်တယ်။ နားလည်မှုလွဲမှားမှုတွေကြောင့် ဖြစ်တာ ဖြစ်တယ်။

**စာမျက်နှာ ၆ သို့ ●**

**ဒီကနေပြီးတော့ ကျွန်မတို့ရဲ့ပြည်ထောင်စုကြီးကို ထူထောင်နိုင်ဖို့အတွက် မျှော်လင့်ချက်တွေဟာ စပြီးတော့ထွန်းတောက်ခဲ့တယ်။ ဒီထွန်းတောက်တဲ့ မျှော်လင့်ချက်တွေကို အကောင်အထည်ဖော်ဖို့ ကျွန်မတို့ခေတ်မှာ ဆက်ပြီးတော့လုပ်သွားဖို့ အင်မတန်မှ အရေးကြီးပါတယ်။ အခု ကျွန်မတို့ဟာ ၂၀ ရာစုနှစ် ကျွန်မတို့ လွတ်လပ်ရေးဖခင်ကြီးများ စတင်ခဲ့တဲ့ ပင်လုံကို ၂၁ ရာစုနှစ်ကနေပြီးတော့ အဆုံးသတ်ဖို့လိုပါတယ်။ အဆုံးသတ်တယ်ဆိုတာ တကယ့်ကို ထာဝရတည်တံ့ခိုင်မြဲမယ့် ငြိမ်းချမ်းရေးရဖို့ ကျွန်မတို့အားလုံး ကြိုးစားဖို့ဟာ တာဝန်တစ်ရပ် ဖြစ်ပါတယ်**

● စာမျက်နှာ ၅ မှ

တစ်ယောက်နဲ့တစ်ယောက် မယုံကြည်တာကြောင့်မို့လို့ ဖြစ်တာဖြစ်တယ်။ ဒီယုံကြည်မှုနဲ့ ပတ်သက်လို့ ငြိမ်းချမ်းရေးနဲ့ဆက်စပ်ပြီး ခဏခဏပြောပါတယ်။ ယုံကြည်မှုတည်ဆောက်ရေး၊ အဲဒါနဲ့ပတ်သက်ပြီး ကျွန်မလည်း ထပ်တလဲလဲ ပြောပါတယ်။ ယုံကြည်မှုတည်ဆောက်ရေးမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုဟာ ပထမအရေးကြီးပါတယ်။ ငါတို့တွေဟာ ငြိမ်းချမ်းရေး ရယူနိုင်တဲ့ပုဂ္ဂိုလ်တွေဆိုတာ ပထမဦးဆုံး ယုံကြည်ဖို့ လိုပါတယ်။ ကိုယ်ဟာ ငြိမ်းချမ်းရေးရယူနိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တယ်။ ငြိမ်းချမ်းရေးကို တကယ်အထူး လိုချင်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်ဆိုတဲ့ ယုံကြည်မှုခိုင်မာမှ သာလျှင် တခြားသူတွေကို ယုံကြည်နိုင်မှာပါ။ ကိုယ့်ကိုယ်ကိုယ် မယုံကြည်နိုင်ဘဲ တခြားသူကို ယုံကြည်နိုင်တဲ့ အခြေအနေကို ရောက်လာမှာမဟုတ်ပါဘူး။ ဒါကြောင့် ကျွန်မတို့အားလုံးဟာ၊ တို့တစ်တွေဟာ ငြိမ်းချမ်းရေးရယူနိုင်တဲ့ ပြည်ထောင်စုသားချင်းတွေ ဖြစ်တယ်ဆိုတဲ့ ယုံကြည်ချက်ကို ပထမမွေးစေချင်ပါတယ်။ ဒီလို ယုံကြည်ချက်နဲ့ဆက်ပြီး တခြားကျွန်မတို့နဲ့ မတူတဲ့၊ ကွဲပြားနေတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမတွေအပေါ်မှာ ယုံကြည်မှု ကျွန်မတို့ဆောက်တည်ရမှာ ဖြစ်ပါတယ်။ မတူကွဲပြားခြင်းဟာ အင်အားဆိုပြီးတော့ ခဏခဏပြောကြပါတယ်။ တချို့က ဒါကိုလည်း မေးခွန်းထုတ်ပါတယ်။ ဒီတော့ မတူကွဲပြားခြင်းဟာ အင်အားဆိုတာကို ကျွန်မပြောတဲ့နေရာမှာ ရိုးရိုးလေး ဥပမာ ပြောရမယ်ဆိုရင်တော့ ကျွန်မတို့ ဘယ်ဘက်လက်နဲ့ ညာဘက်လက်လိုပေါ့၊ ညာဘက်လက်နဲ့ ဘယ်ဘက်လက်နဲ့က မတူပါဘူး။ မတူတဲ့ လက်ကို ကျွန်မတို့က ဘယ်ဘက်လက်နဲ့ ညာဘက်လက်ကို နှစ်ဖက်စလုံးကို သုံးပြီးတော့ ခိုင်ခိုင်မာမာ ကိုင်ထားချင်တဲ့အရာတွေကို ခိုင်ခိုင်မာမာကိုင်ထားနိုင်ပါတယ်။ နှစ်ဖက်စလုံးက အတူတူပဲဆိုရင် ဒီလောက် ခိုင်ခိုင်မာမာ ကိုင်နိုင်မှာ မဟုတ်ပါဘူး။ ဒီတော့ မတူကွဲပြားမှုကို မှန်မှန်ကန်ကန် သုံးဖို့ဆိုတာ အဓိကပါ။ မတူကွဲပြားမှုဟာ ပြဿနာ မဟုတ်ပါဘူး။ မတူကွဲပြားမှုကို မမှန်မကန် သုံးခြင်းသာလျှင် ပြဿနာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ဟာ မတူကွဲပြားမှုကို ကြောက်စရာမလိုပါဘူး။ မတူကွဲပြားမှု အပေါ်မှာ အခြေခံပြီးတော့ ကျွန်မတို့ နိုင်ငံတွေရဲ့ ပြဿနာတွေကို ကြီးထွားလာအောင်လို့ လုပ်စရာလည်း အကြောင်းမရှိပါဘူး။ အားလုံးက ဝိုင်းဝန်းပြီးတော့ မတူကွဲပြားမှုကို အင်အားဖြစ်အောင်လို့ လုပ်ကြပါလို့ ကျွန်မအနေနဲ့ ဒီလိုအချိန်အခါမျိုးမှာ

**ကျွန်မတို့အားလုံးဟာ၊ တို့တစ်တွေဟာ ငြိမ်းချမ်းရေးရယူနိုင်တဲ့ ပြည်ထောင်စုသားချင်းတွေ ဖြစ်တယ်ဆိုတဲ့ ယုံကြည်ချက်ကို ပထမမွေးစေချင်ပါတယ်။ ဒီလိုယုံကြည်ချက်နဲ့ဆက်ပြီး တခြားကျွန်မတို့နဲ့ မတူတဲ့၊ ကွဲပြားနေတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအပေါ်မှာ ယုံကြည်မှု ကျွန်မတို့ဆောက်တည်ရမှာ ဖြစ်ပါတယ်**

မေတ္တာရပ်ခံချင်ပါတယ်။

ကျွန်မနားလည်သလောက်ကတော့ အဓိကက မနောပွဲကြီးတွေ၊ အရေးကြီးဆုံး မနောပွဲကြီးတွေဆိုတာဟာ ငါးမျိုးရှိတယ်လို့ ကျွန်မနားလည်ပါတယ်။ ဒီ ငါးမျိုးနဲ့ပတ်သက်လို့ ကျွန်မအသံထွက်မှားခဲ့လို့ရှိရင်လည်း ခွင့်လွှတ်ပါ။ ပဒန်မနော၊ ဆွတ်မနော၊ ဂျူမနော၊ ကွမ်ရမ်မနော၊ ရှဒစ်ဖော့မနောရယ်လို့ ငါးမျိုးရှိတယ်လို့ ကျွန်မနားလည်ပါတယ်။ ပထမဦးဆုံး ပဒန်မနောဆိုတာကတော့ စစ်အောင်နိုင်ရေးကို အောင်ပွဲခံတဲ့ မနောလို့ ကျွန်မနားလည်ပါတယ်။ အဲတော့ ကျွန်မက ဒီလို အစဉ်အလာအရ မနောပွဲကြီး ငါးပွဲကို အခုခေတ်ရဲ့ လိုအပ်ချက်နဲ့ ရှုမြင်စေချင်ပါတယ်။ စစ်အောင်နိုင်ရေး၊ စစ်အောင်နိုင်ရေးထက် ကျွန်မတို့ဟာ ပြည်တွင်းစစ် အောင်နိုင်ရေးကို ကျွန်မတို့ ပွဲကြီးတစ်ခုနဲ့ ကျင်းပပြီးတော့ လုပ်နိုင်မယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ၊ စစ်ပွဲတစ်ခု အောင်နိုင်ရေးမဟုတ်ဘူး၊ ဒီပြည်တွင်းစစ် အောင်နိုင်ရေး၊ နောင်ပြည်တွင်းစစ်တွေ မဖြစ်အောင်လို့ အဲဒီလို အောင်နိုင်ရေး မနောပွဲကြီးတစ်ခု ကျင်းပနိုင်တဲ့ အခြေအနေကိုရောက်အောင်လို့ အားလုံး ကြိုးစားစေချင်ပါတယ်။ ဒီလို စစ်ပွဲတွေဖြစ်ခြင်းကို အောင်နိုင်ပြီဆိုမှ ကျွန်မတို့နိုင်ငံဟာလည်း တကယ်

တိုးတက်နိုင်မှာ၊ ကျွန်မတို့ ပြည်သူတွေကလည်း ဖွံ့ဖြိုးနိုင်မှာဖြစ်ပါတယ်။ ဆွတ်မနောကတော့ ကျွန်မ နားလည်သလောက်ကတော့ မိတ်ဆွေသင်္ဂဟ အသစ်တွေဖွဲ့ခြင်းနဲ့ ဆက်စပ်နေပါတယ်။ ဒီတော့ ကျွန်မတို့ဟာ မိတ်ဆွေသင်္ဂဟ အသစ်တွေဖွဲ့တာထက် အရေးကြီးတာဟာ ကိုယ်ဟာ ရန်ဘက်ကဲ့သို့ ရှုမြင်ခဲ့တဲ့ ကိုယ့်ရဲ့တိုင်းရင်းသား ညီအစ်ကို မောင်နှမတွေကို တကယ့်မိတ်ဆွေတွေဆိုပြီးတော့ ကြိုဆိုလက်ခံနိုင်တဲ့ အခြေအနေကို ရောက်ပြီးတော့ အဲဒီအခြေအနေကို အောင်ပွဲခံနိုင်တဲ့ မနောမျိုး ကျွန်မတို့ မလုပ်နိုင်ဘူးလား၊ မိတ်ဆွေသစ် မဟုတ်ဘူး၊ အရင်တုန်းကတည်းက ကျွန်မတို့ ညီအစ်ကိုမောင်နှမတွေ၊ ရန်ဘက်လို ဖြစ်နေတဲ့ ညီအစ်ကိုမောင်နှမတွေကို ပြန်ပြီးတော့ မိတ်ဆွေအနေနဲ့ လက်တွဲနိုင်တဲ့ အခြေအနေကို ရောက်အောင်လို့ ကျွန်မတို့ ကြိုးစားဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဂျူမနောကတော့ ကျွန်မ နားလည်သလောက်ကတော့ ကျွန်မတို့ရဲ့ လူကြီးများ၊ အဘိုးအဘွားများ မနာမကျန်းဖြစ်တဲ့အခါ၊ ဒါမှမဟုတ် ကွယ်လွန်တဲ့အခါမှာဆိုရင် ကျင်းပတဲ့ မနောပွဲပေါ့။ ကျွန်မ နားလည်သလောက်ကတော့ ဒီဟာဟာ ကျွန်မတို့ရဲ့ ဘိုးဘွားများ၊ လူကြီးများရဲ့ စိတ်သက်သာရာရဖို့အတွက်၊ မကျန်းမမာတဲ့အခါ စိတ်သက်သာရာရဖို့အတွက် ကွယ်လွန်အနိစ္စရောက်သွားတဲ့အခါ ကျလို့ရှိရင် ဘဝကူးကောင်းဖို့အတွက် နောက်ဆုံးတော့ စိတ်သက်သာရာ ရောက်ဖို့အတွက် ကျွန်မတို့ ဘိုးဘွား၊ မိဘများအတွက် လုပ်တဲ့ မနောပွဲလို့ပဲ ကျွန်မမှတ်ယူပါတယ်။ ကျွန်မတို့ရဲ့ ဘိုးဘွားမိဘများ၊ ကျွန်မတို့ရဲ့ လူကြီးများ တကယ် စိတ်သက်သာစေချင်တယ်၊ တကယ်ပဲ ဘဝကူးကောင်းစေချင်တယ်ဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံမှာ ငြိမ်းချမ်းရေး ရှိတယ်၊ ငြိမ်းချမ်းရေးရသွားပြီ၊ ကျွန်မတို့နိုင်ငံဟာ တကယ်ကို တိုးတက်ခိုင်မာပြီးတော့ ဖွံ့ဖြိုးတဲ့ ပြည်ထောင်စုကြီး ဖြစ်သွားပြီဆိုတဲ့ အသိနဲ့သာ ကျွန်မတို့ရဲ့ လူကြီးများ၊ ဘိုးဘွားများ၊ မိဘများက ဘဝကူးနိုင်မယ်ဆိုလို့ရှိရင် မကောင်းဘူးလား၊ ဒီဟာက ကျွန်မတို့ အကောင်းဆုံးပေးနိုင်တဲ့ လက်ဆောင်တစ်ခုပဲလို့ ကျွန်မမြင်ပါတယ်။ ဒါကြောင့် ကျွန်မတို့ နောင်လာနောက်သားတွေအတွက် လုံလုံခြုံခြုံနဲ့ ငါတို့ စိတ်ချလက်ချနဲ့ နေနိုင်ပြီဆိုတဲ့အသိကို ကျွန်မတို့ရဲ့လူကြီးတွေကို ပေးနိုင်မယ့် မနောမျိုးကို ကျင်းပနိုင်ချင်ပါတယ်။ နောက် ကွမ်ရမ်မနော၊ အဲဒါကတော့ နယ်သစ်ထူထောင်ခြင်းအတွက်လို့ ကျွန်မတို့နားလည်ပါတယ်။ အဲဒီတော့ နယ်သစ်ဆိုတာဟာ ပြည်ထောင်စုသစ်ကြီးကို ထူထောင်ကြစို့၊ တကယ်ကို ခိုင်မာပြီးတော့၊ အေးချမ်းပြီးတော့ ဖွံ့ဖြိုးမယ့် ပြည်ထောင်စု

နယ်သစ်ကြီးကို ကျွန်မတို့ မထူထောင်နိုင်ဘူးလား၊ အားလုံးဝိုင်းဝန်းပြီးတော့ ကြိုးစားမယ်ဆိုလို့ရှိရင် ဒီလို ပြည်ထောင်စုကြီးကို ထူထောင်လို့ရပါတယ်။ အဲဒီလို လုပ်ခြင်းအားဖြင့်လည်း ကျွန်မတို့ဟာ အောင်ပွဲခံနိုင်ပါတယ်။ တကယ့်ပြည်ထောင်စုနယ်သစ်ကြီးကို ခိုင်ခိုင်မာမာ ချမှတ်ပြီးတော့ ထူထောင်နိုင်ပြီဆိုတဲ့အောင်ပွဲကို ခံလို့ရပါတယ်။ နောက်ဆုံးအရေးကြီးတဲ့ မနောပွဲကြီး ငါးခုထဲမှာဆိုရင် ရှဒစ်ဖော့ကတော့ နယ်မြေသစ်မှာ ရန်အပေါင်းကင်းဝေးအောင်လို့ လုပ်တာလို့ ကျွန်မနားလည်ပါတယ်။ ဒါကတော့ လွယ်လွယ်လေးပါ၊ ကျွန်မတို့ရဲ့ ပြည်ထောင်စုသစ်ကြီးမှာ ရန်အပေါင်း ကင်းဝေးအောင်လို့၊ မကောင်းဆိုးဝါးတွေ ကင်းဝေးအောင်လို့၊ ပပျောက်အောင်လို့၊ ကျွန်မတို့ အခုကတည်းကနေစပြီးတော့ လုပ်နိုင်မယ်ဆိုလို့ရှိရင် ရိုးရာအစဉ်အလာအရ ကျင်းပခဲ့တဲ့ မနောပွဲကြီးများဟာ အခုခေတ်ရဲ့ လိုအပ်ချက်၊ ကျွန်မတို့ရဲ့ခေတ်၊ ကျွန်မတို့ နောင်လာနောက်သားများရဲ့ခေတ်မှာ လိုအပ်ချက်တွေနဲ့ ကိုက်ညီအောင်လို့ ကျွန်မတို့ လုပ်နိုင်လိမ့်မယ်လို့ ကျွန်မကတော့ ယုံကြည်မျှော်လင့်ပါတယ်။

ကျွန်မတို့ရဲ့ နိုင်ငံဟာ၊ ကျွန်မတို့ လူသားများရဲ့ သမိုင်းဟာ အတိတ်ရယ်၊ ပစ္စုပ္ပန်ရယ်၊ အနာဂတ်ရယ်

**ကျွန်မတို့ရဲ့ နိုင်ငံဟာ၊ ကျွန်မတို့ လူသားများရဲ့ သမိုင်းဟာ အတိတ်ရယ်၊ ပစ္စုပ္ပန်ရယ်၊ အနာဂတ်ရယ် အမြဲပဲဆက်စပ်နေပါတယ်။ ကျွန်မတို့ဟာ အတိတ်ရဲ့အကျဉ်းသားတွေ မဖြစ်သင့်ပါဘူး။ အတိတ်တုန်းက ဖြစ်ခဲ့တဲ့ကိစ္စတွေဟာ ကောင်းတာတွေကို ဆက်ပြီးတော့ ထိန်းသိမ်းရမယ်၊ ဆိုးတဲ့အရာတွေက နေပြီးတော့ လွတ်မြောက်အောင်လို့ ရုန်းထွက်နိုင်ရမယ်၊ ပစ္စုပ္ပန်ဆိုတာ ကျွန်မတို့ လက်ထဲမှာရှိတာ၊ ဒါတစ်ခုပဲရှိပါတယ်၊ အတိတ်ကလည်း ကျွန်မတို့ လက်ထဲမှာ မရှိပါဘူး။ အနာဂတ်ဆိုတာလည်း မရှိသေးပါဘူး။ အခုပစ္စုပ္ပန်မှာ ကျွန်မတို့ လက်ထဲမှာရှိတဲ့အခွင့်အရေးတွေကို ကောင်းသောအနာဂတ် ထူထောင်ဖို့အတွက် ဝိုင်းဝန်းပြီးတော့ ကြိုးစားပေးစေချင်ပါတယ်**

အမြဲပဲ ဆက်စပ်နေပါတယ်။ ကျွန်မတို့ဟာ အတိတ်ရဲ့ အကျဉ်းသားတွေ မဖြစ်သင့်ပါဘူး။ အတိတ်တုန်းက ဖြစ်ခဲ့တဲ့ကိစ္စတွေဟာ ကောင်းတာတွေကို ဆက်ပြီးတော့ ထိန်းသိမ်းရမယ်၊ ဆိုးတဲ့အရာတွေကနေပြီးတော့ လွတ်မြောက်အောင်လို့ ရုန်းထွက်နိုင်ရမယ်၊ ပစ္စုပ္ပန်ဆိုတာ ကျွန်မတို့လက်ထဲမှာ ရှိတာ၊ ဒါတစ်ခုပဲရှိပါတယ်၊ အတိတ်ကလည်း ကျွန်မတို့ လက်ထဲမှာမရှိပါဘူး။ အနာဂတ်ဆိုတာလည်း မရှိသေးပါဘူး။ အခုပစ္စုပ္ပန်မှာ ကျွန်မတို့ လက်ထဲမှာရှိတဲ့အခွင့်အရေးတွေကို ကောင်းသော အနာဂတ် ထူထောင်ဖို့အတွက် ဝိုင်းဝန်းပြီးတော့ ကြိုးစားပေးစေချင်ပါတယ်။

ဒီလို ကချင်ပြည်နယ်နေ့လို နေ့မှာဆိုလို့ရှိရင် အရင်တုန်းက သမိုင်းဖြစ်စဉ်တွေကိုလည်း ကျွန်မတို့ ပြန်ပြီး စဉ်းစားပါတယ်။ ကချင်ပြည်နယ်နေ့ဟာ ဘယ်လို ပေါ်ပေါက်လာသလဲ၊ ဒီကချင်ပြည်နယ်နေ့ဟာ အခုအချိန်အခါမှာ ဘယ်လိုအနေအထားရှိသလဲ၊ ကချင်ပြည်နယ်နေ့ကို အကြောင်းပြုပြီးတော့ ကျွန်မတို့အနာဂတ်အတွက် ပိုမိုပြီးတော့ မျှော်လင့်ချက်တွေ၊ ရောင်ခြည်တွေသန်းလာအောင်လို့ ပိုပြီးတော့ ကျွန်မတို့အတွက် ခိုင်မာတဲ့ အခြေခံ ပြည်ထောင်စုကြီးတစ်ခု ထူထောင်နိုင်အောင်လို့ ဘယ်လို လုပ်နိုင်မလဲဆိုတာကို စဉ်းစားစေချင်ပါတယ်။ လူတိုင်း လူတိုင်းမှာ သေချာတာကတော့ အခုအချိန်ပဲ သေချာပါတယ်။ အခုအချိန်ထိ သေချာတဲ့အချိန်မှာ အကောင်းဆုံးဖြစ်အောင်လို့ လုပ်ပေးပါလို့ ကျွန်မက မေတ္တာရပ်ခံချင်ပါတယ်။

ဒီလိုသာ ကျွန်မတို့လုပ်နိုင်မယ်ဆိုလို့ရှိရင် ကချင်ပြည်နယ်နေ့သာမက နေ့တိုင်းနေ့တိုင်းဟာ ကျွန်မတို့အတွက် အောင်ပွဲခံနိုင်တဲ့နေ့ တစ်ခုဖြစ်မှာပါ။ အောင်ပွဲဆိုတာဟာ ပွဲလမ်းကြီးကျင်းပပြီးမှ ခံနိုင်တဲ့ ကိစ္စမဟုတ်ပါဘူး။ နိစ္စဓူဝအောင်ပွဲခံနိုင်ပါတယ်၊ နိစ္စဓူဝမှန်မှန်ကန်ကန်နဲ့ လုပ်သင့်လုပ်ထိုက်တာကို လုပ်ဖြစ်တဲ့နေ့တိုင်းဟာ အောင်ပွဲခံနိုင်တဲ့နေ့ပါ။ ကျွန်မတို့ရဲ့ တာဝန်တွေကျေပွန်နိုင်ဖို့အတွက် ခြေတစ်လှမ်းလှမ်းနိုင်တဲ့ နေ့တိုင်းဟာ ကျွန်မတို့အတွက် အောင်ပွဲခံနိုင်တဲ့နေ့ပါ။ ကျွန်မတို့ နောင်လာနောက်သားတွေအတွက် ကောင်းတဲ့အစဉ်အလာတွေ၊ ကောင်းတဲ့ကိစ္စတွေအတွက် ကျွန်မတို့ ခြေတစ်လှမ်း လှမ်းနိုင်တဲ့နေ့ဆိုတာ ကျွန်မတို့အတွက် အောင်ပွဲခံနိုင်တဲ့ နေ့ပါ။ ဒါကြောင့်မလို့ တစ်နေ့တောင် မဟုတ်ဘူး၊ တစ်စက္ကန့်ချင်း၊ တစ်မိနစ်ချင်း၊ တစ်နာရီ အတွင်းတောင်မှ ကျွန်မတို့ဟာ အောင်ပွဲခံနိုင်ပါတယ်။ ဒီတော့ တကယ်ပဲ ကိုယ့်ရဲ့ပြည်နယ်ကို မြတ်နိုးတယ်၊ ကျွန်မတို့ ကိုယ်ရဲ့ပြည်နယ်ကို တန်ဖိုးထားတယ်၊ ကျွန်မတို့ရဲ့နိုင်ငံကို မြတ်နိုးတယ်၊ တန်ဖိုးထားတယ်ဆိုရင် ကျွန်မတို့ရဲ့ ပြည်ထောင်စုကို မြတ်နိုးတယ်၊ တန်ဖိုးထားတယ် ဆိုလို့ရှိရင် ကျွန်မတို့နေ့တိုင်းနေ့တိုင်းဟာ ကျွန်မတို့ ပြည်ထောင်စုအတွက် အောင်ပွဲခံနိုင်တဲ့နေ့ဖြစ်ဖို့အတွက် တစ်ဦးချင်း တစ်ဦးချင်းကနေပြီးတော့ ကြိုးစားပေးစေချင်ပါတယ်။

ကျွန်မတို့အစိုးရအနေနဲ့လည်း တတ်နိုင်သမျှ တာဝန်ယူကျေပွန်အောင်လို့ ထမ်းဆောင်ပါတယ်။ ကျွန်မတို့ရဲ့လုပ်ရပ်တွေနဲ့ပတ်သက်လို့ ကျေနပ်သလားလို့ဆိုတာကတော့ မကျေနပ်ပါဘူး။ ဘယ်တော့မှ မကျေနပ်နိုင်ဘူး။ နိုင်ငံ့အတွက် လုပ်စရာတွေကအများကြီးပဲ၊ ကျေနပ်ပြီ၊ ပြီးပြီ၊ လုံလောက်ပြီဆိုတာ ဘယ်တော့မှမရှိပါဘူး။ ကျေနပ်ပြီဆိုတဲ့အဓိပ္ပာယ်က ကိုယ်စိတ်အေးချမ်းဖို့အတွက် တော့ကောင်းပါတယ်။ ဒါပေမယ့် ဝီရိယနည်းသွားမယ်ဆိုရင် မကောင်းပါဘူး။ ဒါကြောင့်မလို့ ကျွန်မတို့က တစ်နေ့ပြီး ဆိုချင်ရင် နောက်တစ်နေ့အတွက် ကြိုးစားပါ။ ဒီနေ့အတွက်တော့ ကျေနပ်နိုင်မယ်၊ နောက်တစ်နေ့အတွက် ကျေနပ်မှုရဖို့ ဆက်ကြိုးစားရပါဦးမယ်။ ဒီအတိုင်းပါပဲ။

ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာဆိုလို့ရှိရင်လည်း အားလုံးကိုပါဝင်စေချင်တယ်၊ ကျွန်မတို့ ငြိမ်းချမ်းရေး တည်ဆောက်ဖို့အတွက် လိုအပ်တဲ့ အစုအဖွဲ့များ အင်အားစုများအားလုံးဟာ လက်တွဲညီညီနဲ့ ရှေ့ကိုသွားဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ လက်တွဲတယ်ဆိုတာဟာ ရိုးရိုးသားသားလေးစဉ်းစားလိုက်ရင် လက်တွဲတယ်လို့ဆိုပါတယ်။ ဒါပေမယ့်တစ်ယောက်နဲ့တစ်ယောက် လက်တွဲတယ်ဆိုတာ တစ်နည်းအားဖြင့် ကတိကဝတ်ပါ။ လက်တွဲလိုက်ပြီဆိုတဲ့ အဓိပ္ပာယ်ဟာ ဒို့အတူတူဆက်ပြီး သွားမယ်၊ အတူတူရင်ဆိုင်မယ်၊ အတူတူအကောင်းအဆိုးကို ဘာပဲဖြစ်ဖြစ် မျှဝေမယ်ဆိုတဲ့ အဓိပ္ပာယ်ရှိပါတယ်။ လက်တွဲတယ်ဆိုတာ ပြောရတာသာ လွယ်ပါတယ်။ တကယ်တော့ ဒီလက်တွဲတဲ့ကတိအတိုင်း နေသွားဖို့ဆိုတာကတော့ အစဉ်အမြဲဆက်ပြီးတော့ ကြိုးစားသွားရမှာပဲ။ (၇၂) နှစ်ကြာကာလတုန်းက ကျွန်မတို့ရဲ့ တိုင်းရင်းသားများဟာ ဒို့အတူလက်တွဲပြီးတော့ ရှေ့ဆက်သွားမယ်ဆိုတဲ့ ကတိကဝတ် တစ်ယောက်နဲ့တစ်ယောက်ကို ပေးလိုက်တဲ့ သဘောပါပဲ။ အဲဒါ လွတ်လပ်ရေးပါပဲ။ ဒီကတိကဝတ်ပေါ်မှာ အခြေခံပြီးတော့ ကျွန်မတို့လွတ်လပ်ရေးရခဲ့တယ်။ လွတ်လပ်တဲ့နိုင်ငံတစ်ခုကို ထူထောင်နိုင်ခဲ့တယ်။ ပြည်ထောင်စုမြန်မာနိုင်ငံဆိုပြီးတော့ ကျွန်မတို့က ဂုဏ်ယူဝံ့ကြွားစွာ ထူထောင်နိုင်ခဲ့တယ်။ ပြည်ထောင်စုမြန်မာနိုင်ငံဟာ တကယ့်ပြည်ထောင်စုကြီးဖြစ်ပြီလားဆိုတာ ကျွန်မတို့ဟာ အားလုံး တစ်ဦးချင်းတစ်ဦးချင်း စဉ်းစားဖို့လိုပါတယ်။ အဲဒီတော့ ကချင်ပြည်နယ်နေ့မှာ ပင်လုံအစကချင်က ဆိုတဲ့ စိတ်ဓာတ်၊ လွတ်လပ်ရေးနဲ့အတူ ဖွားမြင်လာတဲ့ ကချင်ပြည်နယ်နေ့ ဆိုတဲ့စိတ်ဓာတ်နဲ့ ကျွန်မတို့ အားလုံး တစ်ယောက်ချင်းတစ်ယောက်ချင်း ကိုယ့်ရဲ့ အနေအထား၊ ကိုယ့်ရဲ့မျှော်လင့်ချက်၊ ကိုယ့်ရဲ့လုပ်ဆောင်ချက်တွေကို ပြန်ပြီးတော့သုံးသပ်ကြပါစို့လို့ ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။

ဒီလို ကျွန်မတို့ တစ်ဦးချင်းတစ်ဦးချင်းဟာ သုံးသပ်ပြီးတော့ ကိုယ်လုပ်နိုင်တာကို လုပ်မယ်ဆိုပြီးတော့ သန္နိဋ္ဌာန်ချစေချင်ပါတယ်။ ကျွန်မတို့စပြီးတော့လက်တွဲတုန်းက တစ်ဦးပေါ်တစ်ဦး စကားနဲ့မဟုတ်ပေမယ့်လည်း လုပ်ရပ်နဲ့ပေးခဲ့တဲ့ကတိ တို့တွေ ဆက်ပြီးတော့ သွားကြမယ်၊ အေးအတူပူအမျှအားလုံးကို ရင်ဆိုင်သွားကြမယ် ဆိုတဲ့ကတိကို ပြန်လည်ပြီးတော့ သတိရကြပါ။ ဒီကတိအတိုင်းဆက်ပြီးတော့ သွားကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

နိဂုံးချုပ်အနေနဲ့တော့ ကျွန်မတို့ အခုဒီနေရာမှာ ရောက်နေတဲ့ ကျွန်မတို့ရဲ့ ပြည်ထောင်စုဖွားညီအစ်ကို မောင်နှမတွေသာမက တစ်ကမ္ဘာလုံးမှာရှိတဲ့ ကျွန်မတို့ရဲ့ ပြည်ထောင်စုသားချင်းများ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒအဝဝနဲ့ ပြည့်စုံကြပါစေ၊ ၂၀၂၀ တွင်သာမက နောင်လာမယ့်နှစ်တွေနှစ်တွေမှာ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ကျွန်မအနေနဲ့ ဆုတောင်းမေတ္တာပို့ပါတယ်။

ကျေးဇူးတင်ပါတယ်။

# ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း၏ ဖွင့်ပွဲနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ





**ရန်ကုန် ဇန်နဝါရီ ၁၀**

ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း(JMASVTI)၏ ဖွင့်ပွဲအခမ်းအနားနှင့် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက်ရှိ ဂျပန်-မြန်မာ အောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း (JMASVTI) ဆောက်လုပ်မည့် မြေကွက်လပ်ရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော Mr. Kozo Yamamoto နှင့် Mr. Satoshi Fujimaru၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာအိချိရောမာရုယာမ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ Chief Representative Mr. Masayuki Karasawa၊ မြန်မာ-ဂျပန်လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌ ဦးကျော်ထွေး၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာ့မော်တော်ယာဉ် ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့မှ ကိုယ်စားလှယ်များ၊ သက်မွေးပညာသင် ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**သင်ကြားပို့ချပေး**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဂျပန်-မြန်မာ အောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း၏ စီမံကိန်းသည် ဂျပန်နိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့် ယခင်စက်မှုလက်မှု အထက်တန်းကျောင်း(အောင်ဆန်း)တွင် ဆောက်လုပ်ပြီး လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဤကျောင်းတွင် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာရပ်နှင့် စက်မှုလုပ်ငန်းဆိုင်ရာ လျှပ်စစ်နည်းပညာရပ်နှစ်ခုကို ဂျပန်နိုင်ငံ၏အတွေ့အကြုံ၊ နည်းပညာနှင့် မြန်မာနိုင်ငံအတွက် လိုအပ်လျက်ရှိသော လုပ်သားဈေးကွက်နှင့် ကိုက်ညီသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာလူငယ်၊ လူရွယ်များအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှစတင်၍ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှု နည်းပညာရပ်နှင့် စက်မှုလုပ်ငန်းဆိုင်ရာ လျှပ်စစ်နည်းပညာရပ်နှစ်ခုတို့ကို AGTI ဒီပလိုမာအဆင့် (၃)နှစ်သင်တန်းဖွင့်လှစ်သင်ကြားပို့ချပေးနေပြီ ဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာန အနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ နည်းပညာနှင့် သက်မွေးပညာရေးကို စိတ်ပါဝင်စား သင်ယူလိုသူများ လေ့လာသင်ယူခွင့်ရရှိရေး၊ အရည်အသွေး အာမခံမှုရှိရေးနှင့် ပိုမိုကောင်းမွန်သော နည်းပညာနှင့် သက်မွေးပညာရေး ဖြစ်ပေါ်လာစေရန် မဟာဗျူဟာများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းခွင်လိုအပ်ချက်နှင့် ကိုက်ညီစေသည့် နည်းပညာနှင့် သက်မွေးပညာရေး အစီအစဉ်များ အနက် ယနေ့ဖွင့်လှစ်သည့် ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာ သင်တန်းကျောင်း စီမံကိန်းသည် မဟာဗျူဟာမြောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပညာရေးဆိုင်ရာ စီမံကိန်းများအနက် လွန်စွာတန်ဖိုးရှိသော စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ အစဉ်ပြောင်းလဲတိုးတက်နေသော ဈေးကွက်လိုအပ်ချက်ကို စောင့်ကြည့်လေ့လာ သုံးသပ်ပြီး အရည်အချင်းရှိသော ကျွမ်းကျင်အတတ်ပညာရှင်များ လေ့ကျင့်သင်ကြား ပြုစုမွေးထုတ်ပေးနိုင်စေရေးအတွက် အထူးအလေးအနက်ထား၍ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဂျပန်လွှတ်တော်ကိုယ်စားလှယ် Mr. Kozo Yamamoto က အမှာစကားပြောကြား၍ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၏ Chief Representative Mr. Masayuki Karasawa က JMASVTI တည်ထောင်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ပန္နက်တင်မင်္ဂလာဆောင်ရွက်**

ထို့နောက် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဂျပန်နိုင်ငံလွှတ်တော် ကိုယ်စားလှယ်များဖြစ်သော Mr. Kozo Yamamoto နှင့် Mr. Satoshi Fujimaru၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာအိချိရောမာရုယာမတို့က သတ်မှတ်နေရာ အသီးသီးတွင်နေရာယူ၍ ပန္နက်တင်မင်္ဂလာအစီအစဉ်အား ဆောင်ရွက်ကြသည်။

ယင်းနောက် ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း(JMASVTI) ဖွင့်ပွဲအခမ်းအနားအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ မြန်မာ-ဂျပန် လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးရေး အသင်းဥက္ကဋ္ဌ ဦးကျော်ထွေး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နော်လှလှစိုးနှင့် ဂျပန်နိုင်ငံ လွှတ်တော်ကိုယ်စားလှယ် Mr. Kozo Yamamoto နှင့် Mr. Satoshi Fujimaru၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ အိချိရောမာရုယာမနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ Chief Representative Mr.Masayuki Karasawa တို့က ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း၏ဖွင့်ပွဲနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနားအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးကို အဓိက ဆောင်ရွက်နေရသော ဌာနတစ်ခုဖြစ်ပါကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ်ဘဝမှစ၍ သက်ကြီးရွယ်အို လူ့ဂုဏ်သိက္ခာနှင့်အညီ ရှင်သန်နေထိုင်ရေးအတွက် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများဖြင့် ၎င်းတို့၏ လူ့အခွင့်အရေးကို အပြည့်အဝရရှိနိုင်ရန်၊ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်မှုများဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို လူသားများကသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စွမ်းရည်ပြည့်ဝသော၊ အတွေးအခေါ်အယူအဆ မှန်ကန်သော၊ ကိုယ်ကျင့်တရားကောင်းသော လူသားစွမ်းရည် အရင်းအမြစ်များ လိုအပ်ကြောင်း၊ လူသားစွမ်းရည်အရင်းအမြစ်ကောင်းများရရန် ရှေးဦးအရွယ်ထဲက ဦးနှောက်ဖွံ့ဖြိုးတိုးတက်မှုနှင့် ခန္ဓာကိုယ် ပုံမှန်ကြီးထွားမှုများအတွက် လေ့ကျင့်ပျိုးထောင်ကြရမည် ဖြစ်ကြောင်း၊ လူသားတစ်ဦးချင်း မိမိတို့၏ ရပ်တည်မှုဖွံ့ဖြိုးတိုးတက်မှုများအတွက် ကြိုးစားဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်စေမည့်ကိစ္စများကို ဖယ်ရှားရမည်ဖြစ်ကြောင်း၊ ၎င်းကိစ္စများတွင် မူးယစ်ဆေးဝါးအန္တရာယ်သည် အဟန့်အတားဖြစ်စေမည့် အရေးကြီးသော ပြဿနာတစ်ရပ်ဖြစ်ကြောင်း။



**အသိနှင့်သတိယှဉ်ကာ ဆောင်ရွက်**

မူးယစ်ဆေးဝါးကြောင့် ကျန်းမာရေး၊ လူ့ကိုယ်ရည်ကိုယ်သွေးနှင့် အကျင့်စာရိတ္တများ ထိခိုက်ကျဆင်းပြီး လူမှုပတ်ဝန်းကျင်တွင် ရပ်တည်မှုခဲယဉ်းသွားမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးကို စမ်းသပ်သုံးစွဲမှုမပြုလုပ်ကြရန် ငယ်စဉ်ဘဝထဲက အသိပညာပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် မိမိတို့မိသားစု၏တာဝန်များကို ယူကြရသကဲ့သို့ ပြည်သူလူထု၏တာဝန်ကိုလည်း ထမ်းဆောင်ကြရသည့်အတွက် တာဝန်ကြီးပါကြောင်း၊ မူးယစ်ဆေးဝါးများသည် လက်လှမ်းမီသောနေရာတွင် ရောက်ရှိနေသဖြင့် ဝန်ထမ်းများအနေဖြင့် မသုံးစွဲမိရန်နှင့် လက်ဝယ်ထားရှိခြင်းမပြုကြရန် အရေးကြီးကြောင်း၊ စမ်းသပ်သုံးစွဲမိခြင်းနှင့် လက်ဝယ်ထားရှိမိခြင်းသည် ထောင်ချောက်မိခြင်းဖြစ်ပြီး အန္တရာယ်ကျရောက်မည်ဖြစ်သည်ကို သတိမူကြရမည်ဖြစ်ကြောင်း၊ စတင်သုံးစွဲမှုပြုမိ၍ ဘဝပျက်နေသော ဆေးစွဲသူများကို ဆေးဖြတ်ပေးပြီး ပြန်လည်ထူထောင်ရေးလုပ်ပေးရန်သည် မိမိတို့၏ တာဝန်ဖြစ်၍ မိမိတို့အနေဖြင့် အသိနှင့်သတိယှဉ်ကာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အပါအဝင် ပြည်သူများ မူးယစ်သံသရာထဲ မကျရောက်ရန် အရေးကြီးကြောင်း၊ အနာဂတ်မျိုးဆက်သစ်များကို ကောင်းမွန်သည့် လက်ဆင့်ကမ်းအမွေပေးနိုင်ရန် မိမိတို့အနေဖြင့် တာဝန်ဝတ္တရားများကို အကောင်းဆုံးလုပ်ဆောင်ရန် လိုအပ်ကြောင်း၊ မူးယစ်သံသရာမှ ရုန်းထွက်ရန် လုပ်ဆောင်ရာတွင် ထိရောက်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် ပေါ်ပေါက်ရန် လိုအပ်နေပါကြောင်း၊ ပြည်သူများ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထက်သန်သည့် စိတ်စွမ်းအားဖြင့် မူးယစ်ဆေးဝါးကို ရှောင်ကြဉ်ကြစေရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**ဟောပြောဆွေးနွေး**

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းဇော်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဌာနခွဲမှူး ဒုတိယရဲမှူးကြီးရဲနိုင်၊ သုတေသန၊ သတင်းအချက်အလက်ဌာနခွဲ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀ ) ကုသရေးဦးစီးဌာနမှ ပါမောက္ခ ဒေါက်တာဆန်းလင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်သူသူဖေတို့က မူးယစ်ဆေးဝါးအန္တရာယ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ မူးယစ်ဆေးဝါးပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးဆိုင်ရာများကို အသိပညာပေး ဟောပြောဆွေးနွေးကြသည်။

**သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တာဝန်ရှိသူများ၊ ထူးချွန် ကျောင်းသား ကျောင်းသူများနှင့်အတူ ကလေးစာပေပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**ကျုံပျော် ဇန်နဝါရီ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီက ကျုံပျော်မြို့ အထက(၁) တွင် ကျင်းပသည့် ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ရှေးဦးစွာ ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနား ပထမပိုင်း အစီအစဉ်အဖြစ် ကျောင်းရှေ့မုခ်ဦးတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် တာဝန်ရှိသူများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့်အတူ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မိုးပျံပူဖောင်းများ လွှင့်တင်ကြသည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား အစီအစဉ် ဒုတိယပိုင်းကို အထက(၁)ရှိ အောင်ဆန်းခန်းမ၌ ကျင်းပရာ အထက(၁)မှ ကျောင်းသား ကျောင်းသူများက "ကလေးစာပေပွဲတော် Theme Song " ဖြင့် ဂုဏ်ပြုသီဆိုပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

**ကိုးနေရာတွင်ကျင်းပခဲ့**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ကလေးစာပေပွဲတော်များကို ကလေးများ စာအုပ်စာပေတွင် နှစ်သက်မွေ့လျော်ပြီး ရာသက်ပန်ပညာရှာမှီးသူများ ဖြစ်လာစေရန်၊ ပွဲတော်တွင် ပျော်ရွှင်စွာ ဆင်နွှဲမှုနှင့်အတူ စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ ပညာဗဟုသုတပြည့်ဝပြီး အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း၊ ကလေးစာပေပွဲတော်များကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ ပူးပေါင်းပြီး နေပြည်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးကိုးနေရာတွင် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ ခရိုင်အဆင့် မြို့ကြီးများတွင်လည်း (၄၃) ကြိမ်ကျင်းပခဲ့ပြီးဖြစ်သကဲ့သို့ စိတ်ပါဝင်စားသူများ စုပေါင်းပြီးလည်း ဒေသအစီအစဉ်ဖြင့် (၁၁)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း။

နိုင်ငံတစ်ဝန်းတွင်လည်း ကလေးစာပေပွဲတော်များ ဆက်လက်ကျင်းပရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ယမန်နှစ်က ပုသိမ်မြို့တွင် ကလေးစာပေပွဲတော် ကျင်းပခဲ့စဉ် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံးမှကလေးများ ကလေးစာပေပွဲတော်များတွင် ပါဝင်ဆင်နွှဲနိုင်စေရန် ဆန္ဒရှိမှုကြောင့် တိုင်းဒေသကြီး အတွင်းရှိ (၂၆) မြို့နယ်တွင် ယခုကဲ့သို့ အကောင်အထည်ဖော် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရှိရသဖြင့် အထူးဝမ်းသာအားရ ဖြစ်မိပါကြောင်း၊ ထိုသို့ ကျင်းပရာတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများအပြင် ရပ်မိ၊ ရပ်ဖများနှင့် စေတနာရှင် ပြည်သူများကလည်း စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်ပံ့ပိုးကူညီဆောင်ရွက်မှုများကြောင့် ကလေးစာပေပွဲတော်များ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပနေမှုကို တွေ့မြင်ရသကဲ့သို့ ပွဲတော်များတွင် ကလေးများ ပျော်ရွှင်တက်ကြွစွာ ပါဝင်ဆင်နွှဲကြမှုကို မြင်တွေ့ရသဖြင့်လည်း ပွဲတော်ဖြစ်မြောက်အောင် စီမံဆောင်ရွက်ကြသူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**စာပေချစ်သောကလေးများ**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က အမှာစကား ပြောကြားရာတွင် ကလေးစာပေပွဲတော်များကို ကလေးများအတွက် အကျိုးအမြတ်များစွာ ရရှိမည်ဟု ယုံကြည်ချက်ဖြင့် ယခုကဲ့သို့ စီစဉ်ကျင်းပနေခြင်း ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်နေသည့် ကလေးစာပေပွဲတော်လုပ်ငန်းစဉ်ကို အခြေတည်၍ တိုင်းဒေသကြီးအနေဖြင့် ချဲ့ထွင်ကာယခုကဲ့သို့ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။ ကျုံပျော်မြို့နယ်တွင် ကျင်းပသည့် ကလေးစာပေပွဲတော်သည် ရောဝတီတိုင်းဒေသကြီးရှိ (၂၆)မြို့နယ်အနက် (၁၆) မြို့နယ်တွင် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် (၁၆) ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပါကြောင်း၊ စာဖတ်သည့် အလေ့အကျင့်ကောင်းရှိသော ကလေးများ၊ စာပေချစ်သော ကလေးများ၊ တစ်နည်းအားဖြင့် နိုင်ငံတော်တည်ဆောက်မှုတွင် အရည်အသွေးမြင့်မားသူ၊ အားကောင်းသူများ ပါဝင်လာစေရန် စီစဉ်ဆောင်ရွက်နေခြင်းလည်း ဖြစ်ပါကြောင်း၊ ကလေးစာပေပွဲတော်တွင် "ထူးချွန်ထင်ရှား ရောဝတီတိုင်းသားများ" ပြခန်းကိုလည်း ကလေးများ အတုယူနိုင်ရန် ရည်ရွယ်ချက်ရှိရှိဖြင့် ထည့်သွင်းပြသထားပါကြောင်း၊ ကလေးစာပေပွဲတော်များ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်၏ အနာဂတ်လှပဖွံ့ဖြိုးစေရန်၊ အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာစေရန် အစပျိုးတည်ထောင်ပေးခြင်းလည်းဖြစ်ပါကြောင်း ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် "ပြည်သူနှင့်အတူ" ဆောင်ပုဒ်နှင့်အညီ ဒေသခံပြည်သူများ၏ စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်မှုဖြင့် ကလေးစာပေပွဲတော်များကို ဝိုင်းဝန်းဆောင်ရွက်ကြခြင်းဖြစ်ရာ အနာဂတ်နိုင်ငံတော်အတွက် ရလဒ်ကောင်းများ ရရှိပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်တို့ ကလေးများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ထို့နောက် အထက(၁)မှ ကျောင်းသား ကျောင်းသူလေးများက စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်၊ အမက(မြို့မ)မှ ကျောင်းသား ကျောင်းသူလေးများက ပုံပြင်သရုပ်ဖော်နှင့် အထက(၂)မှ ကျောင်းသား ကျောင်းသူလေးများက "မမပုသိမ်သူ" သီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလေးစာပေပွဲတော်၌ ခင်းကျင်းပြသထားသည့် ထူးချွန်ထင်ရှား ရောဝတီတိုင်းသားများပြခန်း၊ ကလေးစာဖတ်ခန်း၊ ဌာနဆိုင်ရာပြခန်းများ၊ NGO ပြခန်းများ၊ စာပေဟောပြောပွဲ၊ စာပေဆွေးနွေးပွဲ၊ ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ၊ စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ပညာပေးပြခန်းများ ပါဝင်ပြသ**

ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်(၂၆) မြို့နယ်တွင် ကလေးစာပေပွဲတော်များကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁ ရက်မှစတင်၍ ကျင်းပခဲ့ရာ ယနေ့ ကလေးစာပေပွဲတော်(ကျုံပျော်)ကျင်းပမှုသည် (၁၆) ကြိမ်မြောက် ပွဲတော်အဖြစ် ကျင်းပခြင်းဖြစ်ပြီး ကျန်မြို့နယ်များတွင်လည်း စဉ်ဆက်မပြတ် ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးစာပေပွဲတော်များတွင် ကလေးများအတွက် ပျော်ရွှင်စရာအစီအစဉ်များအပြင် အသိပညာတိုးပွားရေး ပညာပေးပြခန်းများလည်း ပါဝင်ပြသထားရှိရာ ပွဲတော်တွင် လာရောက်ဆင်နွှဲကြသည့် ကလေးငယ်များအနေဖြင့် ပျော်ရွှင်မှုရရှိစေသကဲ့သို့ ထိုသို့ ပျော်ပွဲရွှင်ပွဲများတွင် စုပေါင်းပါဝင်ဆင်နွှဲခဲ့ရမှုများကိုလည်း အမှတ်ရနေကြမည် ဖြစ်သည်။

**သတင်း-နေဝင်း(ပြန်/ဆက်)**
**ဓာတ်ပုံ-စိုးမင်းဦး(ပြန်/ဆက်)**


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တာဝန်ရှိသူများ၊ ကလေးစာပေပွဲတော်သို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ၌ အသုံးပြုနိုင်ရန်အတွက် ကမ္ဘောဇဘဏ်လီမိတက်က ဖိုင်ဘာစက်လှေ ကိုးစင်း လာရောက်လှူဒါန်း



**နေပြည်တော် ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ကမ္ဘောဇဘဏ်လီမိတက်က ဖိုင်ဘာစက်လှေတစ်စင်းလျှင် ငွေကျပ် ၂၇၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၄ ဒသမ ၇၅၀ သန်းတန်ဖိုးရှိ ဖိုင်ဘာစက်လှေ ကိုးစင်းကို ကမ္ဘောဇဘဏ်လီမိတက် ဒုတိယအမှုဆောင်အရာရှိချုပ်(၁) ဦးအောင်ကျော်မျိုးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ယနေ့မွန်းလွဲပိုင်းတွင် လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး**
**အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးဆွေ ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အထွေထွေမန်နေဂျာ ဦးဌေးအောင် ကို ယင်းဌာန၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ရခိုင်ပြည်နယ် တောင်ကုတ်မြို့၌ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**တောင်ကုတ် ဇန်နဝါရီ ၁၀**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တောင်ကုတ်မြို့နယ်စီမံခန့်ခွဲရေးကော်မတီတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက တောင်ကုတ်ဒီဂရီကောလိပ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ကလေးစာပေပွဲတော်၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်၊ တောင်ကုတ်ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာသန်းထွဋ်လွင်နှင့် မြို့မိမြို့ဖ ဦးကျောက်တောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သီဆို**

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို ကျင်းပရာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက Theme Song ကို သီဆိုသည်။





ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ မြို့မိမြို့ဖများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်အမှာစကား ပြောကြားရာတွင် ရခိုင်ပြည်နယ်၌ ကလေးစာပေပွဲတော်များကို ကျင်းပလာခဲ့သည်မှာ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲနှင့် ယခု တောင်ကုတ်မြို့အပါအဝင် (၄) ကြိမ်မြောက် ကျင်းပပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့လူငယ်များသည် နောင်အနာဂတ်တွင် ရခိုင်ပြည်နယ်ကို ဦးဆောင်ဦးရွက်ပြုလာမည့် လူငယ်များ ဖြစ်ပါကြောင်း။

ကလေးများသည် အဖြူရောင်ပန်းလေးများကဲ့သို့ အပြစ်ကင်းစင်ပြီးဖြစ်သဖြင့် ကလေးများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် အသိပညာ ဗဟုသုတမြင့်မားအောင် ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်ပါကြောင်း၊ ကလေးစာပေပွဲတော်ကို ကလေးငယ်များအား စာအုပ်စာပေတွင် နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများ ဖြစ်လာစေရေး၊ ကလေးစာပေပွဲတော်တွင် ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းပါဝင်ဆောင်ရွက်ရသည့် အလေ့အထကောင်းများ ရရှိစေရန်နှင့် ပညာဗဟုသုတများ လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်လျက် ကျင်းပပေးခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

**အမှာစကားပြောကြား**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် မြို့မိမြို့ဖ ဦးကျောက်တောင်က ကျေးဇူးတင်စကားပြောကြားပြီး တောင်ကုတ်ဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူလေးများက သမိုင်းထင်ရှား ရခိုင်သားယိမ်းအကဖြင့် ဖျော်ဖြေခဲ့ကြသည်။

**ချီးမြှင့်ပေး**

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြခန်းများ၊ စာအုပ်အရောင်းဆိုင်နှင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူလေးများအား လှည့်လည်ကြည့်ရှုအားပေးပြီး လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးခဲ့ကြသည်။

**သန့်ဇင် (ခရိုင်ပြန်/ဆက်)**

# ဂျပန်ရုပ်ရှင်ပွဲတော် ရန်ကုန်မြို့တွင် ကျင်းပ





ဂျပန်သံအမတ်ကြီး မစ္စတာ အိချိရော မာရုယာမ အမှာစကား ပြောကြားစဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၀**

ဂျပန်သံရုံးနှင့် ဂျပန်ဖောင်ဒေးရှင်းတို့က ကြီးမှူးကျင်းပသည့် ဂျပန်ရုပ်ရှင်ပွဲတော် ၂၀၁၉-၂၀၂၀ကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ရှိနေပြည်တော်ရုပ်ရှင်ရုံ၌ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချိရော မာရုယာမနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်တို့ တက်ရောက်ပြီး "Masquerade Hotel" ဂျပန်ရုပ်ရှင်ဇာတ်ကားဖြင့် ဖွင့်လှစ်ပြသသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဂျပန်သံအမတ်ကြီး မစ္စတာ အိချိရော မာရုယာမက ယနေ့ ဂျပန်ရုပ်ရှင်ပွဲတော်သည် ဂျပန်-မြန်မာ ချစ်ကြည်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲမှုနှင့် ဂျပန်ရုပ်ရှင်များမှတစ်ဆင့် ဂျပန်လူမျိုးများနှင့် ပိုမိုနီးကပ်ရင်းနှီးလာစေရန်၊ ဂျပန်နိုင်ငံအကြောင်း ပိုမိုသိရှိနားလည်နိုင်စေရန် ဖြစ်ပါကြောင်း၊ ဂျပန်ရုပ်ရှင်ကားကောင်းများကို မြန်မာပြည်သူများ ပရိသတ်များအနေဖြင့် ကြိုက်နှစ်သက်မည်ထင်ပါကြောင်း ပြောကြားသည်။

ဂျပန်ရုပ်ရှင်ပွဲတော်ကို နေပြည်တော်ရုပ်ရှင်ရုံတွင် ဇန်နဝါရီ ၁၀ ရက်မှ ၁၉ ရက်အထိ လည်းကောင်း၊JCGV ရုပ်ရှင်ရုံ(Junction City) တွင် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် လည်းကောင်း၊ မင်္ဂလာ (တာမွေ) ရုပ်ရှင်ရုံတွင် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် လည်းကောင်း ဂျပန်ရုပ်ရှင်ကား (၁၀)ကားဖြင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဂျပန်ရုပ်ရှင်ပွဲတော်ကို နေပြည်တော်ရှိ အောင်သပြေရုပ်ရှင်ရုံ၌ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ကျင်းပခဲ့ပြီး ဆက်လက်၍ မန္တလေးမြို့ရှိ ဝင်းလိုက်ရုပ်ရှင်ရုံတွင် ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ကျင်းပရန်ရှိကြောင်း သိရသည်။ **ဟန်လင်းအောင်(FDC)**

**❖ MFF ဖူဆယ်လိဂ်ပြိုင်ပွဲမှ**

VUC အသင်းက ဆက်လက်ဦးဆောင်ကာ MIU အသင်းက ဒုတိယနေရာတွင် ရပ်တည်နေသည်။ ယင်းအသင်းများ၏ နောက်တွင် GV အသင်းက ၂၇ မှတ်၊ On Doctor အသင်းက ၂၂ မှတ်၊ Winner အသင်းက ၂၁ မှတ်၊ မြို့မ JY အသင်းက ၁၈ မှတ်၊ MFF ယူ-၁၉ အသင်းက ၁၆မှတ်၊ Do Do Ko Ko အသင်းက ၁၂ မှတ်၊ Dream Team နှင့် လက်ဝဲသုန္ဒရအသင်းတို့က ခြောက်မှတ်စီ၊ ဖူဆယ်ချစ်သူအသင်းက လေးမှတ်၊ AMM Brothers အသင်းက တစ်မှတ် ရရှိထားသည်။

ဒုတိယအကျော့ အဖွင့်ပွဲစဉ်ဖြစ်သည့် ပွဲစဉ် (၁၂) အဖြစ် ယနေ့နံနက် ၈ နာရီခွဲတွင် Dream Team အသင်းနှင့် AMM Brothers အသင်း၊ နံနက် ၁၀ နာရီတွင် On Doctor အသင်းနှင့် လက်ဝဲသုန္ဒရအသင်း၊ နံနက် ၁၁ နာရီခွဲတွင် Winner အသင်းနှင့် MIU အသင်း၊ မွန်းလွဲ ၁ နာရီတွင် MFF ယူ-၁၉ အသင်းနှင့် GV အသင်း၊ မွန်းလွဲ၂နာရီခွဲတွင်ဖူဆယ်ချစ်သူအသင်းနှင့် VUC အသင်း၊ ညနေ ၄ နာရီတွင် Do Do Ko Ko အသင်းနှင့် မြို့မ JY အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

# New Views, Fresh Finds သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက စီစဉ်ကျင်းပသည့် ရှားပါးအထောက်အထားများပြပွဲနှင့် New Views, Fresh Finds သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ အမှတ်(၆၀၄/၆၀၈) ကုန်သည်လမ်း(၃၁-၃၂) လမ်းကြား ပန်းဘဲတန်းမြို့နယ်ရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**





အခမ်းအနားသို့ မြန်မာသမိုင်းအဖွဲ့ သမိုင်းပညာရှင်ဆရာကြီး ဆရာမကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

**မျိုးဆက်သစ်များတွင် တာဝန်ရှိ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မြန်မာသမိုင်းအဖွဲ့ သမိုင်းပညာရှင်ကြီးများကို ကျန်းမာစွာတွေ့ရသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် မိမိတို့အနေဖြင့် စာကြည့်တိုက်များနှင့် ကင်းကွာခဲ့ပါကြောင်း၊ ယခုအခါ နိုင်ငံတော်၏လမ်းညွှန်မှုဖြင့် နိုင်ငံတကာနည်းတူ ကျောင်းသားဗဟိုပြု ပညာရေးစနစ်ကို ဦးတည်သွားနေပါသဖြင့် စာကြည့်တိုက်အသုံးပြုမှု ပိုမိုတိုးတက်များပြားလာပါကြောင်း၊ ယခင်အမျိုးသားစာကြည့်တိုက်သည် ရန်ကင်းမြို့နယ်တွင် ဖွင့်လှစ်ထားပြီး အဆောက်အဦတည်နေရာသည် အများပြည်သူ၏ မြင်ကွင်းနှင့်ဝေးကွာနေသည့်အတွက် စာဖတ်သူပြည်သူများ အလွယ်တကူ လာရောက်ဖတ်ရှုရန် ခက်ခဲမှုရှိခဲ့ပါကြောင်း၊ ယခုအခါ နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်မြို့လယ်တွင်ရှိသည့် အမှတ် (၆၀၄/၆၀၈) ယင်းအဆောက်အဦကို ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်မှစ၍ အဆောက်အဦပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ၊ နိုင်ငံတကာအဆင့်မီ စာကြည့်တိုက်စနစ်များ ထည့်သွင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေတို့ကိုလည်း ဒုတိယသမ္မတနှင့် နိုင်ငံတော်သမ္မတကြီးတို့က လာရောက်ကြည့်ရှုခဲ့ပြီး လမ်းညွှန်ချက်များ အသီးသီးပေးခဲ့ပါကြောင်း၊ စာကြည့်တိုက်ဆိုသည်မှာ မျိုးဆက်သစ်များအတွက် ပညာဗဟုသုတရှာမီးရာ၊ တတ်သိပညာရှင်များ မွေးထုတ်ပေးရာဌာနကြီးတစ်ခုဖြစ်ပါကြောင်း၊ အသက်အရွယ်မျိုးစုံ ဆွေးနွေးရာ၊ အသိပညာရှာဖွေရာ ဗဟိုဌာနကြီးတစ်ခုဖြစ်ပါကြောင်း၊ ထို့အတွက် ပညာဘဏ်တိုက်ကြီးအဖြစ် အစဉ်ရှင်သန်နေရန် အားလုံးကြိုးစားသွားရမည်ဖြစ်ကြောင်း၊ ဆရာကြီးများ သက်ရှိထင်ရှားရှိနေစဉ် ပညာအမွေကို လက်ဆင့်ကမ်းရန် မျိုးဆက်သစ်များတွင် တာဝန်ရှိပါကြောင်း ပြောကြားသည်။

**လေ့လာကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက ကျင်းပသော "New Views, Fresh Finds" သုတေသနစာတမ်းဖတ်ပွဲကို တက်ရောက်ပြီး "ရှေးဟောင်းရှားပါး အထောက်အထားများပြပွဲ"ကို လေ့လာကြည့်ရှုသည်။

ယနေ့ကျင်းပသည့် "New Views, Fresh Finds" သုတေသနစာတမ်းဖတ်ပွဲတွင် ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာသော်ကောင်း၊ ဦးထွန်းအောင်ချိန်နှင့် ဦးစိုင်းအောင်ထွန်းတို့က သုတေသနစာတမ်းများကို ဖတ်ကြားကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ရှားပါးအထောက်အထားများပြပွဲကို ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ သုံးရက်တာကျင်းပလျက်ရှိပြီး၁၉၃၈ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ ထုတ်ဝေခဲ့သည့် မြန်မာ့သမိုင်းဆိုင်ရာ အထောက်အထားရှားပါးစာအုပ်များကို ပြသလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ကျောင်းစာကြည့်တိုက်များ ဖွင့်ပွဲအခမ်းအနား တက်ရောက်

**ရန်ကုန် ဇန်နဝါရီ ၁၀**

ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များအသင်းတို့ပူးပေါင်းဖွင့်လှစ်သော အထက(၁)ရွှေပြည်သာ၊ အထက(၂)လှိုင်သာယာ၊ အထက(၃) မင်္ဂလာဒုံ၊ အထကတော်လန်း(ကွမ်းခြံကုန်း)ကျောင်းများ၏ ကျောင်းစာကြည့်တိုက်များဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးဘိုနှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းဝင်းတို့က ကျောင်းစာကြည့်တိုက်များ ဖွင့်လှစ်ခြင်းအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး နဝဒေးစာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အထက(၂)လှိုင်သာယာမှ ကျောင်းသားကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ ကျောင်းစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် လှူဒါန်းကြသည့် အလှူရှင်များ၊ ပံ့ပိုးကူညီဆောင်ရွက်ကြသည့် တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပြီး မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသဖြင့် ကျောင်းစာကြည့်တိုက်များ အဆင့်မြှင့်တင်ခြင်း၊ ကျောင်းစာကြည့်တိုက်များအသုံးပြုခြင်းကို အားပေးဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၊ MBAPF တို့နှင့်ပူးပေါင်း၍ The Asia Foundation ၏ ကူညီပံ့ပိုးမှုဖြင့် ၂၀၁၈ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ပါကြောင်း။

**ထည့်သွင်းပေးထား**

ကျောင်းသား ကျောင်းသူများ စာများများဖတ်နိုင်ရန်အတွက် အားပေးဆောင်ရွက်လျက်ရှိရာ ကျောင်းစာကြည့်တိုက်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျောင်းသားကျောင်းသူများ၏ ကောင်းသောသဘောထားများ၊ ကောင်းသော စိတ်ခံစားမှုများ ရရှိရန်အတွက် ရသစာပေစာအုပ်များကို ထည့်သွင်းပေးထားပါကြောင်း၊ ကလေးများ၏ အသက်အရွယ်၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှင့် စဉ်းစားတွေးခေါ်နိုင်မှုအရ လိုက်လျောညီထွေဖြစ်သည့် စာအုပ်များကို ထည့်သွင်းပေးထားပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စာသင်ခန်းအတွင်း၌သာ သင်ယူနိုင်ရုံသာမက အခြားသုတရပ်ဆိုင်ရာများကို လေ့လာနိုင်ရန် စာကြည့်တိုက်တွင် သုတနှင့်ဆိုင်သော စာအုပ်များ၊ သိပ္ပံပညာရပ်ဆိုင်ရာ စာအုပ်များ၊ နည်းပညာရပ်ဆိုင်ရာ စာအုပ်များကိုလည်း ထည့်သွင်းပေးထားပါကြောင်း။

သုတစာအုပ်များကို ဖတ်ရာတွင် နိုင်ငံတကာစာအုပ်များသည် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့်အတွက် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၏ အင်္ဂလိပ်စာအရည်အသွေး မြင့်မားရေးကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ဆက်လက်သင်ယူလေ့လာလိုသည့် ပညာရပ်များကို အရည်အသွေးပြည့်မီစွာ သင်ယူလေ့လာနိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှုကို လုပ်ဆောင်ရာတွင် ကျောင်းသုံးဖတ်စာအုပ်များသည် ကျောင်းသား ကျောင်းသူ သင်ယူတတ်မြောက်ရမည့် ဘာသာရပ်ကို အကောင်းဆုံး သင်ယူတတ်မြောက်နိုင်စွမ်းရှိရန်ဖြစ်ပြီး စာမေးပွဲရမှတ်များများရရှိစေရန် သင်ကြားပေးခြင်းမဟုတ်ပါကြောင်း၊ သို့ရာတွင် ကျောင်းသား ကျောင်းသူများ စာရေးတတ်၊ ဖတ်တတ်၊ တွက်တတ်ရန်၊ အတူပူးပေါင်းဆောင်ရွက်နိုင်စွမ်းရှိရန်နှင့် ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီ၏ အရည်အသွေးကို မြှင့်တင်ပေးရန်အတွက် အရေးကြီးပါကြောင်း၊ ယခုဖွင့်လှစ်လိုက်သည့် စာကြည့်တိုက်များ ရေရှည်အသုံးချနိုင်ရေး အားလုံးညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးဘိုနှင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းဥက္ကဋ္ဌ ဒေါ်ဝင်းတို့က အမှာစကားပြောကြားခဲ့ကြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဘင်ခရာတီးဝိုင်းအတွက် အလှူငွေပေးအပ်ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး အထက(၃)ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းတို့ပူးပေါင်းကာ ပညာရေးဝန်ကြီးဌာန၏ ဘဏ္ဍာငွေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း ၁၀ ကျောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ အခြေခံပညာအထက်တန်းကျောင်း ၅၀ တို့၏ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်မြှင့်တင်ရေးစီမံချက်ကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ အခြေခံပညာကျောင်း ၁၁၅ ကျောင်း၏ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကိုရီးယားနိုင်ငံသို့ ကိုးနှစ်တာကာလအတွင်း မြန်မာအလုပ်သမား လေးသောင်းကျော်စေလွှတ်

**ရန်ကုန် ဇန်နဝါရီ ၁၀**

တောင်ကိုရီးယားနိုင်ငံသို့ မြန်မာအလုပ်သမားစေလွှတ်မှုမှာ ၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ လူဦးရေ ၄၀၈၃၈ ဦး စေလွှတ်နိုင်ခဲ့သည်ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောသည်။

ဇန်နဝါရီ ၁၀ ရက်တွင် ဒဂုံမြို့သစ်မြောက်ပိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းပိုင် မြေပေါ်တွင် KB Kookmin Bank မှ ဆောက်လုပ်လှူဒါန်းသည့် KB-HRD Korea Center လေးထပ်အဆောက်အဦ အုတ်မြစ်ချအခမ်းအနားတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"၂၀၁၇ ခုနှစ်အထိကတော့ ကိုရီးယားသွားတဲ့အရေအတွက်က တက်သေးတယ်။ မနှစ်ကသွားတဲ့အရေအတွက်ကတော့ လူဦးရေပြန်ကျသွားတယ်။ စိုက်ပျိုးရေးပိုင်းမှာတော့ လူလိုတယ်။ စိုက်ပျိုးရေးကို ပိုလွှတ်ချင်ပေမယ့် သူ့နိုင်ငံက ရာသီဥတုရယ်၊ အေးတဲ့ဒဏ်ရယ်ကို မခံနိုင်တဲ့ကလေးတွေကများတယ်။ ပုံမှန်အားဖြင့် တစ်နှစ်ကို လူဦးရေ ၅၀၀၀ ဝန်းကျင်သွားကြတယ်" ဟု ၎င်းက ပြောသည်။

တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်ရန် တစ်နှစ်ထက်တစ်နှစ် စာမေးပွဲဖြေဆိုသူ လူဦးရေများပြားလာသည့်အတွက် စာမေးပွဲဖြေဆိုရန် နေရာအခက်အခဲဖြစ်နေပြီး ယခုအဆောက်အဦဆောက်လုပ်ပြီးစီးပါက Paper Base မှ Computer Base ဖြင့် နေ့စဉ် စာမေးပွဲစစ်ဆေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

" အရင်ကဆို တက္ကသိုလ်တွေမှာ စာမေးပွဲသွားဖြေကြရတော့ ကလေးတွေအနေနဲ့ အခက်အခဲ အမျိုးမျိုးကြုံကြရတယ်။ အခုတော့ နောက်ခြောက်လ ဒီအဆောက်အဦပြီးရင် ဒါတွေအဆင်ပြေသွားမှာပါ။ အထပ်နှစ်ထပ်ကို စာမေးပွဲခန်းလုပ်ရင် တစ်ထပ်ကို လူ ၆၀ စစ်ဆေးမှာပါ။ နှစ်ထပ်ဆိုရင် လူဦးရေ ၁၂၀ ဖြစ်မယ်။မေးခွန်းက နှစ်နာရီ မေးခွန်းဖြစ်တယ်။ လူဦးရေ ၁၂၀ နဲ့ တစ်နေ့ကို ၄ ကြိမ်စစ်မယ်ဆိုရင် လူဦးရေ ၄၈၀ စစ်နိုင်မှာပါ။ ကလေးတွေလည်း မပင်ပန်းတော့ဘူး"ဟု အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောသည်။ **ကိုပေါက်**

# အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို ဧပြီလ ပထမပတ်တွင် ဖွင့်လှစ်ရန် လျာထား

**ရန်ကုန်  ဇန်နဝါရီ  ၁၀**

မြန်မာနိုင်ငံ၏ အမျိုးသားစာပေစုအမွေအနှစ်ဗဟိုဌာန ဖြစ်လာစေရန်ရည်ရွယ်၍ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ပထမပတ်တွင် ဖွင့်လှစ်သွားနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခင်က အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို ရန်ကင်းမြို့နယ် အမှတ်(၈၅) (က)သီရိမင်္ဂလာရိပ်သာလမ်း ကမ္ဘာအေးဘုရားလမ်းမကြီးတွင် ဖွင့်လှစ်ထားရှိပြီး အများပြည်သူ အလွယ်တကူသွားလာအသုံးပြုနိုင်မည့် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ် (၆၀၄/၆၀၈) ကုန်သည်လမ်းရှိ အဆောက်အဦသို့ ပြောင်းရွှေ့ကာ ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် ဧပြီလ ပထမပတ်အတွင်း ဖွင့်လှစ်သွားမည်ဖြစ်သည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် မြန်မာနိုင်ငံအတွင်း ထုတ်ဝေသော စာအုပ်စာနယ်ဇင်းများနှင့် မြန်မာနိုင်ငံအကြောင်း ရေးသားထားသည့် ပြည်ပနိုင်ငံထုတ်စာအုပ်များကို အပြည့်စုံဆုံးဖြစ်အောင် စုဆောင်းထားရှိပြီး ယင်းစာပေပစ္စည်းများ ခေတ်အဆက်ဆက်တည်တံ့နေအောင် ထိန်းသိမ်း၍ မြန်မာနိုင်ငံသားအားလုံးကို ဝန်ဆောင်မှုပေးသော စာကြည့်တိုက်ဖြစ်သည်။

အမျိုးသားစာကြည့်တိုက်တွင် မြန်မာနိုင်ငံအတွင်း အစောဆုံးထုတ်ဝေခဲ့သော စာအုပ်များ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများနှင့် ပေ၊ ပုရပိုက်များမှစ၍ ယနေ့အထိ ထုတ်ဝေနေသော စာအုပ်၊ စာနယ်ဇင်းများအပြင် မြန်မာနိုင်ငံအကြောင်း ရေးသားထားသည့် ပြည်ပနိုင်ငံထုတ်စာအုပ်များပါ စုဆောင်းထားရှိသည်။

အမျိုးသားစာကြည့်တိုက်ကို မြန်မာနိုင်ငံသားမည်သူမဆို လွတ်လပ်စွာအသုံးပြုနိုင်ပြီး အမျိုးသားစာကြည့်တိုက်တွင် စာပေဖတ်ရှုလိုပါက စာကြည့်တိုက်၏ မှတ်ပုံတင်ဌာနစိတ်(Information Desk )တွင် အထောက်အထားကတ်ပြားတစ်ခုခုကိုပြ၍ စာရင်းသွင်းရမည်။ ဧည့်နိုင်ငံသား (သို့မဟုတ်) နိုင်ငံခြားသားဖြစ်ပါက နိုင်ငံကူးလက်မှတ်၊ ဧည့်နိုင်ငံသားလက်မှတ်ပြ၍ စာရင်းသွင်းရမည်။ အသက် ၁၂ နှစ်အောက် ကလေးစာဖတ်သူများသည် အုပ်ထိန်းသူတစ်ဦးဦးနှင့်အတူ လာရောက်ဖတ်ရှုနိုင်မည်ဖြစ်သည်။



စာကြည့်တိုက်ဝန်ဆောင်မှုများအနေဖြင့် အထွေထွေစာဖတ်ခန်းတွင် လတ်တလော ခုနစ်နှစ်အတွင်း ထုတ်ဝေထားသော စာအုပ်များ၊ အင်္ဂလိပ်ဘာသာစာအုပ်များ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို စင်ဖွင့်စနစ်ဖြင့် ထားရှိကြောင်း သိရသည်။ စာဖတ်သူအနေဖြင့် ဖတ်ရှုလိုသော စာအုပ်များကို OPAC (Online Public Access)မှ လည်းကောင်း၊ စာအုပ်စင်တွင် ကိုယ်တိုင်ရှာဖွေ၍ လည်းကောင်း ရှာဖွေဖတ်ရှုခြင်း၊ ငှားရမ်းခြင်းများ ပြုလုပ်နိုင်သည်။

ရည်ညွှန်းစာဖတ်ခန်းတွင် မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာများဖြင့် ထုတ်ဝေထားသော ရည်ညွှန်းစာအုပ်များ၊ စာတမ်းများ၊ အစိုးရဌာနများမှ ထုတ်ဝေထားသော စာအုပ်များ၊ တိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေထားသော စာအုပ်များ၊ ကုလသမဂ္ဂနှင့် အာဆီယံနိုင်ငံများအကြောင်း ရေးသားထားသော စာအုပ်များကို စင်ဖွင့်စနစ်ဖြင့် ထားရှိသည်။

ရှားပါးစာအုပ်စာနယ်ဇင်းများနှင့် ပေ၊ ပုရပိုက်များကို ၁၉၄၈ ခုနှစ်နှင့် ယင်းနှစ်မတိုင်မီက မြန်မာနိုင်ငံတွင် ထုတ်ဝေခဲ့သော စာအုပ်များ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများနှင့် ဘားနာဒ်အခလွတ်စာကြည့်တိုက်မှ ရရှိသော ပေ၊ ပုရပိုက်၊ ကမ္ဗဝါများကို စင်ပိတ်စနစ်ဖြင့်ထားရှိ၍ စာဖတ်သူက ဖတ်လိုသည်များကို OPAC တွင်ရှာ၍ စာကြည့်တိုက်ဝန်ထမ်းထံတွင် တောင်းယူဖတ်ရှုနိုင်သည်။

Digital Library တွင် အမျိုးသားစာကြည့်တိုက်ရှိ စာပေပစ္စည်းများကို PDF Format ၊ ebook format နှင့် Online data base များ ရှာဖွေဖတ်ရှုနိုင်သည်။

ခေတ်မီသတင်းအချက်အလက် (Multimedia Service ) နည်းပညာအသုံးပြု၍ နိုင်ငံတကာမှ ထုတ်ဝေသော စွယ်စုံကျမ်းများ၊ စာပေနှင့် အင်္ဂလိပ်ဘာသာစကားဆိုင်ရာစာအုပ်များ စသည့်ပညာရပ်မျိုးစုံကို လေ့လာဖတ်ရှုနိုင်သည်။

ကလေးများ စာကြည့်တိုက်နှင့် ရင်းနှီးစေရန်နှင့် စာဖတ်ခြင်းအလေ့အကျင့် ပျိုးထောင်ပေးရန်ရည်ရွယ်၍ ကလေးစာကြည့်တိုက်ကို ထည့်သွင်းထားရှိသည်။

မသန်စွမ်းသူများအတွက် စာဖတ်ခန်းတွင် အမြင်အာရုံ၊ အကြားအာရုံချို့ယွင်းသူများအတွက် စာပေလေ့လာဖတ်ရှုနိုင်ရန်နှင့် အသံထွက်စာအုပ်များ နားထောင်နိုင်ရန် စီစဉ်ထားရှိသည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)သည် အမှတ် (၆၀၄/၆၀၈) ကုန်သည်လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား ပန်းဘဲတန်းမြို့နယ်တွင်တည်ရှိကာ ဝက်ဘ်ဆိုက်လိပ်စာဖြစ်သည့် www.nlm.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ကို နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ထားရှိပြီး တနင်္ဂနွေ၊ တနင်္လာနှင့် အစိုးရရုံးပိတ်ရက်များမှအပ အခမဲ့လာရောက်ဖတ်ရှုလေ့လာနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၂၅၄၃၇၄၆၉၄ နှင့် ၀၉-၄၃၀၆၅၂၆၆ တို့တွင် ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်း-ဝင်းဝင်းမော်**
**ဓာတ်ပုံ-ဇော်မင်းလတ်**



## ပညာရေးစုံညီပွဲတော် ကျင်းပ

**ရန်ကုန်  ဇန်နဝါရီ  ၁၀**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်မာမာအေးက အဖွင့်အမှာစကားပြောကြားပြီး Grade -3 မှ ကျောင်းသူလေးများက "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" သီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**ခင်မောင်ဝင်း (ကြေးမုံ)**

## ကန့်ဘလူမြို့ ကလေးစာပေပွဲတော်တွင် ခရိုင်ရဲတပ်ဖွဲ့က အသိပညာပေးမှုများ ပြုလုပ်

**ကန့်ဘလူ  ဇန်နဝါရီ  ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ကန့်ဘလူခရိုင်စီမံခန့်ခွဲမှုဌာနတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ စုစုပေါင်း ၂၀၀၀၀ ခန့် ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် ကန့်ဘလူခရိုင်ရဲတပ်ဖွဲ့က လူကုန်ကူးမှု၊ မူးယစ်ဆေးဝါး အသိပညာပေးမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးမှုများကိုလည်း ပြခန်းများဖြင့်ပြသထားခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပြခန်းလာသူများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**






## မူကြိုကလေးငယ်များနှင့် ပျော်ရွှင်စရာပြိုင်ပွဲများ ကျင်းပ

**လှိုင်းဘွဲ  ဇန်နဝါရီ  ၁၀**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် မူကြိုကလေးငယ်များ၏ ဘက်စုံစွမ်းရည်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ပျော်ရွှင်စရာပြိုင်ပွဲများကို ယနေ့ မွန်းလွဲ ၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကလေးငယ်များ၏စွမ်းရည်ကို မြှင့်တင်ခြင်း၊ ပြိုင်ပွဲများ၏ စည်းမျဉ်း၊ စည်းကမ်းများနှင့် ပြိုင်ပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မူကြိုကလေးငယ်များက ဘောလုံးလက်ဆင့်ကမ်းပြိုင်ပွဲ၊ ဘိုးရိန်းပစ်ပြိုင်ပွဲနှင့် ဥဇက်စမ်းပဟေဠိပြိုင်ပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

### ○ လက်ရှိချန်ပီယံမှ

လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် သွင်းယူသည့်ဂိုးဖြင့် အဖွင့်ပွဲတွင် အမှတ်ပြည့်ရခဲ့သော်လည်း အကောင်းဆုံးပုံစံရရန် ရုန်းကန်ခဲ့ရပြီး အဆုံးသတ်ဂိုးသွင်းမှုအပိုင်းတွင်လည်း အားနည်းနေသေးသောကြောင့် တစ်ဂိုးဖြင့်သာ ကျေနပ်ခဲ့ရသည်။ တန်းတက်အား/ကာသိပ္ပံအသင်းသည် အဖွင့်ပွဲတွင် ထူးထူးခြားခြားလုပ်ပြနိုင်ခြင်းမရှိဘဲ အသင်းကြီးရှမ်းယူနိုက်တက်နှင့်တွေ့ဆုံနေသောကြောင့် တိုက်စစ်ထက် ခံစစ်ကိုသာ ဦးစားပေးကစားခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ချာရတီဖလားပြိုင်ပွဲတွင် ရန်ကုန်အသင်းကို အနိုင်ရခဲ့သည့်လူစာရင်းမှ ဒေးဗစ်ဒန်းနေရာတွင် ဟိန်းဖြိုးဝင်းကိုသာ ပြောင်းလဲခဲ့ပြီး သီဟစည်သူ၊ ငြိမ်းချမ်း၊ မက်ဆီမင်၊ အဘူဘာကာ၊ ကိသ်မာတူနာတို့ဖြင့် ပွဲထွက်ခဲ့သည်။ အား/ကာသိပ္ပံအသင်းမှာမူ အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သော်လည်း MNL အတွေ့အကြုံမရှိသောကြောင့် ပြိုင်ဘက်တိုက်စစ်ကိုသာ ထိန်းချုပ်နိုင်ရန် အဓိကထားကြိုးပမ်းခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် တစ်ဖက်သတ်နီးပါး ဖိကစားနိုင်သော်လည်း ဂိုးရရန်ဖန်တီးပေးမှု၌ အားနည်းနေသည့်အပြင် တစ်ဦးချင်းကစားပုံများမှာလည်း လိုအပ်ချက်များနေသောကြောင့် ပထမပိုင်းတွင် ဂိုးမရဘဲ ဂိုးမရှိ သရေကျနေသည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ဂိုးရနိုင်သည့် အခွင့်အရေးများစွာရခဲ့သော်လည်း တစ်ဂိုးသာရခဲ့ပြီး ၆၂ မိနစ်တွင် တိုက်စစ်မှူး ကိသ်မာတူနာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ထောင့်ကန်ဘောမှတစ်ဆင့် ရဲမင်းသူ ခေါင်းတိုက်သွင်းရာ ဘားထိထွက်လာသည့် ဘောလုံးကို ကိသ်မာတူနာက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းသည် ဒုတိယပိုင်းတွင် ဂိုးပေါက်ခြိမ်းခြောက်မှုအချို့ ပြုလုပ်နိုင်သော်လည်း ချေပဂိုးရအောင် စွမ်းဆောင်နိုင်ခြင်းမရှိသောကြောင့် အဖွင့်ပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့သည်။

ပွဲစဉ် (၁) ဒုတိယနေ့ကို ဇန်နဝါရီ ၁၁ ရက် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ဖွဲကပင်အသင်းနှင့် ရတနာပုံအသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ကိုဇေ**

### ■ ၂၀၂၀ အာဆီယံ ယူ-၁၈ မှ

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံ ယူ - ၁၉ အမျိုးသမီးပြိုင်ပွဲကို ၂၀၁၄ ခုနှစ်က တစ်ကြိမ်သာကျင်းပခဲ့ဖူးပြီး ခြောက်နှစ်အကြာမှ တစ်ကျော့ပြန် ကျင်းပခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာရှပြိုင်ပွဲနှင့်ချိတ်ဆက်ကျင်းပမည်ဖြစ်သောကြောင့် ယူ-၁၈ နှင့် ယူ-၁၉ တစ်နှစ်ခြားစီ ပြောင်းလဲကျင်းပမည်ဖြစ်ကာ ၂၀၂၀ ပြည့်နှစ်တွင် ယူ-၁၈ ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။ ၂၀၂၀ အာဆီယံယူ-၁၈ အမျိုးသမီးပြိုင်ပွဲကို စက်တင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ကျင်းပမည့်ကာလနှင့် နေရာကို ပြန်လည်ထုတ်ပြန်မည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၁၈ အမျိုးသမီးအသင်း နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းကိုသာ ဆက်လက်တာဝန်ပေးထားပြီး ၂၀၁၉ ခုနှစ်က ဖွဲ့စည်းခဲ့သည့် ယူ-၁၉ အသင်းကို အခြေခံဖွဲ့စည်းမည်ဖြစ်သည်။ ယင်းအသင်းသည် အသက် ၁၉ နှစ်အောက်ဖြစ်သော်လည်း ကစားသမားအများစုမှာ ၁၆ နှစ်ဝန်းကျင်သာရှိသေးပြီး အသက်မမီသည့်ကစားသမားများကို ပြန်လည်စေလွှတ်ကာ အသက်မီသည့်ကစားသမားများဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။

မြန်မာယူ-၁၈ အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲများအတွက် မတ်လ နောက်ဆုံးပတ်တွင် စခန်းဝင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းတွင် ရွေးချယ်ထားသည့် ကစားသမားအများစုမှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုမည်ဖြစ်သောကြောင့် စခန်းဝင်လေ့ကျင့်နိုင်ခြင်းမရှိသေးဘဲ လေ့ကျင့်မှုမပြတ်စေရန်သာ တစ်ပတ်လျှင် ငါးကြိမ်လေ့ကျင့်လျက်ရှိသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အား မွေးနေ့ဆုတောင်းစကားပြောကြား

**ဝါရှင်တန် ဇန်နဝါရီ ၁၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အား မွေးနေ့ဆုတောင်းစကား ပြောကြားခဲ့ကြောင်း တောင်ကိုရီးယားအဆင့်မြင့်အရာရှိ တစ်ဦးက ပြောကြားသည်။

တောင်ကိုရီးယားအမျိုးသားလုံခြုံရေးဌာန ညွှန်ကြားရေးမှူး ချန်အိယောင်က ဝါရှင်တန်တွင် ထရမ့်နှင့် တွေ့ဆုံခဲ့ပြီး အပြန်ခရီးတွင် ဆိုးလ်မြို့၌ သတင်းထောက်များအား ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီ ၈ ရက်သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ မွေးနေ့ဖြစ်ကြောင်း ထရမ့်က မှတ်မိသဖြင့် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းထံမှတစ်ဆင့် မွေးနေ့ဆုတောင်းစကားပါးခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် အဆိုပါ မွေးနေ့ဆုတောင်းပါ အချက်အလက်များကို အသေးစိတ် ဖော်ပြခြင်းမရှိကြောင်း တောင်ကိုရီးယားအမျိုးသားလုံခြုံရေးဌာန ညွှန်ကြားရေးမှူး ချန်အိယောင်က ပြောကြားသည်။

ထရမ့်အနေဖြင့် ကင်နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာရင်းနှီးမှုကို တည်ဆောက်ခြင်းအားဖြင့် မြောက်ကိုရီးယားနှင့် နျူကလီးယားအရေး ပြန်လည်ဆွေးနွေးနိုင်ရန် ကြိုးစားနေသည်ဟု နိုင်ငံရေးစောင့်ကြည့်သူများက သုံးသပ်ကြသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**




## ယူကရိန်းလေယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး အီရန်နိုင်ငံအပေါ် သက်ာမကောင်းမှုများ မြင့်တက်

**အော့တဝါ ဇန်နဝါရီ ၁၀**

ဇန်နဝါရီ ၈ ရက်တွင် ယူကရိန်းခရီးသည်လေယာဉ် ပျက်ကျခဲ့ခြင်းနှင့်ပတ်သက်ပြီး အီရန်နိုင်ငံအပေါ် ကနေဒါ၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံများက သင်္ကာမကင်း ဖြစ်လျက်ရှိသည်။ အဆိုပါလေယာဉ်အား အီရန်နိုင်ငံက ဒုံးကျည်ဖြင့် ပစ်ချခဲ့ခြင်းဖြစ်သည်ဟု သံသယများ မြင့်တက်လျက်ရှိသော်လည်း စွပ်စွဲချက်များကို အီရန်နိုင်ငံက ငြင်းပယ်ခဲ့သည်။ ဇန်နဝါရီ ၈ ရက်က ခရီးသည် ၁၈၀ နီးပါး သယ်ဆောင်လာသော ယူကရိန်းလေကြောင်း UIA Airlines မှ ဘိုးရင်း ၇၃၇ ခရီးသည်တင်လေယာဉ်သည် တီဟီရန်မြို့လေဆိပ်မှ ထွက်ခွာလာပြီးနောက် မကြာမီအချိန်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။ လိုက်ပါစီးနင်းလာသူအားလုံး သေဆုံးခဲ့သည်။

အဆိုပါလေယာဉ်ပေါ်တွင် အီရန်နိုင်ငံသား ၈၂ ဦးနှင့် ကနေဒါနိုင်ငံသား ၆၃ ဦးတို့ လိုက်ပါစီးနင်းခဲ့ကြောင်းနှင့် ယူကရိန်း၊ ဆွီဒင်၊ အာဖဂန်နစ္စတန်၊ ဂျာမနီနှင့် ဗြိတိန်နိုင်ငံသားများလည်း ပါဝင်သည်ဟု ယူကရိန်းအစိုးရက ဆိုသည်။

ယူကရိန်းလေယာဉ်ပျက်ကျခြင်းသည် အီရန်နိုင်ငံ၏ ဒုံးကျည်ပစ်ခတ်မှုကြောင့် ဖြစ်သည်ဆိုသည့် သက်သေအထောက်အထားများရှိပါကြောင်း ကနေဒါနိုင်ငံဝန်ကြီးချုပ် ဂျက်စတင်ထရူးဒေါက ဇန်နဝါရီ ၉ ရက်တွင် ပြောကြားခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က အဆိုပါလေယာဉ်ကို အီရန်တပ်ဖွဲ့က မရည်ရွယ်ဘဲ ဒုံးကျည်ဖြင့် ပစ်ချခဲ့သည်ဆိုသော သတင်းအရင်းအမြစ်တစ်ခု ရှိပါကြောင်း သူ၏ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

လေယာဉ်ပျက်ကျမှုမှာ စက်ချွတ်ယွင်းမှုကြောင့် မဖြစ်နိုင်ပါကြောင်း သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

လေယာဉ်ပျံ မပေါက်ကွဲမီ အချိန်အနည်းငယ်တွင် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်နှစ်စင်း ကောင်းကင်ယံသို့ ပျံတက်လာသည်ကို အမေရိကန်ဂြိုဟ်တုများက ခြေရာခံထားမိခဲ့ကြောင်း အမေရိကန်အစိုးရအဖွဲ့ တာဝန်ရှိသူများက ဆိုသည်။ အီရန်၏ လေကြောင်းကာကွယ်ရေးစနစ်တစ်ခုက အဆိုပါလေယာဉ်ကို မတော်တဆမှားယွင်းကာ ပစ်ချခဲ့နိုင်ဖွယ်ရှိပါကြောင်း ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

ယူကရိန်းလေယာဉ်သည် အီရတ်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းကို အီရန်က ဒုံးကျည်နှင့် ပစ်ခတ်ခဲ့ပြီးနောက် လေးနာရီအကြာတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

ယူကရိန်းလေယာဉ်ပျက်ကျသည့်နေရာသည် နိုင်ငံတကာနှင့် ပြည်တွင်းလေကြောင်းလိုင်းများ အသုံးပြုသည့် လေကြောင်းဧရိယာရပ်ဝန်းတစ်ခုဖြစ်သည့်အတွက် ယင်းနေရာတွင် ဒုံးကျည်များ ပစ်ခတ်ခဲ့သည်ဆိုသည်မှာ လုံးဝ မဖြစ်နိုင်ပါကြောင်း အီရန်လေကြောင်းဆိုင်ရာ အဆင့်မြင့် အရာရှိတစ်ဦးက နိုင်ငံပိုင်ရုပ်သံလိုင်းတွင် ပြောကြားခဲ့သည်။

ဒုံးကျည်ဖြင့် ပစ်ခတ်ခြင်းခံရသည်ဆိုပါက လေယာဉ်မှာ အစိတ်စိတ်အမွှာမွှာ ကွဲထွက်သွားမည်ဖြစ်ကြောင်းနှင့် လေယာဉ်မီးစတင်လောင်ကျွမ်းသည့်အချိန်တွင် လေယာဉ်မှူးက လေဆိပ်သို့ ပြန်လည်မောင်းနှင်ရန် ကြိုးပမ်းခဲ့သည်ကို တွေ့ရှိရခြင်းကြောင့် ဒုံးကျည်ဖြင့် ပစ်ခတ်ခြင်းမှာ မဖြစ်နိုင်ပါကြောင်း ၎င်းက ဆိုသည်။

လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး အနောက်နိုင်ငံများက စုံစမ်းစစ်ဆေးမည်ဆိုပါက ကြည်ဖြူစွာလက်ခံဖိတ်ခေါ်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အောင်ကျော်ကျော်**



ကနေဒါနိုင်ငံဝန်ကြီးချုပ် ဂျက်စတင် ထရူးဒေါ

## ဆီးရီးယားအရှေ့ပိုင်း လေကြောင်းတိုက်ခိုက်မှု၌ ပြည်သူ့စစ်အဖွဲ့ဝင်ရှစ်ဦး သေဆုံး

**ဘေရွတ် ဇန်နဝါရီ ၁၀**

ဆီးရီးယားနိုင်ငံအရှေ့ပိုင်း၌ ညအချိန် လေကြောင်းတိုက်ခိုက်မှုတစ်ခုတွင် ဟာရှဒ် အယ်လ်-ရှားဘီ အီရတ်ပြည်သူ့စစ်အဖွဲ့ဝင်ရှစ်ဦး သေဆုံးခဲ့ကြောင်း စစ်ပွဲစောင့်ကြည့်သူအဖွဲ့က သောကြာနေ့က ပြောကြားသည်။ အမျိုးအမည်မသိ လေယာဉ်သည် အယ်လ်ဘူကာမယ်ဒေသရှိ မော်တော်ယာဉ်များနှင့် လက်နက်သိုလှောင်ရုံများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ ကြီးမားသည့် ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်ခဲ့ကြောင်း၊ အီရတ် ဟာရှဒ် တိုက်ခိုက်ရေးသမား အနည်းဆုံး ရှစ်ဦး သေဆုံးခဲ့ကြောင်း၊ အခြားသူများလည်း ဒဏ်ရာရရှိခဲ့ကြောင်း ဆီးရီးယားရှိ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ခေါင်းဆောင် ရာမီအက်ဘဒယ်ရာမန်က ပြောကြားသည်။

အေအက်ဖ်ပီက ဆက်သွယ်ခဲ့သည့် ပြောရေးဆိုခွင့်ရှိ ပုဂ္ဂိုလ်တစ်ဦးမှတစ်ဆင့် ဆီးရီးယားနှင့် အီရတ်တွင် လှုပ်ရှားနေသည့် အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့က ယင်းတိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့ခြင်းမရှိဟု ငြင်းဆိုသည်။ အီရန်နိုင်ငံကို သစ္စာခံသည့် လက်နက်ကိုင်အဖွဲ့များကို လက်ခံထားသည်ဟု သိရသည့် အယ်လ်ဘူကာမယ် ဒေသရှိ ကျေးရွာသုံးရွာသည် ဗုဒ္ဓဟူးနေ့မှစ၍ ဒရုန်းယာဉ်များဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခြင်းခံရကြောင်း၊ အသေအပျောက်မရှိခဲ့ကြောင်း အက်ဘဒယ်ရာမန်က ပြောကြားသည်။

လူသေဆုံးမှုရှိခဲ့သည့် ယခုတိုက်ခိုက်မှုသည် အမေရိကန်နှင့် အီရန်တို့အကြား တင်းမာမှုများ မြင့်တက်လာသည့် အခြေအနေတွင် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်နှောင်းပိုင်းက အီရတ်နိုင်ငံရှိ အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုတွင် အီရန်နှင့် အနီးစပ်ဆုံးအဖွဲ့များထဲမှ တစ်ဖွဲ့ဖြစ်သည်ဟု ယူဆကြသည့် ကာတက် ဟဇ်ဘိုလာ ပြည်သူ့စစ်အဖွဲ့မှ ဟာရှဒ် လက်နက်ကိုင်တိုက်ခိုက်ရေးသမား ၂၅ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**

## တူရကီငါးဖမ်းသင်္ဘောနှင့် ရုရှားရေနံတင်သင်္ဘောတိုက်မိ၍ တူရကီသင်္ဘောနစ်မြုပ်

**အစ္စတန်ဘူလ် ဇန်နဝါရီ ၁၀**

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၏ မြောက်ဘက်ကမ်းလွန်ပင်လယ်တွင် တူရကီငါးဖမ်းသင်္ဘောတစ်စင်းနှင့် ရုရှားရေနံတင် သင်္ဘောတစ်စင်းတို့ တိုက်မိခဲ့ရာ လူသုံးဦးပျောက်ဆုံးနေကြောင်း တူရကီကမ်းစောင့်တပ်ဖွဲ့က ပြောကြားသည်။

တူရကီငါးဖမ်းသင်္ဘောနှင့် ရုရှားရေနံတင်သင်္ဘော တိုက်မိမှုဖြစ်ပွားခဲ့ပြီးနောက် တူရကီသင်္ဘောသည် ရေထဲနစ်မြုပ်သွားကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

သင်္ဘောတိုက်မှုဖြစ်ပွားခဲ့ပြီးနောက် တာဝန်ရှိသူများက လူသုံးဦးကို အောင်မြင်စွာ ကယ်တင်နိုင်ခဲ့သော်လည်း ကျန်သုံးဦး ပျောက်ဆုံးနေသောကြောင့် ကူညီရှာဖွေမှုလုပ်ငန်းများကို အခင်းဖြစ်ပွားသည့် နေရာအနီးဝန်းကျင်တွင် အရှိန်မြှင့် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ရုရှား၏ GLARD-2 အမျိုးအစား ရေနံတင်သင်္ဘောသည် ရုရှားနိုင်ငံမှ တူရကီနိုင်ငံ အစ်ဇ်မီမြို့ရှိ အေဂျီယန်ကမ်းရိုးတန်းသို့ ဦးတည်ထွက်ခွာနေစဉ် တူရကီငါးဖမ်းသင်္ဘောနှင့် ယခုကဲ့သို့ တိုက်မိခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်မှုနှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း တူရကီကမ်းခြေစောင့်တပ်ဖွဲ့က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

**ကိုးကား - အေအက်ဖ်ပီ**

**ဘာသာပြန် - ဂျေတီ**

## အင်ဂိုလာနိုင်ငံတစ်ဝန်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၄၁ ဦး သေဆုံးပြီး အပျက်အစီးများဖြစ်ပေါ်

**လူအန်ဒါ ဇန်နဝါရီ ၁၀**

ယခုရက်သတ္တပတ် အစောပိုင်းကတည်းက အင်ဂိုလာနိုင်ငံတစ်ဝန်း၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုများကြောင့် လူ ၄၁ ဦး သေဆုံးခဲ့ပြီး နေရာဒေသအနှံ့အပြားတွင် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း အင်ဂိုလာပြည်ထဲရေးဝန်ကြီး ဆီဆာလာဘိုရီခါက ဇန်နဝါရီ ၉ ရက်တွင် မြို့တော် လူအန်ဒါ၌ ပြောကြားခဲ့သည်။

အင်ဂိုလာနိုင်ငံသည် မကြာသေးမီရက်များအတွင်းက မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် တွေ့ကြုံခဲ့ရကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပြီး အခြေခံအဆောက်အဦများနှင့် သီးနှံစိုက်ခင်းများ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကာ ပြည်သူအများ အသက်ဆုံးရှုံးခဲ့ရကြောင်း အင်ဂိုလာ ပြည်ထဲရေးဝန်ကြီးက အမျိုးသားအရပ်ဘက်ကာကွယ်ရေးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးအပြီးတွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် သတင်းဌာနများသို့ မှတ်ချက်ပြုပြောကြားခဲ့သည်။



မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ပြီး သောက်သုံးရေဖြန့်ဝေပေးသည့်စနစ်များနှင့် လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်ခဲ့သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေခဲ့ကြောင်း အင်ဂိုလာ ပြည်ထဲရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

မြို့တော် လူအန်ဒါ၊ ဘေအီ၊ ဘန်ဂွဲလာ၊ ဟွမ်ဘို၊ ကွမ်ဇာနိုတီ၊ ကွမ်ဇာဆူးလ်၊ လူအန်ဒါဆူးလ်နှင့် ဇိုင်ယာပြည်နယ်များ၌ ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများ နေရာအနှံ့အပြားတွင် ဖြစ်ပွားခဲ့သည်ဟု အင်ဂိုလာ ပြည်ထဲရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

အင်ဂိုလာ နိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် လူနေအိမ် အလုံး ၃၇၀ ပျက်စီးကာ နေအိမ် ၉၇၅ အိမ် ရေလွှမ်းခဲ့ပြီး ဘုရားရှိခိုးကျောင်း ၁၂ ကျောင်းနှင့် တံတားလေးစင်းတို့ ပျက်စီးခဲ့ရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ဇော်ဝင်း**

# ထိုင်းနိုင်ငံ၌ လက်နက်ကိုင်တိုက်ခိုက်လုယက်မှုဖြစ်ပွား၊ သုံးဦးသေဆုံး

**ဘန်ကောက် ဇန်နဝါရီ ၁၀**

ထိုင်းနိုင်ငံရှိ ရတနာဆိုင်တစ်ဆိုင်တွင် မျက်နှာဖုံးတပ်ထားသည့် လက်နက်ကိုင်တစ်ဦးက လုယက်တိုက်ခိုက်ရာ နှစ်နှစ်အရွယ် ယောကျ်ားလေးတစ်ဦးအပါအဝင် သုံးဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အခြားသေဆုံးသူများမှာ အရောင်းဝန်ထမ်းတစ်ဦးနှင့် လုံခြုံရေး အစောင့်တစ်ဦးတို့ ဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က အေအက်ဖ်ပီ သတင်းဌာနသို့ ပြောသည်။

လော့ဘူရီပြည်နယ် အလယ်ပိုင်းဒေသတွင် ကြာသပတေးနေ့ညပိုင်းက အဆိုပါ လုယက်တိုက်ခိုက်သူက ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်ပြီးနောက် ထိုင်းဘတ်ငါးသိန်း (အမေရိကန်ဒေါ်လာ ၁၆၅၀၀) တန်ဖိုးရှိ ရတနာပစ္စည်းများကို ယူဆောင်၍ ထွက်ပြေးသွားသည်။ ယင်းပစ်ခတ်မှုတွင် အခြားလူလေးဦးလည်း ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိခဲ့သည်။



တုန်လှုပ်ဖွယ်ရာ စီစီတီဗွီ မှတ်တမ်းတွင် ယင်းလုယက်တိုက်ခိုက်သူသည် ရတနာဆိုင်အတွင်းသို့ ဒေါသတကြီး ဝင်ရောက်လာပုံ၊ သေနတ်ဖြင့် ပစ်ခတ်ပြီးနောက် ရတနာပစ္စည်းကောင်တာပေါ်သို့ ခုန်တက်သွားပုံ၊ သေနတ်ဖြင့် ပစ်ခတ်ခံရသူများ နာကျင်စွာဖြင့် ကြမ်းပြင်ပေါ်တွင် လူးလွန့်နေပုံတို့ကို မြင်ရသည်။

လူသေဆုံးခဲ့သည့် ယင်းတိုက်ခိုက်လုယက်မှုသည် တစ်မိနစ်ခန့်သာ ကြာမြင့်ခဲ့ကြောင်း၊ ယင်းလက်နက်ကိုင် တိုက်ခိုက်လုယက်သူသည် ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားကြောင်း၊ ဒုတိယရဲမှူးကြီး ဆူမတ်ပန်ဆရီက ပြောကြားသည်။ ၎င်းလက်နက်ကိုင်လုယက်သူကို ဖမ်းဆီးနိုင်ရန်အတွက် သတင်းပေးပါက ဘတ်ငွေ တစ်သိန်း ချီးမြှင့်မည်ဟု အာဏာပိုင်များက ပြောကြားသည်။ ထိုင်းနိုင်ငံတွင် လက်နက်ကိုင်ဆောင်မှုနှုန်း မြင့်မားကြောင်း သိရသည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – အောင်ဇော်လင်း**

# ကားလို့စ်ဂိုဆင်၏ ဇနီးသည်ကိုဖမ်းဆီးရန် ဂျပန်က အင်တာပိုထံ အကူအညီတောင်း

**တိုကျို ဇန်နဝါရီ ၁၀**

နစ်ဆန်းမော်တော်ကားကုမ္ပဏီ ဥက္ကဋ္ဌဟောင်း ကားလို့စ်ဂိုဆင်၏ ဇနီးသည်ကို ဖမ်းဆီးရေးတွင် ပူးပေါင်းဆောင်ရွက်ရန် ဂျပန်စုံစမ်းစစ်ဆေးရေးမှူးများက နိုင်ငံတကာရဲတပ်ဖွဲ့ အင်တာပိုထံ အကူအညီတောင်းခံခဲ့သည်။

ဘဏ္ဍာရေးဆိုင်ရာ ပြဿနာများနှင့်ပတ်သက်၍ ဂျပန်နိုင်ငံ၌ ကားလို့စ်ဂိုဆင်ကို စွဲချက်တင်ခဲ့သည်။ ၎င်းသည် အာမခံဖြင့်နေထိုင်ခဲ့ပြီး ပြီးခဲ့သည့်နှစ်နှောင်းပိုင်းက ဂျပန်နိုင်ငံမှ လက်ဘနွန်နိုင်ငံသို့ တရားမဝင် ထွက်ခွာသွားခဲ့သည်။ ဇန်နဝါရီ ၇ ရက်တွင် အစိုးရရှေ့နေများက မုသားသက်သေခံခြင်း သံသယဖြင့် ဖမ်းဆီးရန် ကားလို့စ်ဂိုဆင်၏ဇနီး ကာရိုးလ်ဂိုဆင်အတွက် ဖမ်းဝရမ်းတစ်ခု ရရှိခဲ့သည်။ ကာရိုးလ်သည် ခင်ပွန်းဖြစ်သူ၏ အမှုနှင့်စပ်လျဉ်းသည့် အထောက်အထားများကို ဖျက်ဆီးခဲ့သည်ဟု ဂျပန်စုံစမ်းစစ်ဆေးရေးမှူးများက သံသယရှိနေကြသည်။

ကားလို့စ်ဂိုဆင်၏ ဇနီးသည်အတွက် ဆင့်ခေါ်စာတစ်စောင်ထုတ်ပေးရန် တိုကျိုမြို့တော်ရှိ အစိုးရရှေ့နေများက အင်တာပိုထံ တောင်းဆိုခဲ့သည်။ ကားလို့စ်ဂိုဆင်မှာ လက်ရှိအချိန်တွင် လက်ဘနွန်နိုင်ငံ၌ရှိနေပြီး ဂျပန်အစိုးရရှေ့နေများက သူ၏လှုပ်ရှားမှုများကို ကန့်သတ်ထားရန် ရည်ရွယ်သည်။ ထို့ပြင် ကားလို့စ်ဂိုဆင် အသုံးပြုခဲ့သော လက်တော့ပ်တစ်လုံးကို သိမ်းဆည်းရန် အစိုးရရှေ့နေများက ဇန်နဝါရီ ၈ ရက်တွင် တရားရုံး၏ တရားဝင်အမိန့်တစ်ရပ် ကြိုးပမ်းခဲ့သည်။ သို့သော်လည်း ကားလို့စ်ဂိုဆင်၏ ရှေ့နေများက လက်တော့ပ်ကို အစိုးရရှေ့နေများထံတင်သွင်းရန် ငြင်းဆိုခဲ့သည်။

အမှုသည်၏အတွင်းရေးကို အကာအကွယ်ပေးနိုင်ရန် ယင်းကဲ့သို့ လက်တော့ပ်သိမ်းယူမှုကို ငြင်းဆန်ရန် တရားခံ၏ရှေ့နေများကို တရားဝင်ခွင့်ပြုထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – ကျော်ထိုက်စိုး**

# ဂျပန်ဝန်ကြီးချုပ် အရှေ့အလယ်ပိုင်းဒေသသို့ ငါးရက်ကြာ သွားရောက်မည်

**တိုကျို ဇန်နဝါရီ ၁၀**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဇန်နဝါရီ ၁၁ ရက်မှစ၍ ငါးရက်ကြာခရီးအဖြစ် အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း ဂျပန်အစိုးရက ယနေ့ပြောကြားသည်။

ဂျပန်အစိုးရက သတင်းအချက်အလက်စုဆောင်းရေး တာဝန်ဖြင့် ဖျက်သင်္ဘောတစ်စင်းနှင့် ကင်းလှည့်လေယာဉ်များကို အရှေ့အလယ်ပိုင်းဒေသသို့စေလွှတ်ရန် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ကို ညွှန်ကြားခဲ့ပြီးနောက် အာဘေးအနေဖြင့် ၎င်း၏အရှေ့အလယ်ပိုင်းခရီးစဉ်ကို ဇန်နဝါရီ ၁၁ ရက်မှ စတင်မည်ဖြစ်သည်။

အာဘေးသည် အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား တင်းမာမှုများ အရှိန်မြင့်မားနေသည့်ကြားက ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် အထောက်အကူပြုရန် ရည်ရွယ်လျက် ဆော်ဒီအာရေဗျ၊ ယူအေအီးနှင့် အိုမန်နိုင်ငံတို့သို့ သွားရောက်လည်ပတ်မည်ဖြစ်ပြီး အဆိုပါနိုင်ငံများမှ ခေါင်းဆောင်တို့နှင့် တွေ့ဆုံဆွေးနွေးရန် ရည်ရွယ်ကြောင်း ဂျပန်အစိုးရအဖွဲ့အတွင်းရေးမှူး ယိုရှီဟီဒီဆူကာက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။



အာဘေးသည် ဒေသတွင်းတင်းမာမှုလျှော့ချရေးနှင့် အခြေအနေတည်ငြိမ်ရေးအတွက် အရေးပါသော အခန်းကဏ္ဍမှပါဝင်သော အဆိုပါသုံးနိုင်ငံမှ ခေါင်းဆောင်တို့နှင့် အတူ အမြင်ချင်းဖလှယ်ကြမည်ဖြစ်ကြောင်း ဂျပန်အစိုးရထိပ်တန်းပြောရေးဆိုခွင့်ရှိသူ ဆူဂါက ပြောကြားသည်။ အာဘေးသည် ရေနံသယ်ယူပို့ဆောင်မှု တည်ငြိမ်ရေးနှင့် သင်္ဘောသွားလာမှုလုံခြုံရေးအတွက် အဆိုပါသုံးနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလုပ်ဆောင်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသအတွင်း ထောက်လှမ်းရေးစွမ်းပကားတိုးမြှင့်ရေးအတွက် ဂျပန်အစိုးရက ရေတပ်နှင့် စစ်အင်အားများ စေလွှတ်မှုနှင့်ပတ်သက်၍ အာဘေးအနေဖြင့် အဆိုပါသုံးနိုင်ငံမှခေါင်းဆောင်များကို ရှင်းလင်းပြောကြားလိမ့်မည်ဟု မျှော်လင့်သည်။ ဂျပန်အစိုးရသည် ၎င်း၏စစ်ဆင်ရေးအတွက် အိုမန်ပင်လယ်ကွေ့နှင့် အာရေဗျပင်လယ် အစိတ်အပိုင်းဒေသများသို့ တပ်ဖွဲ့စေလွှတ်ရေး အမိန့်စာကို ဇန်နဝါရီ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အရှေ့အလယ်ပိုင်းဒေသအတွင်း ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်၏ စစ်ဆင်ရေးသက်တမ်းမှာ တစ်နှစ်ဖြစ်သော်လည်း အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ယင်းသက်တမ်းကို ထပ်တိုးနိုင်သည်။

ဂျပန်နိုင်ငံသည် ရေနံစိမ်းတင်သွင်းရေးအတွက် အရှေ့အလယ်ပိုင်းဒေသကို အားကိုးအားထားပြုလျက်ရှိရာ အရှေ့အလယ်ပိုင်းဒေသကို ဖြတ်သန်းသည့် ဂျပန်ကုန်သွယ်ရေးသင်္ဘောများ၏ လုံခြုံရေးအတွက် ဂျပန်တပ်ဖွဲ့ကို အရှေ့အလယ်ပိုင်းဒေသသို့ စေလွှတ်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် အီရန်နှစ်နိုင်ငံစလုံးနှင့် ကောင်းမွန်သောဆက်ဆံရေးရှိသည့် နိုင်ငံဖြစ်ရာ မကြာသေးမီ သီတင်းပတ်များက အမေရိကန်နှင့် အီရန်အကြား ဖြစ်ပွားသောဖြစ်ရပ်များနှင့်ပတ်သက်၍ ခက်ခဲသောအနေအထားတွင် ရှိနေခဲ့သည်။

ပြီးခဲ့သည့်သီတင်းပတ်က အမေရိကန်၏လေကြောင်းတိုက်ခိုက်မှုတွင် အီရန်ထိပ်တန်းတပ်မှူး ဆိုလန်းမန်းနီ သေဆုံးခဲ့ပြီးနောက် အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှု အရှိန်မြင့်မားလာခဲ့ပြီး စစ်ပွဲဖြစ်ပွားမည်ဟု စိုးရိမ်စိတ်များ ဖြစ်ပွားစေခဲ့သည်။

**ကိုးကား – ကျိုဒို၊ ဘာသာပြန် – ဂျေတီ**

# ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်နယ်မြေ၌ သစ်ပင်ပေါင်းတစ်သန်း ပီရူးနိုင်ငံ စိုက်ပျိုးမည်

**လီမာ ဇန်နဝါရီ ၁၀**

ပီရူးသမ္မတ မာတင်ဗက်ဇ်ကာရာသည် ယမန်နေ့က မြေပြိုကျမှုများ၊ တောမီးလောင်မှုများမှ ကာကွယ်ပေးရန် မာချူပက်ချူ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ပြန်လည်စိမ်းစိုစေမည့် သစ်ပင်စိုက်ပျိုးရေး အစီအစဉ်တစ်ခုကို စတင်လိုက်ပြီဖြစ်သည်။

သမ္မတ ဗက်ဇ်ကာရာက ရင်သပ်ရှုမောဖွယ်ရာ အင်ကာခံတပ်မြို့တည်ရှိရာ အကျယ်အဝန်း ဟက်တာ ၃၅၀၀၀ ရှိသည့် အကာအကွယ်ပေးထားသော ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း သစ်ပင်ပေါင်း တစ်သန်းစိုက်ပျိုးရန် ကတိပြုခဲ့သည်။ စိုက်ပျိုးရေး၊ တည်းခိုနေထိုင်ရေးနှင့် ဘာသာရေးဆိုင်ရာ အခမ်းအနားများပါဝင်သည့် မာချူပက်ချူ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာ ၁၆ ရာစုအတွင်း စပိန်နိုင်ငံ၏ တိုက်ခိုက်မှုမခံရမီ နှစ်ပေါင်း ၁၀၀ ကြာ တောင်အမေရိကတိုက် အနောက်ပိုင်းကို အုပ်ချုပ်ခဲ့သည့် အင်ကာအင်ပါယာ၏ အံ့ချီးဖွယ် အကောင်းဆုံးနယ်မြေဖြစ်သည်။ သစ်ပင်တစ်သန်း စိုက်ပျိုးရေးရည်မှန်းချက်မှာ ကမ္ဘာ့အံ့ချီးဖွယ် မာချူပက်ချူနယ်မြေကို ကာကွယ်လိုသည့် အစိုးရနှင့် ပြည်သူများ၏ ကတိကဝတ်တစ်ခုဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သစ်ပင်စိုက်ပျိုးမှုမှာ အဆိုပါဒေသကိုသာမက ဒေသရင်းတိရိစ္ဆာန်များနှင့် အပင်များကိုလည်း ကာကွယ်ပေးရန်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ကျွမ်းကျင်သူများက ပြောကြားသည်။ ဆောင်းရာသီတွင် မိုးသည်းထန်မှုနှင့် နွေရာသီတွင် တောမီးလောင်မှုတို့ကြောင့် မာချူပက်ချူ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာ မြေပြိုမှုအန္တရာယ်များ ကြုံတွေ့နေရသည်။ ယခုကဲ့သို့ သစ်ပင်များ စိုက်ပျိုးသည့် အစီအစဉ်မှာ ပီရူးနိုင်ငံ၏ အကျော်ကြားဆုံး ခရီးသွားနယ်မြေကို ကာကွယ်ရန် ရှစ်လအတွင်း ဒုတိယအကြိမ် ဆောင်ရွက်ခြင်းဖြစ်သည်။ ကွီချူအာဘာသာစကားဖြင့် "သက်တမ်းရင့်သောတောင်" ဟု အဓိပ္ပာယ်ရသည့် မာချူပက်ချူနယ်မြေမှာ စိမ်းလန်းစိုပြည်သော တောင်တစ်လုံး၏ ထိပ်တွင်တည်ရှိပြီး အင်ကာဧကရာဇ် ပါချာကူတီ (၁၄၃၈–၁၄၇၁)အုပ်စိုးသည့်ကာလအတွင်း တည်ဆောက်ခဲ့သည်။

မာချူပက်ချူနယ်မြေမှာ ပီရူးနိုင်ငံ အရှေ့တောင်ပိုင်းမှ ရှေးဟောင်းအင်ကာမြို့တော်ဖြစ်သည့် ကပ်စ်ကိုမြို့မှ ကီလိုမီတာ ၁၀၀ ဝန်းကျင် (မိုင် ၆၀)၌ တည်ရှိသည်။ အဆိုပါနယ်မြေကို ၁၉၁၁ ခုနှစ်တွင် အမေရိကန်စူးစမ်းလေ့လာသူ ဟိုင်ရမ်ဘင်ဂမ်က ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် ယူနက်စကိုက ကမ္ဘာ့အမွေအနှစ်နယ်မြေတစ်ခုအဖြစ် ကြေညာခဲ့သည်။

**ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် – ကျော်ထိုက်စိုး**



# ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (CMRS) ဖြင့် သတင်းပေးပို့ချက်အရ ဇန်နဝါရီ ၆ ရက်မှ ၇ ရက်အထိ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်များ ရှာဖွေသိမ်းဆည်းလျက်ရှိသည်။

ထိုသို့သိမ်းဆည်းရာတွင် ရေကြည်မြို့နယ်အတွင်း တရားမဝင် တောင်သရက်ခွဲသား ၁၃ ဒသမ ၉၉၅၆ တန်၊ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ဖုန်းသုန်းကြိုးဝိုင်းအတွင်းမှ တရားမဝင် ကျွန်းသစ် ၈ ဒသမ ၁၈ တန်၊ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဖြူးကွန်းကြိုးဝိုင်း အကွက်အမှတ်(၁၁)၊ (၂၉) နေရာမှ တရားမဝင် ပျဉ်းကတိုး/ကျွန်းခွဲသား ၇ ဒသမ ၆၀၃၂ တန်၊ ရခိုင်ပြည်နယ် အမ်းမြို့နယ် သစ်ပုတ်ပင်ဒိုင်ကျေးရွာ၏ မြောက်ဘက်(ဆူးပုတ်ကုန်းကျေးရွာ၏ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ) အမ်းချောင်းအတွင်း တရားမဝင် သင်ပုန်းခွဲသား ၅ ဒသမ ၂၈၈၀ တန်၊ မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းဘာ– မုတ္တမ ကျွဲခြံကျေးရွာချင်းဆက်လမ်း မိုင်တိုင်အမှတ်(၀/၁)နေရာ၌ အဖြူရောင် ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား ၅ ဒသမ ၁၅၄၄ တန်၊ မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် မင်းတုန်းရိုးမကြိုးဝိုင်း အကွက်အမှတ်(၉၊ ၁၀)အတွင်း တရားမဝင်ကျွန်းခွဲသား ၇ ဒသမ ၀၇၆၄ တန်တို့အား သိမ်းဆည်းရမိခဲ့သည်။



ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မန္တလေး-ပြင်ဦးလွင် (အတက်)ကားလမ်း (၁၆)မိုင်စစ်ဆေးရေးစခန်းတွင် ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသားဆိုဒ်စုံ ၁ ဒသမ ၁၉၁၂ တန်အား တရားခံတစ်ဦးနှင့်အတူ သိမ်းဆည်းရမိခဲ့ပြီး တရားခံအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း (နေပြည်တော်)**

# ကျောက်မဲ၊ လားရှိုး၊ မိုးကုတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၉ ရက် ညနေ ၆နာရီခန့်က ကျောက်မဲမြို့ အမှတ်(၉) ရပ်ကွက်အနီးတွင် စိုင်းလင်းဝမ်း(ခ)စိုင်းပွဲ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၆ ပြား၊ လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေပိုင်းက လားရှိုးမြို့နယ် ခါးသျှီကျေးရွာအုပ်စု မူဆယ်–မန္တလေးကားလမ်း၊ မိုင်တိုင်အမှတ်(၁၆၅/၅)အနီးတွင် ငွားတား(ခ) ယောရှု မောင်းနှင်ပြီး ကီးထွန်း လိုက်ပါလာသော ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၇၆ ကီလို၊ လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ထိုနေ့ ည ၈ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် ချောင်းကြီးကျေးရွာအုပ်စု ဆတ်အင်းပြန့်ကျေးရွာအနီးတွင် စိုးသူရ(ခ)ဖိုးပြဲ မောင်းနှင်ပြီး ပွဲအောင်(ခ)မြတ်ကိုကို လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၅ ပြား၊ ဘိန်းဖြူ သုည ဒသမ ၀၀၀၂ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

ငွားတား(ခ)ယောရှု၊ ကီးထွန်းတို့အားဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။



# ကျောက်တံခါးမြို့နယ်၌ ဆင်တစ်ကောင် စိတ်ရိုင်းဝင်ကာ ဆင်ဦးစီးနှစ်ဦးအား နင်းသတ်

**ကျောက်တံခါး ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အောင်မြင်(ခ)တောကျွဲအင်းနယ်မြေရဲစခန်းအပိုင် ကြာအင်းကုန်းကျေးရွာအုပ်စု အိုင်တုံကွန်း အကွက်အမှတ်(၁၃)ရှိ ဝန်ချောင်းအတွင်း ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီက ဆင်များရေချုနေစဉ် ဆင်တစ်ကောင်စိတ်ရိုင်းဝင်ကာ ဆင်ဦးစီးနှစ်ဦးအား နင်းသတ်မှုဖြစ်ပွားခဲ့သည်။

ဆင်ဦးစီးနှစ်ဦး ဆင်နင်းသတ်ခံရမှုဖြစ်ပွားကြောင်း သတင်းအရ ခေတ္တစခန်းမှူး ဒုရဲအုပ် ရီတင်နှင့်တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူး ဦးမောင်မြင့်တို့ အခင်းဖြစ်ပွားရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ဦးဝင်းလှိုင်(ဆင်ဦးစီး) ကြာအင်းကုန်းကျေးရွာ ကျောက်တံခါးမြို့နယ်နေသူအား လည်ပင်းပြတ်လုနီးပါးဒဏ်ရာတစ်ချက်၊ ဝမ်းဗိုက်ပွင့်ထွက်ဒဏ်ရာတစ်ချက်ဖြင့် ဝန်ချောင်းအတွင်းရှိတောင်ကမ်းပါးယံအနီးတွင် လည်းကောင်း၊ ဦးကျော်လင်း(ဆင်ဦးစီး) (လိပ်စာတူ)သည် သေဆုံးနေသူ ဦးဝင်းလှိုင်အနီး ၁၀ ပေခန့်အကွာရှိ ဝန်ချောင်းအတွင်းတွင် လည်းကောင်း အသီးသီးသေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး မေးမြန်းရာ သေဆုံးသူ ဦးဝင်းလှိုင်က "စောရွှေတိုး"အမည်ရှိ ဆင်အား လည်းကောင်း၊ ဦးကျော်လင်းက "မြင့်စိုးဦး"အမည်ရှိ ငါးနှစ်ခွဲခန့် ထီးစုံဆင်အား လည်းကောင်း ဝန်ချောင်းအတွင်း ရေချုနေစဉ် "စောရွှေတိုး"အမည်ရှိ ဆင်မှာ စိတ်ရိုင်းဝင်ကာ နင်းသတ်ခဲ့ကြောင်း ကြာအင်းကုန်းကျေးရွာအုပ်စု ကရင်တဲတိုက်နေထိုင်သူ စောဘီထူး၏ ပြောပြချက်အရ သိရသည်။

သေဆုံးသူဆင်ဦးစီးနှစ်ဦး၏ ရုပ်အလောင်းများအား အောင်မြင်မြို့ မေတ္တာရှင်လူမှုကူညီရေးအသင်းက အောင်မြင်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ကျောက်တံခါးမြို့နယ် ခေတ္တစခန်းမှူး ဒုရဲအုပ် ရီတင်က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ကလိန်အောင်မြို့၌ တရားမဝင် သစ်သားတုံး ၁၁ တုံး သိမ်းဆည်းရမိ

**ကလိန်အောင် ဇန်နဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ နတ်အိမ်တောင်သွားကားလမ်းအတွင်း နှစ်မိုင်ကျော်ခန့်တွင် ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက တရားမဝင် သစ်သားစကွဲယားတုံး ၁၁ တုံး သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်မြေခံတပ်ဖွဲ့က နယ်မြေရှင်းလင်းရေးဆောင်ရွက်နေစဉ် သစ်သားစကွဲယားတုံးများ စုပုံထားသည်ကို တွေ့ရှိရသဖြင့် ကလိန်အောင်နယ်မြေရဲစခန်းမှ ဒုရဲအုပ် ဖြိုးနိုင်နှင့်အဖွဲ့၊ ကလိန်အောင် သစ်တောဘိနယ်မှ တောခေါင်း ကမ်ခန့်မုန်နှင့်အဖွဲ့တို့ သွားရောက်စစ်ဆေးရာ ကလိန်အောင်မြို့ နတ်အိမ်တောင်သွားကားလမ်းအတွင်း နှစ်မိုင်ကျော်ခန့်တွင် ကဒွတ်သစ်သား စကွဲယားတုံး ၁၁ တုံး (၄ ဒသမ ၀၂ တန်)ခန့် ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။



**ကလိန်အောင်(ပြန်/ဆက်)**

# ကျောက်ကြီးမြို့နယ်၌ လက်လုပ်မိုင်းနင်းမိကာ ပေါက်ကွဲမှုကြောင့် တောင်ယာလုပ်ကိုင်သူတစ်ဦး ဒဏ်ရာရ

**ကျောက်ကြီး ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နှင့် မိုင် ၂၀ ကျော်ခန့်ဝေးသော မူသဲကျေးရွာအနီး၌ ဇန်နဝါရီ ၉ ရက် ညနေ ၅ နာရီခွဲခန့်က လက်လုပ်မိုင်းနင်းမိကာ ပေါက်ကွဲမှုကြောင့် တောင်ယာလုပ်ကိုင်သူတစ်ဦး ဒဏ်ရာများရရှိခဲ့သည်။

ဖြစ်စဉ်မှာ ခဲဒိုးအုပ်စု မူသဲကျေးရွာနေ မောင်လူအောင်သည် မူသဲကျေးရွာ တောင်ဘက်ရှိ မြွေပွေးကုန်း (ဒေသအခေါ်) တောင်ယာခင်းအဟောင်းဘက်သို့ ဟင်းသီးဟင်းရွက်ခူးရန် သွားရောက်ခဲ့ပြီး အပြန်တွင် လက်လုပ်မိုင်းနင်းမိကာ ဝဲခြေသလုံးရိုးကျိုး၊ ဝဲခြေချင်းဝတ်အဆစ်လည်၊ ဝဲခြေဖမိုးဖူးရောင်၊ ယာပေါင်ပေါက်ပြဲဒဏ်ရာနှင့် ဝဲခြေသလုံးပေါက်ပြဲဒဏ်ရာတို့ ရရှိခဲ့၍ ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

"အပစ်အခတ်ရပ်စဲရေးလုပ်ပြီးတဲ့ကာလဖြစ်ပေမယ့် ဒေသခံပြည်သူတွေအနေနဲ့ မိသားစုဝမ်းရေးအတွက် တောတောင်တွေကို မှီခိုလုပ်ကိုင်စားသောက်နေရချိန်မှာ ယခုလိုဖြစ်စဉ်မျိုး တွေ့ကြုံခံစားရတဲ့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ထိခိုက်မှုရှိလာမှာကို စိုးရိမ်နေပါတယ်"ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ကျောက်ကြီးမြို့နယ်အတွင်း ယခုအချိန်ထိ စစ်တမ်းများအရ မိုင်းအန္တရာယ်ကြောင့် ကိုယ်လက်အင်္ဂါ စွန့်လွှတ်လိုက်ရသူ ၃၀၀ ကျော်အထိရှိကြောင်း သိရသည်။

**ကိုသားကြီး( ကျောက်ကြီး)**

# ကျောက်တံခါးမြို့၌ ၂၂ ဘီးတွဲယာဉ်ပေါ်မှ မှန်ချပ်များ လမ်းမပေါ်သို့ ပြိုကျမှုဖြစ်

**ကျောက်တံခါး ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ရန်ကုန်-မန္တလေးကားလမ်းဟောင်း ကျောက်တံခါးမြို့တွင်း စာတိုက်ရပ်ကွက် လမ်းဦးစီးဌာနရုံးရှေ့၌ ဇန်နဝါရီ ၁၀ ရက် မွန်းတည့် ၁၂ နာရီခန့်က ၂၂ ဘီးတွဲယာဉ်ပေါ်မှ မှန်ချပ်များ လမ်းမပေါ်သို့ ပြိုကျကာ ကွဲကြေပျက်စီးခဲ့သည်။

မန္တလေးမှ ရန်ကုန်သို့ ယာဉ်မောင်း ကျော်မင်းထွန်း မောင်းနှင်သည့် ၂၂ဘီးတွဲယာဉ်သည် ရှေ့မှရပ်တန့်နေသော ယာဉ်တန်းနောက်သို့ရပ်ရန် အရှိန်လျှော့ဘရိတ်အုပ်မောင်းနှင်စဉ် ယာဉ်ပေါ်မှ မှန်ချပ်များ လမ်းမပေါ်သို့ ပြိုကျကာ မှန်ချပ်များကွဲကြေပျက်စီးခဲ့ပြီး ယာဉ်မောင်းမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့မရဲစခန်းမှ လမ်းကြောင်းပိတ်ဆို့မှု မရှိစေရေးအတွက်ဆောင်ရွက်လျက်ရှိပြီး လမ်းမပေါ်သို့ ကျရောက်နေသည့် မှန်ကွဲမှန်စများ ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



နေပြည်တော် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၉ ရက်က ဘုရားကုန်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် မြင့်စိုးက လူသတ်မှု၊ မုဒိမ်းမှုများလျော့နည်း ကျဆင်းရေး၊ မူးယစ်ဆေးဝါး အန္တရာယ်များအကြောင်း ပညာပေးဟောပြောစဉ်။

အောင်ကို

# ခင်ဦးမြို့နယ် မြင်းကျကျေးရွာ၌ လူသတ်မှုဖြစ်

**ခင်ဦး ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်၌ ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၉ ရက် နံနက် ၆ နာရီခန့်က ခင်ဦးမြို့နယ် မန်ကျည်အုပ်ကျေးရွာအုပ်စု မြင်းကျကျေးရွာနေ သန့်စင်စိုး(ခ) မော်တော်ကားက တစ်ရွာတည်းနေ ဦးမြင့်သိန်း၏ လယ်တောတဲသို့ ရောက်ရှိလာပြီး ပန်းကန်များ လာရောက်ရိုက်ခွဲနေသဖြင့် ဦးမြင့်သိန်းက သန့်စင်စိုး(ခ) မော်တော်ကားကို တုတ်ဖြင့်ရိုက်လိုက်ရာ ဦးခေါင်းနောက်စေ့ ကွဲအက်ဒဏ်ရာရရှိ၍ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကြောင်း သိရသည်။

ဦးမြင့်သိန်းမှာ ထွက်ပြေးတိမ်းရှောင်နေပြီး ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ဖမ်းမိခဲ့၍ ခင်ဦးမြို့မရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**



ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၄၈ ရပ်ကွက် ဗထူးလမ်း အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် ဇန်နဝါရီ ၉ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်း စခန်းမှူး ဒုရဲမှူး သက်နိုင်ဦးက မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ပညာပေး ဟောပြောဆွေးနွေးစဉ်။ ကြေးမုံ

# သထုံမြို့နယ်၌ နေအိမ်တစ်လုံး မီးလောင်

**သထုံ ဇန်နဝါရီ ၁၀**

မွန်ပြည်နယ် သထုံမြို့ ဝင်းစိန်ကျေးရွာသစ် ဂျိုင်းကျေးရွာ၌ ဇန်နဝါရီ ၁၀ ရက် မွန်းတည့် ၁၂ နာရီက နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးကျော်မြင့်၏ နေအိမ်မီးဖိုအတွင်းရှိ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး သထုံခရိုင် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်တစ်စီး၊ သထုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်ပြည်သူများက မီးငြိမ်းသတ်ပေးခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်မြင့်အား သထုံမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

# ရှေ့နေနှင့် နှစ်သစ်ရှေ့သို့

ဦးဟန်ညွန့် ( ဥပဒေ )

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရှေ့နေနှင့် နှစ်သစ်ရှေ့သို့ပါတဲ့"

"ဘာကို ဆိုလိုပါသလဲဆရာ"

"ဖတ်ကြည့်ကြစို့"

**နှစ်သစ်**

၂၀၁၉ ဖြတ်ကျော်ခဲ့ပြီ။ ၂၀၂၀ နှစ်သစ်ရောက်ပြီ။ ရှေ့သို့ ချီမည်။ နောက်ကို ပြန်မလှည့်။ ပြီးခဲ့ပြီးသော အတိတ်။ ကုန်ဆုံးပြီးသောအချိန်။ ပြန်ယူ၍မရ။ ပြန်လည်တမ်းတနေ၍မရ။ နောင်မှရသော နောင်တ။ ပြီးခဲ့သောကာလက ဘာအမှားတွေလုပ်ခဲ့သလဲ။ ထိုအမှားများ၏ သင်ခန်းစာကို ပြန်လည်သုံးသပ်။ ၂၀၂၀ မှာ ထပ်မမှားစေနှင့်။ စွဲမြဲ သတိရှိသင့်ပြီ။

**ရှေ့သို့**

ရှေ့သို့ချီမည်။ ဦးတည်သည့်ပန်းတိုင်။ မှောင်ပျပျ မသဲမကွဲလား။ ထင်ထင်ရှားရှားလား။ ပီပြင်ခံ့ညားမြင့်မားသည့် ပန်းတိုင်အရောက် လှမ်းကိုင်နိုင်မှဖြစ်မည်။ အချိန်တွေကုန်ခဲ့ပြီ။ ကုန်လှပြီ။ အချည်းနှီးမဖြစ်သင့်။ အစိတ်စိတ် အမြွှာမြွှာ မဖြစ်သင့်။ ညီညွတ်ရေးစိတ်ဓာတ် ကိန်းဝပ်ကြစို့။

**ရွေးကောက်ပွဲနှင့် ပြည်သူ့ကိုယ်စားလှယ်**

အများမျှော်သော ရွေးကောက်ပွဲ။ သဲသဲမဲမဲ အားပြိုင်ကြမည့် ရွေးကောက်ပွဲ။ တိုင်းကျိုးပြည်ကျိုး အမှန်သယ်ပိုးမည်။ ပြည်သူ့ကိုယ်စားလှယ်တွေ လိုအပ်ပါသည်။ ပြည်သူတွေကလည်း မညံ့ကြပါ။ မအကြပါ။ ခေတ်အဆက်ဆက် အတွေ့အကြုံတွေ ရခဲ့ပြီ။ ပြောတိုင်း မယုံကြတော့ပြီ။ အပြောနှင့်လက်တွေ့ မြင်တွေ့ဖူးလေပြီ။ ကိုယ်တွေ့ ကြုံဖူးပေပြီ။

မစားရဝခမန်း စကားကျွံ၍ လှည့်ဖြားခြင်းငှာ မစွမ်းသာပြီ။ မဖြစ်နိုင်သည်ကို ဖြစ်မည်။ မရနိုင်သည်ကို ပေးမည်။ မကျွေးနိုင်သည်ကို ကျွေးမည်။ အလိမ်အညာ မာယာစကားများ မပြောကြားသင့်။ မဟောကြားသင့်။ စကားအရာ အင်္ဂါ(၁၀)ပါး လေ့လာငြားအံ့။ ရှုပါ။

**စကားအရာ အင်္ဂါ(၁၀)ပါး**

| | | |
|---|---|---|
| (၁) | ကာလဝါဒီ | - ပြောချိန်ပြောခွင့်သင့်မှ ပြောဆိုခြင်း |
| (၂) | ဘူတဝါဒီ | - ဟုတ်မှန်သောစကားကိုသာ ပြောဆိုခြင်း |
| (၃) | ဓမ္မဝါဒီ | - တရားနှင့်စပ်သည်ကိုသာ ပြောဆိုခြင်း |
| (၄) | အတ္တဝါဒီ | - အကျိုးနှင့်စပ်သည်ကိုသာ ပြောဆိုခြင်း |
| (၅) | ပီယဝါဒီ | - ချစ်ဖွယ်သောစကားကိုသာ ပြောဆိုခြင်း |
| (၆) | မိဟိတပုဗ္ဗဘာဏီ | - ပြုံးရွှင်ခြင်းကို ရှေးဦးပြု၍ ပြောဆိုခြင်း |
| (၇) | မိတဘာဏီ | - မပိုမလွန် ချင့်ချိန်၍ ပြောဆိုခြင်း |
| (၈) | အတုရိတဝါဒီ | - အဆောတလျင် မပြောဆိုခြင်း |
| (၉) | ပေါရီ | - ပြည်ကြီးသူပြည်ကြီးသားတို့၏ ဓလေ့ထုံးစံသို့ လိုက်၍ ပြောဆိုခြင်း (မြို့ကြီးသူ မြို့ကြီးသားကို ဆိုလိုသည်) |
| (၁၀) | ဝိသဝါဒီ | - သန့်ရှင်းသေချာ အက္ခရာ ဌာန်ကရိုဏ်းကျအောင် ပြောဆိုခြင်း |

ဟူ၍ ကျမ်းဂန်များတွင်ပြဆိုသော စကားအရာ အင်္ဂါ (၁၀)ပါး အပြားပြားကို အများပြည်သူ လေ့လာသိရှိကြပါသည်။ ရွေးကောက်ပွဲဆင်နွှဲမည့် ကိုယ်စားလှယ်တော်ကြီးများ သတိထားဖို့လိုပါမည်။ လက်တွေ့ ကျင့်သုံးဖို့လိုပါမည်။

**သမိုင်း**

၁။ ၁၉၂၂ ခုနှစ်၊ ဒိုင်အာခီရွေးကောက်ပွဲ (၂၁.၁၁.၁၉၂၂)

၂။ ၁၉၂၅ ခုနှစ်၊ ဒိုင်အာခီရွေးကောက်ပွဲ (၁၇.၁၁.၁၉၂၅)

၃။ ၁၉၂၈ ခုနှစ်၊ ဒိုင်အာခီရွေးကောက်ပွဲ (၅.၁၁.၁၉၂၈)

၄။ ၁၉၃၂ ခုနှစ်၊ ဒိုင်အာခီရွေးကောက်ပွဲ (၉.၁၁.၁၉၃၂)

၅။ ၁၉၃၆ ခုနှစ်၊ ၉၁ ဌာန ရွေးကောက်ပွဲ (၉.၁၁.၁၉၃၆)

(က) ဒေါက်တာဘမော် ညွန့်ပေါင်းအစိုးရ (၁၉၃၆-၁၉၃၉)

(ခ) ဦးပု ညွန့်ပေါင်းအစိုးရ (၁၉၃၉- ၁၉၄၀)

(ဂ) ဦးစော ညွန့်ပေါင်းအစိုးရ (၁၉၄၀ -၁၉၄၂)

(ဃ) ဆာပေါ်ထွန်း ညွန့်ပေါင်းအစိုးရ (၁၉၄၂)

၆။ ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ (၉.၄.၁၉၄၇)

၇။ ၁၉၅၁-၅၂ ခုနှစ်ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ (ဇွန် ၁၉၅၁ ဧပြီ၊ ၁၉၅၂)

၈။ ၁၉၅၆ ခုနှစ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ (၂၇.၄.၁၉၅၆)

၉။ ၁၉၆၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ (၆.၂.၁၉၆၀)

၁၀။ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ (၂၇.၅.၁၉၉၀)

၁၁။ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ (၇.၁၁. ၂၀၁၀)

များ ကျင်းပခဲ့ကြောင်း (စာရေးဆရာတင်နိုင်တိုး၏ ခေတ်အဆက်ဆက်ရွေးကောက်ပွဲများ သမိုင်းစာအုပ်၊ နှစ်ကာလများ စာပေ၊ ၂၀၁၅၊ စက်တင်ဘာလ၊ စာ-၂၂၉)တွင် လေ့လာဖတ်ရှုရပါသည်။

**၂၀၁၂၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ**

၂၆.၁၁.၂၀၁၂ ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သော ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၉ တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်နှင့်စပ်လျဉ်း၍-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) နိုင်ငံတော်နှင့်စပ်လျဉ်းသော လျှို့ဝှက်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) လွှတ်တော်သို့ တင်သွင်းသော ဥပဒေကြမ်းများ၊ အဆိုများနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုသာ အဓိကထားခြင်း၊

(ဃ) နိုင်ငံသားများ၏ မူလအခွင့်အရေးများ ရရှိခံစားနိုင်ရေးကို ရှေးရှုဆောင်ရွက်ခြင်း၊

(င) မဲဆန္ဒနယ်မြေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင် ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံ ပြန်လည်ရှင်းလင်းတင်ပြခြင်း၊

(ဆ) မဲဆန္ဒရှင်များ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်း၊

(ဇ) လွှတ်တော်က ပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်းတို့ဖြစ်ပါသည်။

(စာ-၃၄၃)

**ကျင့်ဝတ်နှင့်စည်းကမ်းများ**

ဥပဒေပုဒ်မ ၁၁ တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်နှင့် စည်းကမ်းများမှာ-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို လိုက်နာစောင့်ထိန်းခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဤဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် ခြိမ်းခြောက်မှုတို့ကို ရှောင်ကြဉ်ခြင်း၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာနှင့် လျော်ညီစွာ ပြုမူပြောဆို ဆက်ဆံနေထိုင်ခြင်း၊

(င) လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊




(စ) လွှတ်တော်အစည်းအဝေးများတွင် သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

(စာ- ၃၄၅)

**ကိုယ့်ကိုယ်ကိုယ်ပြန်လည်သုံးသပ်ခြင်း**

မိမိကိုယ်ကိုယ် ပြန်လည်သုံးသပ်သင့်သည်။ ငါဘာမှားနေသလဲ။ ငါ့လုပ်ရပ်တွေအပေါ် ဘယ်နှကြိမ် ပြန်သုံးသပ်သလဲ။ ကိုယ်ထင်ရာကိုယ်လုပ်နေသလား။ ထင်ရာစိုင်းနေသလား။ သိသိနှင့် မိုက်မဲနေသလား။ ငါသာလျှင် အရှင်သခင်ဟု ဘဝင်သွေးကြွ မာနခေါင်ခိုက်နေသလား။ ငါ့ကို ဘယ်သူက ထောက်ခံတာလဲ။ အချိန်မရွေး ကန့်ကွက်နိုင်သည်ကို သိပါသလား။ ငါ့ကို ဘယ်သူရွေးကောက်တာလဲ။ ရွေးကောက်တဲ့ပြည်သူတွေနှင့်ဘယ်နှကြိမ်တွေ့သလဲ။ ပြည်သူ့ဆန္ဒခံယူရဲ့လား။ ငါတကော ကောနေမိသလား။ မိမိကျေးရွာ၊ ဒေသ၊ ပြည်သူ့အကျိုးကို မည်မျှထမ်းဆောင် သယ်ပိုးပြီးပြီလဲ။ ထမ်းဆောင်မှုများမှာရော ရိုးသားပါရဲ့လား။ မိမိကိုယ်မိမိ မှတ်ကျောက်အတင်ခံနိုင်ပြီလား။ လူထုကြားထဲမှာ ခေါင်းမော့နိုင်ရဲ့လား။ လူထုက လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြစ်တင်ဝေဖန်နိုင်ခြေရှိသလား။ မပြောဘဲငြိမ်နေခြင်းကို ငါမှန်၍ဟု အထင်လွဲနေသလား။ ပြောရဲဆိုရဲရှိအောင် ပွင့်လင်းမြင်သာအောင်ရော ကြံဆောင်ခဲ့သလား။ အကျင့်စာရိတ္တအရာတွင် စံပြဖြစ်ရဲ့လား။ "ကျွန်တော့်အပြစ်တွေ၊ ချွတ်ယွင်းအားနည်းချက်တွေ၊ ရပ်ရွာလူထုအပေါ် အလိုက်မသိမှုတွေအတွက် ရွေးကောက်ပြည်သူက မညှာမတာ ဝေဖန်ပြစ်တင်ပါ" ဟု ခံယူပြီးပြီလား။ ခံယူပြီးနောက် ပြုပြင်လိုက်နာမှုရော စံပြဖြစ်ပါသလား။ တကယ်လက်တွေ့ ပြုပြင်သလား။

**လိမ်ညာဟန်ဆောင်ခြင်း**

လိမ်ညာဟန်ဆောင်ခြင်းသည် ခဏတာမျှသာ။ ဇာတိရုပ်ကို ဖုံးအုပ်၍မရပါ။ ရိုးသားသော၊ အပြစ်ကင်းစင်သော၊ တည်ကြည်နူးလုံးလှသော၊ ဘက်စုံ အရည်အချင်းနှင့်ပြည့်စုံသော၊ ရေပက်မဝင်အောင် ဥပဒေနှင့်ညီညွတ်သော ပြည်သူ့ကိုယ်စားလှယ်တစ်ယောက်အဖြစ် ပြည်သူအပေါင်းက ချစ်ကြည်စွာ ကြိုဆိုကမ်းလင့်နေမည်မှာ အသေအချာပါ။

**နှစ်သစ်ရှေ့သို့**

၂၀၂၀ နှစ်သစ်မင်္ဂလာ ကြိုဆိုပါသည်။ ရှေ့သို့ပါ။ နောက်မဆုတ်ပါ။

ပြီးခဲ့ပြီးသားတွေ ပြီးပါစေတော့။ ကုန်ဆုံးခဲ့ပြီးသမျှ ပြန်မရနိုင်ပြီ။ အမှားများစွာအတွက်တော့ သင်ခန်းစာကျန်သည်။ အမှန်ကိုမြင်ပါ။ မမြင်လျှင် မိမိတာဝန်သာ မိမိယူဖို့သာ . . . . .။ သင်ခန်းစာ . . . . .။

**နိဂုံး**

(၁) နှစ်သစ်ရှေ့သို့ ချီပါလေ . . . . .။

(၂) အောင်ပွဲအထပ်ထပ် ရကြစေ . . . . .။ ။

❖ ❖ ❖

# တောင်ကြီးမြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၅၁) နှစ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၉ ရက် မွန်းတည့် ၁၂ နာရီက တောင်ကြီးမြို့၌ ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်းလမ်းမအတိုင်း မူလမင်းကွန်း ကျောင်းတိုက်အထိ ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့်ဇနီး ဒေါ်နန်းရွှေမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက မူလမင်းကွန်းကျောင်းတိုက်တွင် ဆရာတော်၊ သံဃာတော်ကြီးများအား ဆွမ်းဆန်စိမ်း၊ ဆေးဝါးများ၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူကြသည်။

မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် တောင်ကြီးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၉၉ ကျောင်းမှသံဃာတော် ၁၃၈၂ ပါး၊ သီလရှင်ကျောင်း ၁၀ ကျောင်းမှ သီလရှင်အပါး ၁၀၀ တို့အား ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ ဒေသခံပြည်သူများက ဆွမ်းဆန်စိမ်း၊ ဆေးဝါး၊ လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုးတို့ကို လောင်းလှူကြသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဘုန်းတော်ကြီးကျောင်း ၉၉ ကျောင်းအတွက် ဆန် ၇၅၂ အိတ်၊ သီလရှင်ကျောင်း ၁၀ ကျောင်းအတွက် ဆန် ၇၅ အိတ်၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းအတွက် ဆန်ငါးအိတ်၊ ဆွမ်းဆန်စိမ်းလောင်းလှူရေး ဦးစီးကော်မတီ ကြီးကြပ်မှုဖြင့် မဏ္ဍပ်များမှ လောင်းလှူသောဆန်အိတ် ၃၅၀ စုစုပေါင်း ဆန်အိတ် ၁၁၈၂ အိတ်နှင့် တန်ဖိုးသင့်လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ်၂၉၅၀၀၀၀၊ ဗိုလ်ချုပ်လမ်းတစ်လျှောက်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပရဟိတအသင်းအဖွဲ့များနှင့် မြို့သူမြို့သားများက ဆွမ်းဆန်စိမ်းလောင်းလှူသည့် ခန့်မှန်းတန်ဖိုးစုစုပေါင်း ကျပ်သိန်းနှစ်ထောင်ဖြစ်ပြီး (၅၁)နှစ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီး၏ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၂၂၉၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**





# နေပြည်တော်၌ မြေစာရင်းပုံစံ (၁၀၅) ပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၀**

နေပြည်တော် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက စာသင်ကျောင်းဆောင်သစ် ပန္နက်တင်အခမ်းအနား မြေစာရင်းပုံစံ(၁၀၅)ပေးအပ်ပွဲ ကျင်းပခဲ့သည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးတင်ထွန်း၊ ဦးအေးမောင်စိန်၊ ဦးညီထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကျောင်းအတွင်း၌ အသစ်ဆောက်လုပ်မည့် (ပေ ၁၄၀ x ပေ ၃၀) တိုးချဲ့နှစ်ထပ်ဆောင်အတွက် ပန္နက်တင်ပေးခဲ့ကြသည်။

ဆက်လက်၍ ကျွဲရှင်းကျေးရွာ(အလက) စာသင်ကျောင်းမြေနေရာအတွက် ပြန်လည်စွန့်လွှတ်မြေအား မြေစာရင်းပုံစံ(၁၀၅)ပေးအပ်ပွဲနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲပြုလုပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဘဝအတွက် ပညာရေးသည် အရေးကြီးပါသဖြင့် မိဘများအနေဖြင့်လည်း မိမိတို့၏ သားသမီးများကို ကျောင်းသို့စေလွှတ်ပေးစေလိုကြောင်း၊ ဆရာ ဆရာမများ၊ မိဘများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများကို မူးယစ်ဆေးဝါး မသုံးစွဲမိစေရန် ပူးပေါင်း၍ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များကို အစိုးရနှင့် ပြည်သူအကြား ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိရာ လူနေမှုဘဝမြင့်တင်စေရန်အတွက် ပြည်သူများအနေဖြင့်လည်း ပူးပေါင်းပါဝင်ကြရန် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများ၏ တင်ပြမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**အောင်ကို**
**(ပြန်/ဆက်)**



# မိုင်းဖြတ်၌ ကျေးရွာ ငါးရွာအား ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ပေးမည်

**မိုင်းဖြတ် ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင်၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာငါးရွာကို ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆောင်ရွက်ခွင့်ရရှိသည့် ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ ကုမ္ပဏီများမှ မန်နေဂျင်းဒါရိုက်တာများ၊ တာဝန်ရှိသူများက ဆောင်ရွက်ခွင့်ရရှိသည့် ကျေးရွာနှင့် ကုမ္ပဏီအမည်များကို မိတ်ဆက်သည်။ ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်က ရေရရှိရေးလုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့မြို့နယ်အတွင်း ကျေးရွာအချို့မှာ သောက်သုံးရေရရှိရသည့်အတွက် များစွာဝမ်းသာပါကြောင်း၊ ကျေးရွာများတွင် ရေရရှိဖို့အတွက် အထောက်အကူပြုမည့် ကုမ္ပဏီများဖြစ်စေရန် မျှော်လင့်ပါကြောင်းနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးကောင်းအောင်ဆောင်ရွက်ပြီး ကျေးရွာနှင့် ကုမ္ပဏီနှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်နိုင်၊ တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းတို့က ရေပေးဝေရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ ကုမ္ပဏီမှ တာဝန်ရှိသူများအား ရှင်းလင်းမှာကြားသည်။

အဆိုပါ ရေပေးဝေရေးလုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဟိုနမ့်ထိုက်ကျေးရွာ၊ တာမကျေးရွာ၊ ခတ်တန်ကျေးရွာ၊ နမ့်ဝိုးထောင်ကျေးရွာနှင့် ကချင်စံပြကျေးရွာတို့တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

## ရှားပါးစာအုပ် / စာပေများကို ဒစ်ဂျစ်တယ်စနစ် ပြောင်းလဲကာ ဝန်ဆောင်မှုပေး

**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာ့သမိုင်းဝင်အထောက်အထားများနှင့် ရှားပါးစာအုပ်စာပေများအား ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲထိန်းသိမ်းရေးကို လက်ရှိတွင် ဆောင်ရွက်လျက်ရှိပြီး ယင်းစနစ်သည် အများပြည်သူဖတ်ရှုလေ့လာရာတွင် ပိုမိုလွယ်ကူစေမည်ဖြစ်ကြောင်း သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန သုတေသနစာကြည့်တိုက်မှ သိရသည်။

"ခေတ်အဆက်ဆက်စာအုပ်စာပေတွေကို ရေရှည်တည်တံ့ ထိန်းသိမ်းနိုင်ဖို့ ဒီလိုရှားပါးစာပေတွေ၊ ကျောက်စာတွေ၊ ကျောက်စာမင်ဘူးတွေအားလုံးကို ဒစ်ဂျစ်တယ်စနစ် ပြောင်းနေပါတယ်။ ဒစ်ဂျစ်တယ်စနစ်က ဖတ်ရှုလေ့လာတဲ့ ပြည်သူတွေအတွက် ဝန်ဆောင်မှုပေးတဲ့နေရာမှာ အလွန်ကို လွယ်ကူမြန်ဆန်ပြီး အဆင်ပြေစေပါတယ်"ဟု သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က ပြောသည်။

အဆိုပါ ထိန်းသိမ်းမှုတွင် စာအုပ်စာပေများကို ရေရှည်ထိန်းသိမ်းရန် ဒစ်ဂျစ်တယ်စနစ်များအဖြစ် ပြောင်းလဲနေသော အပိုင်းများရှိကြောင်း၊ Micro Film များအတွက် Micro Film ဖတ်စက်များဖြင့် လျင်မြန်စွာ ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲထိန်းသိမ်းထားခြင်းများရှိကြောင်း၊ ထို့ပြင် ကျောက်စာမင်ဘူးနှင့် ကျောက်စာများအပြင် အခြားစာပေအထောက်အထားများကို ဒစ်ဂျစ်တယ်စနစ်အဖြစ် ပြောင်းလဲဆောင်ရွက်နေကြောင်း၊ ထိုသို့ပြောင်းလဲ ထိန်းသိမ်းမှုမှ ပြည်သူလူထုအား ဝန်ဆောင်မှုပေးရာတွင် ပိုမိုလွယ်ကူပြီး အသုံးပြုမည့်သူများအနေဖြင့် ဒစ်ဂျစ်တယ်စနစ်ဖြင့် ကူးယူဖတ်ရှုနိုင်လျှင် ပိုမိုလွယ်ကူမြန်ဆန်ပြီး အဆင်ပြေစေမည်ဖြစ်ကြောင်း တာဝန်ယူဆောင်ရွက်နေသော သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ သိရသည်။

ယခုအခါတွင် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန သုတေသနစာကြည့်တိုက်မှ သမိုင်းအထောက်အထားနှင့် ပတ်သက်ပြီး သုတေသနပြုစုသူများ၊ စာတမ်းပြုသူများအတွက် သုတေသနပြုလုပ်နိုင်သော စာအုပ်၊ စာပေများ၊ ကျောက်စာ၊ ပေစာ၊ ပုရပိုက်၊ လက်ရေးမူ၊ မင်စာ၊ ကျောက်စာမင်ဘူး၊ နှုတ်ပြောသမိုင်း စသည့်ခေတ်အဆက်ဆက် အထောက်အထားများကို ထိန်းသိမ်းထားရှိကြောင်း သိရသည်။ **မြင့်မောင်စိုး**

**❂ တတိယအကြိမ်မြောက်မှ**
မြန်မာနိုင်ငံ၌ ကျောက်မျက်ရတနာ ဈေးကွက် ပိုမိုကျယ်ပြန့်စွာ ဖြစ်ထွန်းလာစေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းကို အခမ်းအနားတွင် အမှာစကားပြောကြားရာ၌ တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာနှင့် ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးသိန်းဝင်းဇော်တို့က ပြပွဲနှင့်ပတ်သက်၍ အသီးသီး အမှာစကားပြောကြားပြီး အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောက်မျက်ရတနာပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပြပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ၁၃ ရက် အထိ (လေးရက်တိုင်တိုင်) နံနက် ၁၀ နာရီမှ ည ၈ နာရီအထိ Lotte ဟိုတယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် ပြခန်းပေါင်း ၁၂၈ ခန်းဖြင့် မြန်မာနိုင်ငံမှ ထွက်ရှိသော သဘာဝကျောက်မျက်ရတနာများဖြစ်သည့် ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းနှင့် အခြားရှားပါး ကျောက်မျက်ရတနာ အတွဲပေါင်း ၇၄ တွဲကို ခင်းကျင်းပြသ၍ အနိမ့်ဆုံး ကြမ်းခင်းဈေး အမေရိကန်ဒေါ်လာ ၂၀၀၀ မှ စတင်ကာ အမြင့်ဆုံး ကြမ်းခင်းဈေး အမေရိကန်ဒေါ်လာ ၁၂ သိန်းအထိ လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြပွဲ၌ ကျောက်မျက်နှင့်ပတ်သက်သည့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲများ၊ ကျောက်မျက်ရတနာ ဒီဇိုင်းဖန်တီးမှုပြိုင်ပွဲများလည်း ပါဝင်ရာ နိုင်ငံပေါင်း ၄၅ နိုင်ငံမှ ကျောက်မျက်ကုန်သည် ၁၀၀၀ ကျော်နှင့် ပြည်တွင်းကျောက်မျက်ကုန်သည် တစ်သောင်းကျော်တို့ကို ဖိတ်ကြားထားကြောင်း ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း(ရန်ကုန်)မှ ဒုတိယဥက္ကဋ္ဌ (၄) ဒေါ်မြင့်သက်နိုင်က ရှင်းပြသည်။

ပြပွဲ၏ရည်ရွယ်ချက်မှာ နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာများ ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ခြင်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပြီး ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာများ ကမ္ဘာ့ဈေးကွက်တွင် ထိုက်တန်စွာနေရာရရှိရေး၊ မြန်မာနိုင်ငံတွင် ရတနာဈေးကွက် ရာနှုန်းပြည့် ဖြစ်ထွန်းတိုးတက်လာစေရေးနှင့် မြန်မာ့ကျောက်မျက်ရတနာများကို အရိုင်းသတ်သတ် ရောင်းချခြင်း မဟုတ်ဘဲ အချောထည်များအဖြစ် ထုတ်လုပ်ရောင်းချခြင်းအားဖြင့် ကျောက်မျက်ရတနာလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုသူများအားလုံး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရေး ရည်ရွယ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**အေးမင်းသူ**



# ထားဝယ်မြို့၌ ဖိတ်ခေါ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ထားဝယ် ဇန်နဝါရီ ၁၀**
တနင်္သာရီတိုင်းဒေသကြီး စားပွဲတင်တင်းနစ်ဆပ်ကော်မတီနှင့် Wow Sports Co.,Ltd တို့ပူးပေါင်း၍ DAWEI OPEN 2020 LOKI CUP ဖိတ်ခေါ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က လူငယ်လူရွယ်များ စားပွဲတင်တင်းနစ်အားကစားနည်းကို ပိုမိုစိတ်ဝင်စားလာရေး၊ ထူးချွန်ထက်မြက်သည့် စားပွဲတင်တင်းနစ် အားကစားသမားများ ပေါ်ထွက်လာရေး၊ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ စားပွဲတင်တင်းနစ်ကစားသမားတွေ ချစ်ကြည်ရင်းနှီးမှုရရှိရေး၊ ဒေသ၏ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ရည်ရွယ်ပြီး ကျင်းပသောပြိုင်ပွဲတစ်ခုလည်းဖြစ်ကြောင်း၊ စားပွဲတင်တင်းနစ် အားကစားအဆင့်အတန်း မြင့်မားတိုးတက်လာစေရေး အထောက်အကူပြုနိုင်ရေးအတွက် ကျင်းပသောပြိုင်ပွဲဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

၎င်းနောက် တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များက ပြိုင်ပွဲဝင်အားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး ဖိတ်ခေါ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၂ ရက်အထိ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**ထားဝယ်ခရိုင် (ပြန်/ဆက်)**



# e-Government အကောင်အထည်ဖော်ရေး အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၁၀**
မွန်ပြည်နယ်ပြည်နယ်အစိုးရအဖွဲ့ e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ် (၃/၂၀၁၉) နှင့်(၄/၂၀၁၉) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး ဟာသ်ခန်းမ၌ ကျင်းပသည်။

မွန်ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝဏ္ဏကျော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ကွန်ပျူတာတက္ကသိုလ်(သထုံ) မော်ကွန်းထိန်း ဦးဝင်းဗိုလ်က သင်တန်းဖွင့်လှစ်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အခြေခံကွန်ပျူတာသင်တန်း (၃/၂၀၁၉) နှင့် (၄/၂၀၁၉) သင်တန်းများတွင် ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသူများနှင့် သင်တန်းနည်းပြ ဆရာ ဆရာမများအား ဂုဏ်ပြုဆုများကို ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

**ညီညီချမ်း(ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

**မကွေး ဇန်နဝါရီ ၁၀**
မကွေးတိုင်းဒေသကြီး မကွေးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် ဇန်နဝါရီ ၈ ရက် နံနက် ၉နာရီက မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနကကြီးမှူး၍ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအခမ်းအနား ကျင်းပသည်။

မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းဦးက ကျောင်းသား ကျောင်းသူများအနေဖြင့် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး အစီအစဉ် လုပ်ငန်းအဆင့်ဆင့်ကို လေ့လာပြီး ရရှိလာသည့် အတွေ့အကြုံများကို ထပ်ဆင့်မျှဝေဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ မီးသတ်ဦးစီးဌာန တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်းပါဝင်သည့် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ် စတင်ဆောင်ရွက်ကြပြီး ခေတ်မီမီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေးယာဉ် ယန္တရားများနှင့် အထောက်အကူပြုပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး အစရှိသည့် ရည်မှန်းချက်တာဝန်လေးရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ပဉ္စမအကြိမ်မြောက် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များဆိုင်ရာ လူထုအသိပညာပေးပြပွဲကျင်းပရေး သတင်းစာရှင်းလင်းပွဲ

**နေပြည်တော် ဇန်နဝါရီ ၁၀**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ပဉ္စမအကြိမ်မြောက် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များဆိုင်ရာ လူထုအသိပညာပေးပြပွဲကျင်းပရေးအတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အစည်းအဝေးခန်းမ(၂) ၌ ကျင်းပသည်။

အခမ်းအနားတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာခင်ဇော်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှူး ဒေါက်တာထွန်းလင်းအောင်က ပဉ္စမအကြိမ်မြောက် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များဆိုင်ရာ လူထုအသိပညာပေးပြပွဲအစီအစဉ်များကို ရှင်းလင်းတင်ပြရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် တတ်ရောက်လာကြသည့် သတင်းမီဒီယာများက ပြပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ပဉ္စမအကြိမ်မြောက် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များဆိုင်ရာ လူထုအသိပညာပေးပြပွဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ မြို့တော်ခန်းမတွင် ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ပြခန်းပေါင်း ၉၀ ကျော်ပြသထားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် FDA ထောက်ခံချက်ရယူလိုသူများ မေးမြန်းစုံစမ်းနိုင်ရန် Inquiry Centre တစ်ခုကို စီစဉ်ထားရှိမည်ဖြစ်ပြီး စားသောက်ကုန်များကို Screening Method (ကနဦးလျင်မြန်စစ်ဆေးခြင်း)ဖြင့် အစားအသောက်နမူနာများအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းနှင့် နေ့ချင်းအဖြေထုတ်ပြန်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ဟိန်းမင်းစိုး**

သတင်းနှင့် စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း စတုတ္ထအကြိမ် မြောက် ဆရာကန်တော့ပွဲ၊ အသက် ၈၀ နှစ်နှင့်အထက် သက်ကြီးဝန်ထမ်းဟောင်းများ ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲကို မတ် ၂၂ ရက်တွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရုံးချုပ် (ရန်ကုန်) ရွှေဥဒေါင်းခန်းမ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ အခမ်းအနားအတွက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရန်ကုန်ရုံးခွဲ တာဝန်ခံစာတည်းမှူး ဦးလှရွှေနှင့် ဝန်ထမ်းများက ဇန်နဝါရီ ၇ ရက် ညနေပိုင်းက ရုံးချုပ်(ရန်ကုန်) စာတည်းမှူးရုံးခန်း၌ အလှူငွေကျပ် ခြောက်သိန်းကို အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် တွဲဖက်အတွင်းရေးမှူး ဦးအေးသန်းတို့ထံ ပေးအပ်လှူဒါန်းခဲ့သည်။



**အေးသန်း(စိန်တုံးကြီး)**

## သတင်းစုံကဏ္ဍ

### အမေများနေ့အထိမ်းအမှတ် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

**တောင်သာ**

အမေများနေ့အထိမ်းအမှတ် နိဗ္ဗာန်ဈေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် ညနေ ၃ နာရီခွဲက တောင်သာမြို့ ကမ္ဘောဇဘဏ်ရှေ့၌ ကျင်းပသည်။

အမေများနေ့အထိမ်းအမှတ် နိဗ္ဗာန်ဈေးပွဲတော်တွင် မြင်းခြံ-မိတ္ထီလာကားလမ်းတစ်လျှောက်တွင် အစားအစာမျိုးစုံဖြင့် မြို့ပေါ် ခြောက်ရပ်ကွက်မှ ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများ လာရောက်သုံးဆောင်ခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

### သုံးခွမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးသစ်ဖွင့်

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက ရုံးရှေ့၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်၊ တောင်ပိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းလှိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးချစ်ကိုကိုတို့က ဆိုင်းဘုတ်အား ဖွင့်လှစ်ပေးပြီး အဆောက်အဦအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ အဆိုပါရုံးမှာ အလျား ၄၅ ပေ၊ အနံ ပေ ၅၀ ရှိ အာရ်စီတစ်ထပ်တိုက်ဖြစ်သည်။

**ကျော်ဆန်း**

### ခရီးသွားလုပ်ငန်းအခွင့်အလမ်းဖော်ထုတ်ရေး ဆွေးနွေး

**ကျောက်ပန်းတောင်း**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ဝန်းကျင်ရှိ ဒေသခံပြည်သူအခြေပြု အခြေခံခရီးသွားလုပ်ငန်းအခွင့်အလမ်းဖော်ထုတ်ခြင်း (ကျေးရွာအဆင့်) အကြံပြုဆွေးနွေးပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ပုပ္ပားကျေးရွာ ပုပ္ပားတောင်ဥယျာဉ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပုပ္ပားတောင်ဘေးမဲ့တောဥယျာဉ်(ခေတ္တ) အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်က အဖွင့်အမှာစကားပြောကြားပြီး တောအုပ်ကြီး ဦးဇော်လင်း၊ တောအုပ်ကြီး ဒေါ်ခင်မျိုးထွေးနှင့် တောအုပ်ဦးထွန်းနိုင်ဦးတို့က ဒေသခံပြည်သူအခြေပြု သဘာဝအခြေခံခရီးသွားလုပ်ငန်းအခွင့်အလမ်းဖော်ထုတ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

### ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပွဲများကျင်းပ

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သမဝါယမတက္ကသိုလ် (သန်လျင်)တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဟောပြောပွဲကို ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီက အဆိုပါတက္ကသိုလ် ဥတ္တရခန်းမ၌ ကျင်းပသည်။

သမဝါယမတက္ကသိုလ် (သန်လျင်) ဒုတိယပါမောက္ခချုပ် (စီမံ) ဦးဦးတင်သိန်းက နှုတ်ခွန်းဆက်အဖွင့်စကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ရုံးမှ စစ်ဆေးရေးမှူး-(၂) ဦးချမ်းငြိမ်းက လမ်းညွှန်၊ လမ်းအမှတ်အသားများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောကာ အမှတ် (၆၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး ခေတ္တတပ်ဖွဲ့စုမှူးရဲအုပ် စိုးလင်းဇော်က လမ်းအသုံးပြုသူများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပတ်သက်သည့်အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များနှင့် ဆိုင်ကယ်အသိပညာပေး စတေကာများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

**မူဆယ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်တွင် တာဝန်ထမ်းဆောင်နေကြသည့် ရဲတပ်ဖွဲ့များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီတွင် မူဆယ်မြို့ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အောင်ဆန်းသူရိယရိပ်သာ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

"ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ထိန်းသိမ်းလိုက်နာကြဖို့ရန် အားလုံးမှာတာဝန်ရှိတဲ့အတွက် ခုလို ရဲတပ်ဖွဲ့ဝင်များကို ဟောပြောရခြင်းဖြစ်ပါတယ်" ဟု အမှတ်(၁၂၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးချစ်စိန်က ပြောကြားသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

## အမေများနေ့အထိမ်းအမှတ် သီလရှင်အပါး ၁၅၀ သာသနာ့ဘောင်ဝင်ရောက်

**တောင်ငူ ဇန်နဝါရီ ၁၀**

အမေများနေ့ကိုဂုဏ်ပြုသောအားဖြင့် သီလရှင်အပါး ၁၅၀ သာသနာ့ဘောင်ဝင်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၉ ရက် ညနေ ၃ နာရီက တောင်ငူမြို့ ကြက်လျှာစွန်း အမှတ် (၉) ရပ်ကွက် အလယ်ကျွန်း သဘော်ဦးကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။


သာသနာ့ဘောင်ဝင်ရောက်သည့် သီလရှင်များနှင့် အလှူရှင်များအား အလယ်ကျွန်း သဘော်ဦးကျောင်းတိုက် ဦးစီးပဓာနဆရာတော် ဦးသေဋ္ဌိလက အမေများနေ့အထိမ်းအမှတ် ကျေးဇူးဆပ်တရားတော်ကို ဟောကြားသည်။

ထို့နောက် ကုသိုလ်တော်ဘုရားကြီးဝင်းအတွင်း ကြွရောက်လာသော သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းမျိုးစုံတို့ကို စုပေါင်းလောင်းလှူခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## ပဲခူးဆေးရုံကြီးအတွင်း အောင်သုခလေးထပ်ဆေးရုံအဆောက်တည်ဆောက်မှု ၇၅ ရာခိုင်နှုန်းပြီးစီး



**ပဲခူး ဇန်နဝါရီ ၁၀**

ပဲခူးမြို့ ခုတင် ၅၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးအတွင်း အောင်သုခဓမ္မရိပ်သာဆရာတော်ကြီးနှင့် ဒါယကာ ဒါယိကာမများ စုပေါင်းလှူဒါန်းထားသည့် အောင်သုခလေးထပ်ဆေးရုံအဆောက်သစ် တည်ဆောက်နေမှုမှာ ယခုအခါ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် မေလတွင် တည်ဆောက်ရေးလုပ်ငန်းများ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ယူတည်ဆောက်သည့် Rainforest Co.,Ltd. မှ ပရောဂျက်မန်နေဂျာ ဦးသန်းလွင်က ပြောသည်။

အဆိုပါ လေးထပ်ဆေးရုံအဆောက်အတွက် ကုန်ကျငွေစုစုပေါင်းမှာ ငွေကျပ်သိန်း ၂၅၀၀၀ ကျော် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## စလင်းရေလှောင်တမံရှိ ရေပိုလွှဲ ပြန်လည်ပြုပြင်

**စလင်း ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စလင်းရေလှောင်တမံရှိ ရေပိုလွှဲပျက်စီးနေမှုကို ပြင်ဆင်လျက်ရှိသည်။ ပျက်စီးသွားသောရေပိုလွှဲအား ခွင့်ပြုငွေကျပ်သိန်းပေါင်း ၃၅၄၀၀ အကုန်ကျခံ၍ ဆည်မြောင်း(တည်ဆောက်ရေး)က မိုးမကျမီပြီးစီးနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ၂၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

ယင်းရေပိုလွှဲပြုပြင်ပြီးပါက စလင်းရေလှောင်တမံ၌ ရေသိုလှောင်နိုင်မည်ဖြစ်ပြီး ဆည်ရေသောက်ဧရိယာဧက ၃၃၀၀၀ အား ရေပေးဝေနိုင်မည်ဖြစ်သည်။

စလင်းရေလှောင်တမံကို ၂၀၀၁-၂၀၀၂ ခုနှစ်က တည်ဆောက်ထားခြင်းဖြစ်ပြီး ရေလှောင်တမံမှာ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၁၃၃၀၀၀ ရှိသည်။ ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ် (Curve Ogee Type) ဖြစ်ပြီး ပေ ၄၀၀ ကျယ်ဝန်းသည်။

**မောင်လွင်(ပြန်/ဆက်)**



## စားသုံးသူပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစေရေး စစ်ဆေး

**သုံးခွ ဇန်နဝါရီ ၁၀**

စားသုံးသူပြည်သူများဘေးအန္တရာယ်ကင်းရှင်းစေရေး၊ လုံခြုံစိတ်ချစေရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများပူးပေါင်း၍ ယနေ့ နံနက် ၁၁ နာရီက သုံးခွမြို့ မြို့မဈေးအတွင်း ကွင်းဆင်းစစ်ဆေးခဲ့သည်။

"စားသုံးသူ ပြည်သူတွေကို အန္တရာယ်မဖြစ်ရအောင် လိုက်လံစစ်ဆေးပေးနေတာဖြစ်ပါတယ်" ဟု မြို့နယ် စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းမော်က ပြောသည်။

**ကြည်စိုးလွင်(သုံးခွ)**

## ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအစီအစဉ်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၀**

ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအစီအစဉ်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး (ပညာ) ဦးစိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ဦးစီးအရာရှိ ဒေါ်ကြူကြူမာက ကျောင်းဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြု အစီအစဉ်ဆိုင်ရာ ကိစ္စရပ်များအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်ပြီး ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအစီစဉ်ဆိုင်ရာ ကိစ္စရပ်များ (SIF)တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပညာရေးတာဝန်ခံများနှင့် အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမများ စုစုပေါင်း ၂၀၃ ဦးနှင့် Mobile application အသုံးပြုပြီး စာရင်းဇယားများ ဆောင်ရွက်ရန် (ODK)တွင် ဒုတိယမြို့နယ် ပညာရေးမှူး၊ လက်ထောက်မြို့နယ်ပညာရေးမှူးနှင့် PGDMA ဆရာ ဆရာမများ စုစုပေါင်း ၁၀၇ ဦးတို့အား သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်ဇာလှိုင် (ပြန်/ဆက်)**

■

# မန္တလေးမြို့၌ ချည်မျှင်နှင့်အထည်အလိပ် ဒီပလိုမာကျောင်းဆင်းလက်ရာ ပြပွဲ၊ ပြိုင်ပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၀**

မန္တလေးမြို့၌ ပထမဆုံးအကြိမ်အဖြစ် ချည်မျှင်နှင့် အထည်အလိပ်ဒီပလိုမာ ကျောင်းဆင်းလက်ရာပြပွဲနှင့် ရက်ကန်းပညာရပ်ဆိုင်ရာ ဒီဇိုင်းပြိုင်ပွဲ၊ ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက အမရပူရမြို့နယ်အတွင်းရှိ ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်း၌ ကျင်းပသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက အဖွင့်အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်က ပြပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ချည်မျှင်နှင့် အထည်အလိပ် ဒီပလိုမာ ကျောင်းဆင်းလက်ရာနှင့် ရက်ကန်းပညာရပ်ဆိုင်ရာ ဒီဇိုင်းပြခန်းများ၊ ပြင်ပရက်ကန်းလုပ်ငန်းရှင်များ၏ ဒီဇိုင်းပြခန်းများ၊ မြန်မာနိုင်ငံအနှံ့အပြားရှိ ရက်ကန်းကျောင်းများ၏ ပြခန်းများနှင့် ဆိုင်ခန်းများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါပြပွဲ၊ ပြိုင်ပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဒီဇိုင်းပညာနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများ၊ ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်းမှ သင်တန်းသားများ ထုတ်လုပ်ထားသည့် အဝတ်အထည်များ၊ ပြိုင်ပွဲဝင် ရက်ကန်းလုပ်ငန်းရှင်များထုတ်လုပ်ထားသည့် အဝတ်အထည်ဒီဇိုင်းများကို မော်ဒယ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ပြသမည့် ဖက်ရှင်ရှိုးပွဲများ၊ ရက်ကန်းမူပိုင်ခွင့်ဆိုင်ရာဆွေးနွေးပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များနှင့်အတူ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



ချည်မျှင်နှင့် အထည်အလိပ် ဒီပလိုမာကျောင်းဆင်းလက်ရာ ပြပွဲနှင့် ရက်ကန်းပညာရပ်ဆိုင်ရာ ဒီဇိုင်းပြိုင်ပွဲ၊ ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ British Council (Myanmar)နှင့် Swiss Agency for Development and Cooperation, Embassy of Switzerlandတို့ ၂၀၁၇ ခုနှစ်မှ စတင်ပူးပေါင်း အကောင်အထည်ဖော်သော လက်ခတ်သံစီမံချက်အရ ပြုလုပ်ခြင်းဖြစ်ပြီး ရက်ကန်းကျောင်းဆင်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုရရှိစေရန်နှင့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများမှ ဆရာ ဆရာမများ၏ အရည်အသွေးပိုမိုမြင့်မားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မျက်စိဝေဒနာရှင်များအား အခမဲ့ဆေးကုသပေး

**ဖားကန့် ဇန်နဝါရီ ၁၀**

ကချင်ပြည်နယ် ဖားကန့်မြို့ရှိ သီတဂူ စက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား တတိယအကြိမ်မြောက် အခမဲ့ ဆေးကုသမှုများကို ဇန်နဝါရီ ၉ ရက်မှစတင်ကာ ၁၃ ရက်အထိ ဆောင်ရွက်ပေးလျက်ရှိသည်။

စက္ခုဒါနနယ်လှည့်ကုသိုလ်ပြုဆေးကုသရေးအစီအစဉ်တွင် ဒေါက်တာမြအောင်ဦးဆောင်သည့်မျက်စိအထူးကု ဆရာဝန်ကြီးများ၊ အထွေထွေရောဂါကု ဆရာဝန်များနှင့် သူနာပြုများပါဝင်ပြီး တပ်မတော်ဆေးကုသရေးအဖွဲ့များ၊ ဒေသခံလူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းပံ့ပိုးကူညီပေးလျက်ရှိသည်။

ဖားကန့်သီတဂူစက္ခုဒါနဆေးရုံကို ၂၀၁၇ ဇန်နဝါရီတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၉ ခုနှစ်အထိစမ်းသပ်စစ်ဆေးပေးခဲ့သည့်လူနာပေါင်း ၆၉၄၉ ဦးနှင့် ခွဲစိတ်ကုသပေးသည့် လူနာပေါင်း ၆၈၇ ဦး ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**



# အက်သလက်တီကိုမက်ဒရစ်အသင်း စပိန်စူပါဖလား ဗိုလ်လုပွဲတက်လှမ်း

စပိန်စူပါဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အက်သလက်တီကိုမက်ဒရစ်အသင်းက ဘာစီလိုနာအသင်းကို သုံးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

ဘာစီလိုနာအသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ရဲ့ပွဲစဉ်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းက တိုက်စစ်မှူး ကိုကီးရဲ့ ပွဲကစားချိန် ၄၆ မိနစ်မှာ သွင်းယူခဲ့တဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၅၁ မိနစ်မှာ တိုက်စစ်မှူးမက်ဆီရဲ့သွင်းဂိုးနဲ့ ပွဲကစားချိန် ၆၇ မိနစ်မှာ သွင်းယူခဲ့တဲ့ တိုက်စစ်မှူး ဂရစ်ဇ်မန်းရဲ့သွင်းဂိုးတို့ ရရှိခဲ့တာကြောင့် ဘာစီလိုနာအသင်းက နှစ်ဂိုး–တစ်ဂိုးနဲ့ ပြန်လည်ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

ဒါပေမယ့် အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ပွဲကစားချိန် ၈၁ မိနစ်မှာ မိုရက်တာရဲ့ပင်နယ်တီသွင်းဂိုးနဲ့ ၈၆ မိနစ်မှာ မိုရက်တာရဲ့ ဖန်တီးပေးမှုကတစ်ဆင့် ကော်ရီရာက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ဘာစီလိုနာအသင်းကို သုံးဂိုး–နှစ်ဂိုးနဲ့နိုင်ပြီး ဗိုလ်လုပွဲ တက်လှမ်းခဲ့တာဖြစ်ပါတယ်။

အခုနှစ်မှာ စပိန်စူပါဖလားပြိုင်ပွဲကို ပုံစံပြောင်းလဲကျင်းပခဲ့တာဖြစ်ပြီး စပိန်လာလီဂါအမှတ်ပေးဇယားရဲ့ ထိပ်ဆုံးနှစ်သင်းနဲ့ စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှာ ဗိုလ်လုပွဲတက်လှမ်းခဲ့တဲ့ အသင်းနှစ်သင်း စုစုပေါင်း လေးသင်း ယှဉ်ပြိုင်ကစားတဲ့ပုံစံ ဖြစ်ပါတယ်။

အဲဒီမှာ ရီးယဲလ်မက်ဒရစ်အသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက စပိန်လာလီဂါမှာအဆင့် ၃ နေရာနဲ့သာ ရာသီကုန်ဆုံးခဲ့ပေမယ့် ဘာစီလိုနာအသင်းဟာ စပိန်လာလီဂါဖလားကို ရယူနိုင်ခဲ့သလို စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှာလည်း ဗိုလ်လုပွဲတက်ခဲ့တာကြောင့် အသင်းတစ်သင်းလိုအပ်နေတာမို့ စပိန်လာလီဂါအမှတ်ပေးဇယားရဲ့ အဆင့် ၃ နေရာက အသင်းကပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

အဲဒါကြောင့် ရီးယဲလ်မက်ဒရစ်အသင်းဟာ ဗလင်စီယာအသင်းနဲ့ စပိန်ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်ကစားခွင့်ရရှိခဲ့ပြီး အဲဒီနှစ်သင်းပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းဟာ ဗလင်စီယာအသင်းကို သုံးဂိုး–တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ဗိုလ်လုပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။



ငွေကြယ် – ရေးသားသည်

## စပါးတိုက်စစ်မှူး ဟယ်ရီကိန်း တံကောက်ကြောဒဏ်ရာကြောင့် ဧပြီလအထိ အနားယူရမည်

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းဟာ တံကောက်ကြောဒဏ်ရာရရှိခဲ့တာကြောင့် ခွဲစိတ်ကုသဖို့ လိုအပ်နေတဲ့အတွက် ဧပြီလအထိ အနားယူရမှာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိတိုက်စစ်မှူး ဟယ်ရီကိန်းဟာ စပါးအသင်းက ဆောက်သမ်တန်အသင်းကို ရှုံးနိမ့်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ဒဏ်ရာရရှိခဲ့တာ ဖြစ်ပါတယ်။ ဒဏ်ရာစတင်ရရှိခဲ့ချိန်က ဟယ်ရီကိန်းရဲ့ဒဏ်ရာဟာ ဘယ်လောက်ကြာကြာအနားယူရမလဲဆိုတာ မသိခဲ့ပေမယ့် အခုလက်ရှိမှာတော့ ခွဲစိတ်ကုသချိန်နဲ့ ဧပြီလအထိ အနားယူရဖို့ရှိတယ်လို့ နည်းပြ မော်ရင်ဟိုက ပြောကြားခဲ့ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ယူရို ၂၀၂၀ ပြိုင်ပွဲမစတင်မီ အသင်းနဲ့အတူ ပြန်လည်ပါဝင်လာမှာမို့ အင်္ဂလန်အသင်းနဲ့အတူ ယူရို ၂၀၂၀ ပြိုင်ပွဲမှာ ပါဝင်လာဖို့လည်း ရှိနေပါတယ်။ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ အခုနှစ်ဘောလုံးရာသီမှာ စပါးအသင်းအတွက်ရော အင်္ဂလန်နိုင်ငံလက်ရွေးစင်အသင်းအတွက်ပါ ပွဲပေါင်း ၄၁ ပွဲ ပါဝင်ကစားပေးထားပြီး သွင်းဂိုး ၂၇ ဂိုးအထိ သွင်းယူပေးထားတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ တံကောက်ကြောဒဏ်ရာရရှိထားတာကြောင့် လိုက်ဇစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားမယ့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပွဲစဉ်မှာ လွဲချော်မှာဖြစ်ပြီး စပါးအသင်းကတော့ လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားမှာ အဆင့် ၄ နေရာက ချယ်လ်ဆီးအသင်းနဲ့ ခြောက်မှတ်အကွာ အဆင့် ၆ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

# အနုပညာ



## စံချိန်သစ်တင်လိုက်ပြန်တဲ့ BTS

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ လတ်တလောမှာ စံချိန်သစ်တစ်ခုကို တင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ အဖွဲ့ရဲ့ကျော်ကြားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ DNA ဟာ လတ်တလောမှာ ကြည့်ရှုသူ သန်း ၉၀၀ ပြည့်ခဲ့ပြီး ဒါဟာ အမျိုးသားကေပေါ့ပ်တေးဂီတအဖွဲ့တွေရဲ့ တေးဗီဒီယိုတွေအနက် ကြည့်ရှုသူ သန်း ၉၀၀ ပြည့်ခဲ့တဲ့ ပထမဆုံးသော တေးသီချင်းလည်းဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

DNA ကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၈ ရက်က စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၀ ရက်မှာ ကြည့်ရှုသူ သန်း ၉၀၀ ပြည့်ခဲ့တာ ဖြစ်ပါတယ်။

အဆိုပါတေးဗီဒီယိုဟာ ကေပေါ့ပ်အမျိုးသားတေးဂီတအဖွဲ့တွေအနက် ကြည့်ရှုသူ သန်း ၉၀၀ ပြည့်မြောက်ခဲ့တဲ့ ပထမဆုံးသော တေးဗီဒီယိုဖြစ်ပါတယ်။ တောင်ကိုရီးယားအမျိုးသားတစ်ကိုယ်တော်တေးသံရှင် Psy ရဲ့ တေးသီချင်းနှစ်ပုဒ်ဖြစ်တဲ့ Gangnam Style နဲ့ Gentleman တို့ဟာလည်း အဆိုပါစံချိန်ကို ရောက်ရှိခဲ့ပြီးဖြစ်ပါတယ်။ တေးဂီတအဖွဲ့တွေအနက် အမျိုးသမီးတေးဂီတအဖွဲ့ BLACK PINK ရဲ့ ကျော်ကြားတဲ့ တေးသီချင်း DDU-DU DDU-DU ဟာလည်း ကြည့်ရှုသူ သန်း ၉၀၀ ပြည့်မြောက်ခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။

အေးပြည့်–ရေးသားသည်

## ပါ့ခ်ဘိုဂန်း၊ ပါ့ခ်ဆိုးဒမ်နဲ့ ဗြောင်ဝူဆွတ်တို့ ရုပ်ရှင်သစ်တွင် တွဲဖက်ပါဝင်မည်

တောင်ကိုရီးယားမင်းသား ပါ့ခ်ဘိုဂန်း၊ မင်းသမီး ပါ့ခ်ဆိုးဒမ်နဲ့ မင်းသား ဗြောင်ဝူဆွတ်တို့ဟာ ဇာတ်လမ်းတွဲရုပ်ရှင်သစ်မှာ အတူပါဝင်သွားမှာဖြစ်ကြောင်း လတ်တလောမှာ အတည်ပြုခဲ့တာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇန်နဝါရီ ၁၀ ရက်မှာ အဆိုပါဇာတ်လမ်းတွဲကို ရိုက်ကူးထုတ်လွှင့်သွားမယ့် tvN ရုပ်သံလိုင်းက ဇာတ်လမ်းတွဲရဲ့ အဓိကဇာတ်ဆောင်တွေကို ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲကို "Record of Youth" လို့ ယာယီအမည်ပေးထားပြီး ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ပါ့ခ်ဘိုဂန်း၊ ရွှေကမ္ဘာလုံးဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ ပထမဆုံးသော တောင်ကိုရီးယားရုပ်ရှင် Parasite ရဲ့ မင်းသမီး ပါ့ခ်ဆိုးဒမ်နဲ့ မင်းသား ဗြောင်ဝူဆွတ်တို့ အဓိကပါဝင်သွားမှာဖြစ်ပြီး သရုပ်ဆောင်ရွေးချယ်မှုတွေ ပြီးဆုံးချိန်မှာ ဇာတ်ကားကို စတင်ရိုက်ကူးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။



ပါ့ခ်ဘိုဂန်း ပါ့ခ်ဆိုးဒမ် ဗြောင်ဝူဆွတ်

"Record of Youth" မှာ မော်ဒယ်လ်လောကအကြောင်း တွေ့မြင်ခံစားရမှာ ဖြစ်ပါတယ်။ မော်ဒယ်လ်လောကမှာ လှုပ်ရှားနေတဲ့ လူငယ်တွေရဲ့ ရုန်းကန်မှုတွေလည်း ပါဝင်မှာပါ။ ဒီဇာတ်လမ်းတွဲကို ယခုနှစ် နှစ်လယ်ပိုင်းမှာ စတင်ပြသသွားဖို့ရည်ရွယ်ထားပြီး လက်ရှိမှာ ဆွေးနွေးမှုတွေ ပြုလုပ်နေကြောင်းလည်း သိရပါတယ်။

## ဆယ်လီနာဂိုမက်ဇ်ရဲ့ တေးအယ်လ်ဘမ်သစ် Rare

ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ လတ်တလောမှာ ထွက်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်မှာ ပါဝင်တဲ့ တေးသီချင်းတွေဟာ ပေါ့ပ်ကြယ်ပွင့်နဲ့ ဂျက်စတင်ဘီဘာတို့ရဲ့ အချစ်ဇာတ်လမ်းအကြောင်း ရေးသားထားတာဖြစ်ကြောင်း တေးအယ်လ်ဘမ်ထွက်ရှိပြီးနောက် ပရိသတ်တွေက ဝေဖန်ခဲ့ကြကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၂၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်က သူ့ရဲ့ တတိယမြောက် စတူဒီယိုတေးအယ်လ်ဘမ် Rare ကို ဇန်နဝါရီ ၁၀ ရက်က စတင်ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်နေတဲ့ တေးသီချင်းတွေရဲ့ စာသားတွေဟာ ဆယ်လီနာရဲ့ ခံစားချက်တွေဖြစ်ကြောင်းလည်း ပရိသတ်တွေက ထင်ကြေးပေးကြပါတယ်။

ဆယ်လီနာဂိုမက်ဇ်ဟာ အဆိုပါတေးအယ်လ်ဘမ်ကို မထုတ်လွှင့်မီ တေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းနှစ်ပုဒ်ကို ထုတ်လွှင့်ပေးခဲ့ပါတယ်။ "Lose You To Love Me" နဲ့ "Look At Her Now" တေးသီချင်းတွေကို ဦးစွာထုတ်လွှင့်ပေးခဲ့တာဖြစ်ပြီး ဒီတေးသီချင်းတွေဟာ ဂျက်စတင်ဘီဘာနဲ့ သူ့ရဲ့အကြောင်းကို ဖွဲ့သီထားတာပါ။ ဒါ့အပြင် ဂျက်စတင်ဘီဘာနဲ့ပတ်သက်ပြီး အသည်းကွဲခဲ့ရကာ ပြန်လည်ကောင်းမွန်အောင် ကြိုးပမ်းခဲ့ရတဲ့အကြောင်းအရာတွေလည်း ပါဝင်နေပါတယ်။ တေးအယ်လ်ဘမ်တစ်ခုလုံးထုတ်လွှင့်ခဲ့ချိန်မှာ ယင်းအယ်လ်ဘမ်မှာပါဝင်နေတဲ့ တေးသီချင်းတွေဟာ ဆယ်လီနာဂိုမက်ဇ်ရဲ့ ခံစားချက်တွေကို ထပ်မံလှစ်ဟပေးနိုင်ခဲ့ပြီး ဆယ်လီနာအနေနဲ့ ပိုမိုကောင်းမွန်တဲ့ နေရာသစ်တစ်ခုဆီကို ဦးတည်လျှောက်လှမ်းနေကြောင်းလည်း ခံစားသိဆိုထားတာ တွေ့ရပါတယ်။

# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

မြန်မာသက္ကရာဇ် ၁၃၈၁ ခု ပြာသိုလဆန်း (၁၀)ရက်၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ (၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၀ဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော်၌ ပရိယတ္တိတာဝန်၊ ပဋိပတ္တိတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်တော်မူကြပြီး ဗုဒ္ဓသာသနာတော်အားထူးကဲစွာ လှူဒါန်းထောက်ပံ့ ပူဇော်ကြသည့် ဥပါသကာ ဥပါသိကာမ တို့အား အပ်နှင်းချီးမြှင့်သည့် လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံး သာသနာ့ဂုဏ ဘွဲ့တံဆိပ်တော်များ ဖြစ်ကြသည့် **"အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့ကို EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP) နှင့် EXCELLENT FORTUNE FOUNDATION (EFF FOUNDATION) တို့၏ Chairman & Founder **ဦးစိုင်းမျိုးဝင်း**နှင့် **"အဂ္ဂမဟာ သီရိသုဓမ္မသိရီ"** ဘွဲ့ကို Senior Vice Chairman & Co-Founder ဇနီး **ဒေါ်နန်းခင်မြင့်ရီ** တို့အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ တိုက်ရိုက်တာဝန် ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရာကျော် တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ သာသနာအကျိုးအတွက် ဆထက်ထမ်းပိုး သယ်ပိုး ဆောင်ရွက်နိုင်သော သာသနာပြု ဓနိမောင်နှံဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

ဦးကျော်သူ + ရွှေဇီးကွက်(ခ)ဒေါ်မြင့်မြင့်ခင်ဖေ
နာရေးကူညီမှုအသင်း(ရန်ကုန်)၊ ဝေဇိန်ရုပ်ရှင်ထုတ်လုပ်ရေး

# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၂/၂၀၂၀ ဖြင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်ဖြစ်သည့် **"လူမှုထူးချွန်တံဆိပ်(ပထမအဆင့်)"** ကို ကျောက်စိမ်းထောင်ကျောက်မျက်ကုမ္ပဏီလီမိတက်၊ မန်နေးဂျင်းဒါရိုက်တာ **ဦးစိန်ဝင်း**အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ တိုက်ရိုက်တာဝန် ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံ့အကျိုးကို ဆထက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးစိုင်းမျိုးဝင်း + ဒေါ်နန်းခင်မြင့်ရီ
EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP)

ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားရန်အတွက်
အာရှ ဗုဒ္ဓဘာသာအသင်းချုပ်ကို စတင်တည်ထောင်သူ
မဲခေါင်မြစ်ဝှမ်း(၅)နိုင်ငံ ဓမ္မခရီးစဉ်ကို ပူးတွဲစီစဉ်သူ
သုဝဏ္ဏဘူမိမြို့ဟောင်းသည် မြန်မာနိုင်ငံတွင်သာရှိကြောင်း ဖော်ထုတ်သူ
မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို)ဥက္ကဋ္ဌ

# အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဘွဲ့ရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ

အား

# မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို

## ထပ်ဆင့် ချီးမြှင့်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုး၏ (၂၀၂၀)ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်၊ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၂၀ ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် **မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့**ထူးကို ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

- ရွှေတိဂုံ မတည်မီ ဆံတော်ကြိုခေတ်စေတီတော် (၉)ဆူကို တစ်ကျော့ပြန် ဖော်ထုတ် ဒါယကာပြုခြင်း။ ဗုဒ္ဓခေတ် ဆံဦးဆံဖျားဖြစ်သော မြတ်မော်တင်စွန်းစေတီတော်ကို တစ်ကျော့ပြန် ဖွင့်ဖော်ဒါယကာပြုခြင်း။
- ဘုရားရှင် (၄)ဝါမြောက်ကာလက အမွေပေးသနားတော်မူသော သာသနာ(၂၅၀၀)ကျော်မှ ပွင့်ပေါ်တော်မူ လတ္တံ့သော ပျောက်ဆုံးနေသည့် ဆကေသ ဓာတုဝင် ဆံတော်ရှင်(၆)ဆူကို တစ်ကျော့ပြန်ဖွင့်ဖော်ဒါယကာပြုခြင်း။
- ဘုရားရှင် (၈)ဝါမြောက်ကာလက ကိုယ်တော်တိုင်ကြွလာ၍ အမွေပေးသနားတော်မူသော သုဝဏ္ဏဘူမိ ဆံတော်ရှင်များ သာသနာတော်ကို တစ်ကျော့ပြန်ဖွင့်ဖော်ခြင်း။
- ဘုရားရှင် ဝါတော်(၂၀)ကာလက ရင်ငွေ့သွင်းခဲ့သော ရွှေဘုံသာမုနိစေတီတော်ကို တစ်ကျော့ပြန် ဖွင့်ဖော်ခြင်း။
- ဘုရားရှင် (၂၁)ဝါမြောက်ကာလက ကြွရောက်၍ (၇)ရက် သီတင်းသုံးတော်မူခဲ့သော စန္ဒကူးနံ့သာ ကျောင်းတော်ရာ စေတီတော်မြတ်ကြီးကို ဘက်စုံပြုပြင်မွမ်းမံ၍ တစ်ကျော့ပြန်ဖွင့်ဖော်ခြင်း။
- မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆံတော်ကြိုစေတီအပါအဝင် တိုင်းနှင့်ပြည်နယ်အသီးသီးရှိ စေတီတော်ပေါင်း (၇၇၇) ဆူကို ရတနာစိန်ဖူးတော်၊ ရွှေငှက်မြတ်နားတော်၊ ရွှေထီးတော်များ တင်လှူပူဇော်ဘက်စုံပြုပြင်၍ ပဓာနဒါယကာပြုခဲ့ခြင်း။
- တိုင်းနှင့် ပြည်နယ်အသီးသီးတွင် ရှင်အပါးပေါင်း(၂၅၀၀၀)ကို သာသနာ့ဘောင်သို့ သွတ်သွင်းခဲ့ခြင်း။
- မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း။
- ၎င်းအပြင် လမ်းများဖောက်လုပ်ခြင်း၊ သိမ်၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားတည်ဆောက်ခြင်း၊ ဓမ္မာရုံဆောက်လုပ်ခြင်းတို့အပြင် လူမှုရေး၊ ဘာသာရေး၊ သာသနာရေးတို့ကို တစ်ခေတ်တစ်ယောက် ထွန်းထွန်းပေါက်ပေါက် ဆိုစလောက်အောင် ဦးဦးဖျားဖျား ထူးထူးခြားခြား ဘာသာ၊ သာသနာအကျိုးအတွက် ဆောင်ရွက်ခဲ့ခြင်းများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**အာရှ ဗုဒ္ဓဘာသာအသင်းချုပ်(ABC)နှင့်**
**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း ဗဟိုကော်မတီဝင်များ၊**
**ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်**
**အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းသူ၊ အသင်းသားများ**

# "Congratulations on Grand Opening

# ICON Shopping Center"

**ICON Shopping Center (Taungoo)** ဖွင့်လှစ်ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ရှေ့လာမည့် နှစ်ပေါင်းများစွာတွင် လုပ်ငန်းများ ဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**Golden Lion Wire Co., Ltd.**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံပလာဇာ၊ ၅ ဆရာစံလမ်း၊ သမဝါယမဗဟိုစီးပွားရေးဗဟိုဌာနတွင် တည်ရှိသော **CB Life Insurance Co.,Ltd စီဘီအသက်အာမခံကုမ္ပဏီလီမိတက်**(ကုမ္ပဏီမှတ်ပုံတင်အမှတ်-၃၀၃၀/၂၀၁၂-၂၀၁၃) သည် ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အောက်ပါကုန်အမှတ်တံဆိပ်၏ ပိုင်ရှင်အဖြစ် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

CB Life
CB Life Insurance Company Ltd.

အထက်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့်ပင် အာမခံလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ Trade Mark အဖြစ်လည်းအသုံးပြုလျက်ရှိပါသည်။ အဆိုပါ အမည်အမှတ်အသားဖြင့် ကုမ္ပဏီမှ ဆောင်ရွက်မည့် လုပ်ငန်းများနှင့် သက်ဆိုင်သည့်လုပ်ငန်းကိစ္စအရပ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီးနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုလျက်ရှိပါသည်။ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတို့ကုမ္ပဏီတစ်ဦးတည်းမှ တစ်ပါးအခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများကဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ တုပပြုလုပ်သုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက ပြစ်မှုကြောင်းအရ တရားစွဲဆိုကာ လျော်ကြေးငွေများ တောင်းခံသွားမည့်အပြင် အဆိုပါအမှတ်တံဆိပ်အား တုပအသုံးပြုလုပ်သည့် မည်သည့်နေရာမဆို တည်ဆဲ ဥပဒေနှင့်အညီ ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့၊ စီဘီအသက်အာမခံကုမ္ပဏီလီမိတက်**
**ဖုန်း-၀၁-၅၄၁၉၉၄၊ ၀၁-၅၅၇၆၄၀၊ ၀၁-၈၆၀၄၅၀၆**

## တိုက်အမှတ်-၆၅ (၅ လွှာ)၊ ရေကျော်လမ်းမ၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးအောင်မြင့်သိန်းနှင့် မိသားစုသိစေရန်ကြေညာ

ကျွန်ုပ်မိတ်ဆွေ ဦးစောသိန်းဝင်း [၁၂/ပဇတ(နိုင်)၀၁၀၁၃၈]သည် ဖော်ပြပါ တိုက်ခန်းအား ဦးအောင်မြင့်သိန်း၊ ဒေါ်မြင့်မြင့်နွယ်တို့နှင့်အတူ မောင်နှမ(၃)ဦး ပူးတွဲပိုင်ဆိုင် အတူနေထိုင်ခဲ့ကြပါသည်။ ယခုအခါ တိုက်ခန်းတန်ဖိုးအား ကျပ်သိန်း (၃၀၀) သတ်မှတ်၍ ဦးအောင်မြင့်သိန်းနှင့် ဒေါ်မြင့်မြင့်နွယ်တို့အား ၂၆-၁၁-၂၀၁၉ ရက်စွဲပါ စာချုပ်၊ ကျမ်းကျိန်လွှာတို့ ရေးသားချုပ်ဆို ဝန်ခံကတိပြုစေပြီး တစ်ဦးလျှင် ကျပ်သိန်း(၁၀၀)စီ ပေးအပ်ကာ ပူးတွဲပိုင်ဆိုင်မှုအား စွန့်လွှတ်စေခဲ့ပြီး ၃၀-၁၁-၂၀၁၉ ရက် နောက်ဆုံးထား၍ နေအိမ်တိုက်ခန်းမှ မိသားစုနှင့်အတူ ဖယ်ရှားထွက်ခွာသွားကြရန် ဝန်ခံကတိပြုထားကြပြီးဖြစ်ပါသည်။

သို့သော် ဦးအောင်မြင့်သိန်းနှင့် မိသားစုမှ ဖယ်ရှားထွက်ခွာသွားခြင်း မရှိသေး၍ ဤသတင်းစာကြော်ငြာပါရက်မှ (၁၄)ရက်အတွင်း ပြောင်းရွှေ့ဖယ်ရှားပေးကြပါရန် ဖယ်ရှားခြင်းမပြုပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမြင့်မော်**
**LL.B (ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ(စဉ်-၁၇၄၁၇)**
**အမှတ် (၁၂၈)၊ ရန်ပြေ (၉)လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၁၉၀)(၉)ထပ်တိုက်၏ (၉)ထပ်၊ (Pent House) အကျယ်အဝန်း(၂၅ပေx၆၀ပေ)ရှိ ရေမီးအစုံ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားတရားဝင်ပိုင်ဆိုင်သူ ဒေါ်ခင်စန်း[၁၂/ပဇတ(နိုင်)၀၃၈၅၃၈]ထံမှ ကျွန်ုပ်မိတ်ဆွေမှအပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်မည့်သူမည်သူမဆို ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းပပအောင်**
**LL.B,LL,M,D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၆၇)**
**အမှတ်(၁၀၂၅)၊ အင်း၀(၉)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၆၉၂၂၁၄၃၄၈၊ ၀၉-၂၆၂၉၄၈၂၆၈**

# သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

# အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၂၀
၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း(၁၀)ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင်
**"ဦးစိန်ဝင်း၊ ဗဟိုအလုပ်အမှုဆောင်"**
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်
(ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီ) **အား**
လူမှုထူးချွန်တံဆိပ် (ပထမဆင့်) အတွက်လည်းကောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၂၀ အရ
**"ဦးအောင်လွင်အေး၊ အလုပ်အမှုဆောင်"**
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်
(စိန်စမ္ပါယ်မှုးစိန်တိုက်) အား သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ် နှင့်
**"ဦးကျော်စွာဝင်း(ခ)ဦးမြကျော်စွာဝင်း၊ အလုပ်အမှုဆောင်"**
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်
(တော်ဝင်စိန်တိုက်)အား သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက်
အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း
**ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။**

ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်
(MGJEF)

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ ရွှေကျီးလမ်း၊ အမှတ်(ခ/၁၁၅) ဟုခေါ်တွင်သော အလျား (၇၄)ပေ x အနံ (၁၆)ပေအကျယ်အဝန်းနှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်များ အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် ရောင်းချစီမံပိုင်ခွင့်ရှိသူ ဒေါ်ဖြူဖြူသင်း[၁၀/ပမန(နိုင်)၂၃၉၇၅၃]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်မြေကွက်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဟေမာငြိမ်းချမ်းအောင်[၁၄/မမက(နိုင်)၁၈၁၈၇၅]၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သိမ့်သန္တာအောင်** | **ဒေါ်သင်းသင်းဟန်** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၄၈၂၂၉/၂၀၁၆)** | **(စဉ်-၁၁၉၈၆/၂၀၁၇)** |

**စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၄၂၁၁၀၃၄၅၄**

## စားသောက်ဆိုင် ရောင်းမည်

နေပြည်တော် မြို့မဈေးအနီး တောင်ပေါ်ရှိ စားသောက်ဆိုင် ရောင်းမည်။
ဆက်သွယ်ရန်
၀၉ ၄၂၀၇၀၂၀၀၅
၀၉ ၅၀၆၄၄၃၇

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထက်ရှားဝေ [၁၄/ပသန(နိုင်)၂၁၁၅၄၉] ၏ (SIRB) သင်္ဘောသားမှတ်ပုံတင်နှင့် လုပ်သက်မှတ်တမ်းစာအုပ် အမှတ်-၉၄၅၉၀ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း ၀၉-၂၆၃၉၂၀၈၇၈**

## မြေညီတိုက်ခန်းကျယ် (သို့) လုံးချင်းတိုက် ကိုယ်တိုင်ငှားယူလိုသည်။

**ရန်ကုန် ဓနရာကောင်း၊ လမ်းကျယ် (လမ်းမကြီးနှင့် နီးရမည်၊)**
**တိုက်ရှေ့(သို့) ခြံဝန်းထဲကား (၅)စီးခန့် ရပ်နိုင်ရမည်၊**
**ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပေးပါ။ 09 766625777 09 890995607**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ဥတ္တရသီရိမြောက်ရပ်ရှိ၊ မြေကွက်အမှတ်(ဥ-၅၈၈၈)၊ ဦးမျိုးသန့်[၉/ပမန(နိုင်)၁၂၇၉၇၁]၊ အဖအမည် ဦးခင်မောင် အမည်ပေါက် ပါမစ်မြေကွက်၏ မြေကွက်နေရာယာယီချထားခြင်းခွင့်ပြုမိန့်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ မြေကွက်ဖိုးငွေသွင်းချလန်မိတ္တူ၊ ဝန်ခံကတိပြုချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များ တင်ပြပြီး မြေကွက်နေရာယာယီချထားခြင်း ခွင့်ပြုမိန့်မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေနေရာယာယီချထားခြင်း ခွင့်ပြုမိန့်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## နေပြည်တော်ရှိ မြေကွက်များရောင်းမည်

၁။ ပုဗ္ဗသီရိရှိ (၁၃၇. ၅ပေ × ၈၃. ၅ ပေ) (၁)ကွက်
၂။ ပေါင်းလောင်း(၂)၊ ပျဉ်းမနားရှိ (၈၀ ပေ × ၈၀ ပေ) (၁)ကွက်
ဆက်သွယ်ရန် ၀၉ ၅၀၁၄၂၉၂၊ ၀၉ ၄၂၀၇၀၂၀၀၅၊ ၀၉၅၀၆၄၄၃၇

## SKK Family Construction Co.,Ltd.

မှ ရောင်းမည်။ ဘဏ်နှင့်ချိတ်ဆက်ဝယ်ယူနိုင်ပါသည်။
(က) (၁၂. ၅ ပေ × ၅၀ ပေ) သံယံနိုးကျွန်း ဧပြဈေးအနီး တိုက်ခန်းများ
၁။ ပြည်တော်အေးလမ်း၊ လေးခေါင်းကန်ရပ်ကွက်ရှိ (၂) ခန်း
၃လွှာ - ၁ ၊ ၄လွှာ - ၁ ပြင်ဆင်ပြီး
၂။ ရန်ကင်းလမ်း လေးခေါင်းကန်ရပ်ကွက်ရှိ (၁) ခန်း
၅လွှာ - ၁
၃။ ကန်တော်လမ်း လေးခေါင်းကန်ရပ်ကွက်ရှိ (၄) ခန်း
မ - ၂ ၊ ၃လွှာ - ၂
၄။ ကန်တော်လမ်း လေးခေါင်းကန်ရပ်ကွက်ရှိ (၃) ခန်း
မ - ၂ ၊ ၃လွှာ - ၁
(ခ) (၂၃ ပေ × ၅၀ ပေ × ၁၇ ပေ)မြေညီထပ် မှန်ခန်းပေါ်တိုက်ခန်းများ
၁။ ပုသိမ်ညွှန့်(၂)လမ်း ပုသိမ်ညွှန့်ရပ်ကွက်ရှိ (၁) ခန်း
ဆက်သွယ်ရန် ၀၉ ၅၀၁၄၂၉၂ ၀၉ ၄၂၀၇၀၂၀၀၅ ၀၉၅၀၆၄၄၃၇

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**










BORGWARD MYANMAR MAIN SHOWROOM
MMM CAR SHOWROOM
PERFECT AUTO CAR SHOWROOM
KY7 AUTO CAR SHOWROOM
MYO MYANMAR AUTO SERVICE CO.,LTD

HOTLINE +959 898 888 087 +959 898 888 088 +959 898 888 089

## ကြေးမုံ ယနေ့ ဖတ်စရာ


ဂျပန် - မြန်မာ အောင်ဆန်းသက်မွေးပညာ သင်တန်းကျောင်း၏ ဖွင့်ပွဲနှင့် ပန္နက်တင်မင်္ဂလာ အခမ်းအနား ကျင်းပ

စာမျက်နှာ » ၇

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို ဧပြီလ ပထမပတ်တွင် ဖွင့်လှစ်ရန် လျာထား

စာမျက်နှာ » ၁၁



ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်နယ်မြေ၌ သစ်ပင်ပေါင်း တစ်သန်း ပီရူးနိုင်ငံ စိုက်ပျိုးမည်

စာမျက်နှာ » ၁၃

အက်သလက်တီကိုမက်ဒရစ်အသင်း စပိန်စူပါဖလား ဗိုလ်လုပွဲတက်လှမ်း

စာမျက်နှာ » ၂၀


# တတိယအကြိမ်မြောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာ အရောင်းအဝယ်ပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် ဇန်နဝါရီ ၁၀

ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း(ရန်ကုန်)က ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာအရောင်းထည်နှင့် လက်ဝတ်ရတနာပြပွဲ-၂၀၂၀ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မြန်မာနိုင်ငံသည် ကျောက်မျက်ရတနာထွက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သလို မြန်မာနိုင်ငံမှထွက်ရှိသည့် ကျောက်မျက်ရတနာများသည်လည်း နိုင်ငံတကာမှ စိတ်ဝင်စားမှုကို ရရှိသော်လည်း စျေးကွက်တည်ဆောက်မှုအပိုင်းတွင် အားနည်းမှုများရှိကြောင်း၊ ထို့အတွက်ကြောင့်

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❂

# လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း အဖွင့်ပွဲတွင် တန်းတက် အား/ကာသိပ္ပံကို အဝေးကွင်း၌ အနိုင်ရ

မန္တလေး ဇန်နဝါရီ ၁၀

၂၀၂၀ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ယနေ့ညနေပိုင်းက မန္တလေးမြို့ မန္တလာသီရိကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းက အား/ကာသိပ္ပံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍



ရှမ်းယူနိုက်တက်အသင်းတိုက်စစ်မှူး ဇင်မင်းထွန်း အား/ကာသိပ္ပံအသင်းဘက်သို့ ထိုးဖောက်နေစဉ်။



၂၀၁၉ ခုနှစ်က ဖွဲ့စည်းခဲ့သည့် မြန်မာလူငယ်အမျိုးသမီးအသင်း

# ၂၀၂၀ အာဆီယံ ယူ - ၁၈ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာယူ - ၁၈ အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း ပြန်လည်ကျင်းပမည့် ၂၀၂၀ အာဆီယံယူ - ၁၈ အမျိုးသမီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ■

# MFF ဖူဆယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့ ယနေ့စတင်မည်

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၁၉-၂၀၂၀ရာသီ MFF ဖူဆယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့ကို ဇန်နဝါရီ ၁၁ ရက် နံနက် ၈ နာရီခွဲမှစတင်ကာ အမျိုးသားအားကစားပြိုင်ပွဲရုံ - ၂ လှိုင်၌ ကျင်းပသွားမည် ဖြစ်သည်။

**ဂိုးများများ သွင်းယူနိုင်ရန်လိုအပ်**

ပထမအကျော့အပြီး ရပ်တည်မှုအရ ချန်ပီယံဆုအတွက် ရမှတ်တူနေသည့် VUC နှင့် MIU အသင်းတို့၏ ပြိုင်ဆိုင်မှုများကို တွေ့မြင်ရမည်ဖြစ်ပြီး နိုင်ပွဲအပြင် ဂိုးများများ သွင်းယူနိုင်ရန်လည်း လိုအပ်နေသည်။ ပထမအကျော့အပြီးတွင် VUC နှင့် MIU အသင်းတို့က ၃၁မှတ်စီရထားပြီး ဂိုးကွာခြားချက်ဖြင့်

စာမျက်နှာ ၉ ကော်လံ ၅ သို့ ❖








## မင်္ဂလာပါ နာဂမြေ

**နှင်းမာယာ**

နာဂတောင်တန်းဒေသသည် မြန်မာပြည်အနောက်မြောက်ပိုင်း အိန္ဒိယနိုင်ငံနယ်စပ်တွင်ရှိသော ဒေသဖြစ်သည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော ဒေသကြီးငါးခုရှိရာ နာဂဒေသသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော ဒေသတစ်ခုအဖြစ်ပါဝင်သည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လေရှီးမြို့(ပင်လယ်ရေ မျက်နှာပြင်အထက် ၄၄၄၃ ပေ)၊ လဟယ်မြို့ (ပင်လယ်ရေမျက်နှာပြင်အထက် ၄၃၁၃ ပေ)၊နန်းယွန်းမြို့ (ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၁၁၀၀) တို့ပါဝင်သည်။

### ခွဲခြားခေါ်ဆို

စင်စစ်မူ နာဂမြေသည် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံလုံးတွင် ပါဝင်ကာဒေသခံများက နာဂတောင်တန်း (မြန်မာ) နှင့် နာဂတောင်တန်း(အိန္ဒိယ) ဟု ခွဲခြားခေါ်ဆိုကြသည်။ အိန္ဒိယနိုင်ငံတွင်းရှိ နာဂပြည်နယ်သည် ပိုမိုကြီးမားကျယ်ပြန့်ကာ လူဦးရေ ၁ ဒသမ ၈ သန်းခန့် နေထိုင်လျက်ရှိသည်။ မြန်မာပြည်ရှိ နာဂတောင်တန်းဒေသတွင် မြို့ကြီးသုံးမြို့၊ မြို့နယ်ခွဲများနှင့်ကျေးရွာပေါင်း ၂၆၀ ကျော်ခန့်ရှိကာ လူဦးရေ ၁၃၀၀၀၀ ကျော်ခန့်နေထိုင်ကြသည်။ မြန်မာနိုင်ငံ၏ တတိယအမြင့်ဆုံးတောင်ဖြစ်သော စာရာမေရီတောင်သည် နာဂတောင်တန်းဒေသ လေရှီးမြို့တွင် တည်ရှိပြီး အိန္ဒိယ-မြန်မာနယ်ခြားကျောက်တိုင်ကို စာရာမေရီတောင်ထိပ်တွင် စိုက်ထူထားသည်။ မြန်မာပြည်တွင် ထင်ရှားသော စာရာမေတီတောင်၊ ပတ်ကွိုင်တောင်တန်းနှင့် ထိန်ညိုတောင်တို့ကို နာဂတောင်တန်းဒေသတွင် တွေ့မြင်ရသည်။

နာဂတောင်တန်းဒေသတွင် နာဂတိုင်းရင်းသားမျိုးနွယ်စုများစွာနေထိုင်ကြသည်။ နာဂမျိုးနွယ်စုများသည် တိဗက်၊ အာသံ၊ မြန်မာမျိုးနွယ်စုများမှ ဆင်းသက်လာသည်ဟု ဆိုကြပါသည်။ နာဂတိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၀၀ ကျော်ခန့်ရှိသည်ဟု သိရသည်။ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့များတွင် နေထိုင်ကြသောနာဂတိုင်းရင်းသားမျိုးနွယ်စုများမှာ တန်ကွန်၊ ပါရာ၊ မကူရီ၊ ကူကီး၊ လောင်ဖုရီ၊ တန်ရှန်း၊ လိုင်းနောင်၊ မကျန်၊ နောက်အော် (ခမ်းညျှညမ်း)၊ ဂုံဝမ် (ပုံညု) ကျန်း/ကားရော်( ကွန်ညက်) မျိုးနွယ်စုများဖြစ်သည်။

မျိုးနွယ်စုများအကြား မတူညီသောဘာသာစကား၊ ဓလေ့၊ ထုံးတမ်းအစဉ်အလာနှင့် ယုံကြည်မှုများရှိကြသည်။ နာဂမျိုးနွယ်စုများအားလုံးကို ကိုယ်စားပြုသော နာဂမစ်စ်ဘာသာစကားကို နာဂဘာသာစကားအဖြစ် သတ်မှတ်ပြောဆိုကြသည်။ မိမိတို့မျိုးနွယ်စုအလိုက် သီးခြားဘာသာစကားကိုလည်း ပြောဆိုကြသည်။ နာဂတိုင်းရင်းသားအများစုသည် ကယားတိုင်းရင်းသားများနည်းတူ နတ်ကိုးကွယ်ယုံကြည်မှုရှိသည်ကို တွေ့ရသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကာလများတွင် မျိုးနွယ်စုများအတွင်း ဦးခေါင်းဖြတ်ကာ ယစ်ပူဇော်သည့် ဓလေ့ထုံးစံ ရှိခဲ့ဖူးသည်။ နာဂမျိုးနွယ်စုကြီးတစ်စုဖြစ်သော ပါရာနာဂ မျိုးနွယ်စုများသည် တံခွန်တိုင်၏ထိပ်ဖျားတွင် ဦးခေါင်းခွံကို တွဲလောင်းချိတ်ဆွဲထားလေ့ရှိသည်။ အချို့ကမူ နာဂလူမျိုးများကို လူသားစားသော လူရိုင်းများဟု ဆိုခဲ့ဖူးကြသည်။

### အထင်ရှားဆုံးပွဲတော်ဖြစ်

နာဂဒေသတွင် အိန္ဒိယနိုင်ငံနှင့်မြန်မာနိုင်ငံ ပန်ဆောင်သို့ ဆက်သွယ်ထားသော လီဒို(စတီးဝဲလ်) လမ်းမကြီးသည် ထင်ရှားသည်။ ရိုးရာပွဲတော်များအနေဖြင့် နှစ်သစ်ကူးပွဲတော်၊ ကောက်သစ်စားပွဲတော်၊မုန့်ထောင်းပွဲ၊ ကောက်စိုက်ပွဲ၊ ကောက်ရိတ်ပွဲများကို ရာသီအလိုက်ကျင်းပလေ့ရှိရာ ရိုးရာနှစ်သစ်ကူးပွဲတော်သည် အထင်ရှားဆုံးပွဲတော်ဖြစ်သည်။

ပွဲတော်ကျင်းပသောအချိန်မှာ ကောက်ပဲသီးနှံရိတ်သိမ်းပြီးစကာလ၊ တစ်နည်းဆိုရသော် နှစ်သစ်၏ တောင်ယာလုပ်ငန်းခွင်သို့ ပြန်မဝင်မီကာလဖြစ်သည်။ နာဂတောင်တန်းဒေသတွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သည် အစည်ကားဆုံးဖြစ်သည်နှင့်အညီ ပြည်တွင်းပြည်ပမှ ဧည့်သည်များ အထူးစိတ်ဝင်စားကြသော တိုင်းရင်းသားပွဲတော်ဟု ဆိုနိုင်သည်။ ကျွန်မတွေ့ဆုံခဲ့သော နိုင်ငံခြားသားအချို့သည် နာဂတောင်တန်းဒေသ၏ နှစ်သစ်ကူးပွဲတော်ကို နှစ်စဉ်နှစ်တိုင်း မပျက်မကွက် လာရောက်ဆင်နွှဲသူများဟု ဆိုကြသည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နှစ်စဉ် ဇန်နဝါရီ ၁၅ ရက်တွင် ကျင်းပလေ့ရှိကြသည်။ နှစ်သစ်ကူးပွဲတော်ကျင်းပချိန်တွင် အိန္ဒိယနိုင်ငံ နာဂပြည်နယ်မှ နာဂလူမျိုးများလည်း လာရောက်ဆင်နွှဲလေ့ရှိကြသည်။ ယခင်က နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ကျေးရွာအလိုက်၊ မြို့အလိုက် သီးခြားစီ ခွဲခြားကျင်းပခဲ့ကြသော်လည်း ၁၉၉၀ ပြည့်နှစ်မှစတင်ကာ နာဂတောင်တန်းဒေသအတွင်းရှိ မြို့ကြီးသုံးမြို့တွင် အလှည့်ကျ ကျင်းပခဲ့ကြသည်။

အထူးကဏ္ဍစာမျက်နှာ ခ သို့ »»



»» အထူးကဏ္ဍစာမျက်နှာ က မှ

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျင်းပသောရိုးရာနှစ်သစ်ကူးပွဲတော်ကို နာဂတောင်တန်းဒေသ၏ လမ်းပန်းဆက်သွယ်မှု အဆင်ပြေဆုံးဟု ဆိုနိုင်သော လေရှီးမြို့တွင် ကျင်းပခဲ့သည်။ ထိုပွဲတော်သို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမှ ဦးဆောင်သော ခရီးကြမ်းကားမောင်းအဖွဲ့ဝင် မော်တော်ကားပေါင်း ၁၉ စီး၊ လူဦးရေ ၇၀ ကျော် တက်ရောက်ကာ ပိုမိုစည်ကားစွာ ကျင်းပနိုင်ခဲ့သည်။ လေရှီးမြို့သည် လဟယ်မြို့၊ နန်းယွန်းမြို့များနှင့် နှိုင်းယှဉ်ပါက လမ်းပန်းဆက်သွယ်ရေး ပိုမိုချောမွေ့အဆင်ပြေသောမြို့ဖြစ်သည်။ ရန်ကုန်မြို့မှ လေရှီးမြို့သို့ လေကြောင်း၊ ရေကြောင်း၊ ကုန်းလမ်းခရီးများဖြင့် သွားလာနိုင်သည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နာဂတောင်တန်းဒေသ၏ မြို့တော်တစ်ခုဖြစ်သော လဟယ်မြို့တွင် ကျင်းပမည်ဖြစ်သည်။ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို အစဉ်အလာအရ သုံးရက်တိုင်တိုင်ကျင်းပလေ့ရှိကာ ပွဲတော်ပထမနေ့ဖြစ်သော ဇန်နဝါရီ ၁၄ ရက်တွင် မုခ်ဦးဖွင့်လှစ်ခြင်း၊ နာဂရိုးရာတံခွန်တိုင်စိုက်ထူခြင်း၊ ဆုတောင်းတိုင်များစိုက်ထူခြင်း အစီအစဉ်များဖြင့် ပွဲတော်ကိုစတင်ဖွင့်လှစ်မည်ဖြစ်သည်။ ဆုတောင်းတိုင်စိုက်ထူချိန်တွင် နာဂဒေသတစ်ခုလုံးတွင် တစ်နှစ်တာလုံး ဆန်ရေစပါး ကောက်ပဲသီးနှံများ ပေါများပါစေကြောင်း၊ တိုင်းရင်းသားများ ဘေးဘယာ ဝေးကွာပါစေကြောင်း၊ နာဂဒေသကြီးဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာများ ပို့သကြသည်။

ဒုတိယနေ့တွင် ရိုးရာနှစ်သစ်ကူးပွဲတော်ကို နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပလေ့ရှိရာ ရိုးရာယဉ်ကျေးမှုအဖွဲ့များစုံလင်စွာဖြင့် တက်ရောက်ကပြ ဖျော်ဖြေကြသည်။ ညပိုင်းအစီအစဉ်တွင် မီးပုံပွဲဖွင့်လှစ်ခြင်းအစီအစဉ်ပါရှိပါသည်။ ကြွရောက်လာသောဧည့်သည်များအား နာဂရိုးရာအကအဖွဲ့များက မီးပုံပွဲတွင် ရိုးရာအကများ၊ မြေဝိုင်းအကများဖြင့် ထပ်မံဧည့်ခံကြမည်ဖြစ်သည်။ ထို့ပြင် ပွဲတော်ရက်များအတွင်း ရိုးရာအားကစားပြိုင်ပွဲများနှင့် တေးဂီတ အစီအစဉ်များကိုလည်း မြင်တွေ့ကြရမည်ဖြစ်သည်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့က နာဂတောင်တန်းဒေသတွင် ကျင်းပခဲ့သည်မှာ ၂၀၂၀ ပြည့်နှစ်တွင် နှစ်ပေါင်း (၃၀)ပြည့်မြောက်မည်ဖြစ်သည်။ သို့ဖြစ်ရာ ပုလဲရတုအထိမ်းအမှတ်အဖြစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို ခန္တီးမြို့တွင် ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ နာဂစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ဦးဆောင်ကျင်းပသွားမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကျရောက်မည့် နာဂရိုးရာပွဲတော်ကို ပြည်တွင်းပြည်ပ ခရီးသွားများအနေဖြင့် ခန္တီးမြို့နှင့် လဟယ်မြို့များတွင် ပါဝင်ဆင်နွှဲနိုင်မည်ဖြစ်သည်။

လဟယ်မြို့သည် ခန္တီးမြို့မှ ၅၆ မိုင်အကွာတွင်ရှိကာ မော်တော်ကားဖြင့် သွားမည်ဆိုပါက အချိန် ငါးနာရီခန့် ခရီးသွားရမည်ဖြစ်သည်။ လဟယ်မြို့တွင် နာဂမျိုးနွယ်စုများဖြစ်သော လိုင်းနောင်၊ မကျန်၊ ကျန်း/ကားရော်(ကွန်းညက်)၊ တန်ရှန်း (ဟိုင်းမြေ)၊ ဂုံဝမ်(ဟိုင်းမြေ) နာဂများကို တွေ့ရမည်ဖြစ်သည်။

နာဂတောင်တန်းသို့ ရေကြောင်းခရီးဖြင့်သွားပါက ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် မြစ်၏အလှအပများကို မျက်စိတစ်ဆုံး မြင်တွေ့နိုင်သော်လည်း အမြန်ယာဉ်လိုင်းများအနေဖြင့် အဆင့်မီသော ဝန်ဆောင်မှုများကို မပေးနိုင်သေးချေ။ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်တွင် မုံရွာမြို့မှသည် ဟုမ္မလင်းမြို့အကြားတွင် ကျေးရွာပေါင်းသုံးရာကျော်မျှရှိကာ အမြန်ယာဉ်သည် လက်ပြတားရာကမ်းမှ ခရီးသည်များကို တင်ဆောင်ကြသည်ကို တွေ့မြင်နိုင်သည်။ ရေကြောင်းခရီးစဉ်အနေဖြင့် မုံရွာ၊ ဟုမ္မလင်း၊ ထမံသီမှသည် ခန္တီးမြို့အရောက် သုံးရက်ခန့် ခရီးနှင်ရမည်ဖြစ်သည်။

နာဂတောင်တန်းများဆီမှတစ်ဆင့် အိန္ဒိယပြည် နာဂမြေ၏ မြို့တော်ဖြစ်သော ကိုဟီးမားမြို့သို့ သွားရောက်လည်ပတ်နိုင်သည်။ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကာလများတွင် လေရှီးမြို့မှတစ်ဆင့် အိန္ဒိယနိုင်ငံ နာဂပြည်နယ်၏ မြို့တော်ဖြစ်သော ကိုဟီးမားမြို့အထိ သွားရောက်လည်ပတ်ကြသူများလည်း ရှိသည်။ လေရှီးမြို့၏ အနောက်ဘက် မိုင် ၄၀ အကွာတွင် ဆွမ္မရာမြို့ရှိပြီး ဆွမ္မရာမြို့မှ ခြောက်မိုင်ခန့်ခရီးဆက်လျှင် အိန္ဒိယနိုင်ငံ နယ်စပ်သို့ ခရီးပေါက်သည်။ လေရှီးမြို့မှ ကိုဟီးမားသို့ သွားမည်ဆိုပါက တစ်ညအိပ်ခရီးတိုသွားနိုင်သည်။ ဆွမ္မရာမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၆၄၀၀ တွင် တည်ရှိသော နာဂတောင်တန်း၏ မြို့ငယ်တစ်မြို့ဖြစ်ကာ တန်ကွန်နာဂမျိုးနွယ်စု အများဆုံးနေထိုင်သောဒေသ ဖြစ်သည်။

မြန်မာနိုင်ငံတွင် တတိယအမြင့်ဆုံးတောင်ဖြစ်သော စာရာမေရိတောင်ကို လေရှီးမြို့ ရှုခင်းသာမှ ကြည်လင်ပြတ်သားစွာ တွေ့မြင်ရသည်။ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ရေခဲလေ့ရှိသော စာရာမေရိတောင်သည် ပြည်တွင်းတောင်တက်သမားများအကြားတွင် ရေပန်းစားလာသည်နှင့်အမျှ လူသူအရောက်အပေါက်များလာသည်ကို တွေ့ရသည်။ လေရှီးမြို့မှ စာရာမေရိတောင်သို့ သွားပါက အသွားအပြန် ခြောက်ရက်ခန့် တောလမ်းအတိုင်းသွားနိုင်သည်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ လာရောက်ကြသော နိုင်ငံခြားသားများအနေဖြင့် လေရှီးမြို့နှင့် လဟယ်မြို့များသို့ ခရီးသွားလာခွင့်ပြုမိန့်မပါဘဲ သွားနိုင်သော်လည်း နန်းယွန်းမြို့သို့ သွားရောက်လည်ပတ်လိုပါက ဒေသဆိုင်ရာ ခရီးသွားအဖွဲ့အစည်းများတွင် ခရီးသွားလာခွင့်တောင်းခံရမည်ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် နန်းယွန်းမြို့သည် နိုင်ငံခြားသားများအတွက် လုံခြုံရေးအရ ကန့်သတ်ချက်ရှိသော မြို့တစ်မြို့ဖြစ်သည်။

၂၀၁၉ ခုနှစ်တွင် ကျင်းပသော ရိုးရာနှစ်သစ်ကူးပွဲတွင် နာဂရိုးရာအကအဖွဲ့ ၃၇ ဖွဲ့ကို နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့က စီစဉ်ဖိတ်ကြားခဲ့သည်။ ထိုအကအဖွဲ့များတွင် အိန္ဒိယနိုင်ငံ နာဂပြည်နယ်မှ ရိုးရာအကအဖွဲ့အချို့လည်း ပါဝင်သည်ဟု သိခဲ့ရသည်။ ပွဲတော်နေ့ဖြစ်သော ဇန်နဝါရီ ၁၅ ရက်တွင် နာဂရိုးရာအကအဖွဲ့ဝင် ၂၀ ကျော်က ရိုးရာအကများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ပါဝင်ဆင်နွှဲကြသည်။ အကအဖွဲ့တစ်ဖွဲ့လျှင် တိုင်းရင်းသား ၅၀ ခန့်ပါဝင်သော အဖွဲ့ ၁၇ ဖွဲ့က ရိုးရာတေးသီချင်းများ သီကျူးကာ နှစ်သစ်ကူးပွဲကို ပျော်ရွှင်စွာဆင်နွှဲကြသည်။

ပွဲတော်နေ့ဖြစ်သော ဇန်နဝါရီ ၁၅ ရက်သည် အစည်ကားဆုံးနေ့ပင်ဖြစ်သည်။ နံနက်ခင်းမှသည် ညနေစောင်းသည်အထိ တိုင်းရင်းသားရိုးရာအကများ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ကပြဖျော်ဖြေကြသည်။ ညပိုင်းတွင် မီးရှူးမီးပန်းဖောက်ကာ ညမီးပုံပွဲကို ဆက်လက်ဆင်နွှဲကြသည်။ ကွင်းလယ်တွင် ဝါးတစ်ပြန်စာမျှ မြင့်မားသော မီးပုံကြီးရှိပြီး တိုင်းရင်းသားအကအဖွဲ့များသည် မီးပုံကိုပတ်ကာ ကကြပြန်သည်။ မျိုးနွယ်စုများ၏ နေ့အကနှင့် ညအကများကို မမောနိုင်မပန်းနိုင် ကြည့်ခွင့်ရမည်ဖြစ်သည်။ မီးပုံပွဲတွင် ဒေသခံအကအဖွဲ့များနှင့်အတူ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဧည့်သည်များပါ ပျော်ပျော်ပါးပါး ကခုန်ခွင့်ရကြသည်။ မီးပုံပွဲတွင် ရိုးရာအကအဖွဲ့များဖျော်ဖြေနေချိန်တွင် နာဂရိုးရာပန်အိမ်တွင်လည်း ပွဲတော်လာဧည့်သည်များက ပန်တုံးများမြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ကာ ပွဲတော်ညကို ပျော်ရွှင်စွာ ဖြတ်သန်းကုန်ဆုံးခဲ့ကြသည်။

နာဂလူမျိုးများ၏ ချမ်းသာကြွယ်ဝမှုကို နွားနောက်ပိုင်ဆိုင်မှုဖြင့် တိုင်းတာကြသည်။ နှစ်သစ်ကူးပွဲတော်သို့ လာရောက်သူများကို နွားနောက်သားများဖြင့် ကျွေးမွေးဧည့်ဝတ်ပြုကြသည်။ နာဂတောင်တန်းတွင် လိမ္မော်သီး၊ ထောပတ်သီး၊ မက်မန်းသီးများ စိုက်ပျိုးကြသည်။ အခြားတိုင်းရင်းသားဒေသများနည်းတူ နာဂဒေသတွင်လည်း ခရီးသွားဧည့်သည်များကို ရိုးရာခေါင်ရည်ဖြင့် ဧည့်ဝတ်ပြုတတ်ကြသည်။

အချုပ်ဆိုရသော် နာဂတောင်တန်းခရီးစဉ်သည် ခရီးဝေးသောကြောင့် ပင်ပန်းသော်လည်း ပျော်ရွှင်မှုအများဆုံးပေးနိုင်သော ခရီးစဉ်ပင်ဖြစ်သည်။ နာဂတောင်တန်းဒေသအပါအဝင် ချင်းတွင်းအထက်ပိုင်းရှိ ဒေသခံများသည် ဖော်ရွေပျူငှာကြသည်။ ခရီးသွားများကို အစွမ်းကုန် ကူညီစောင့်ရှောက်မှုပေးကြသည်။ ထို့ပြင် ရောက်လေရာအရပ်ဒေသတို့တွင် ခိုးဆိုးလုယက်သူမရှိ၊ အန္တရာယ်ပေးနိုင်မည့်သူမရှိသောကြောင့် ခရီးသွားများအတွက် ဘေးကင်းလုံခြုံမှုရှိသော ဒေသများဟု မြင်မိသည်။ ၂၀၂၀ ပြည့်နှစ်တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို လဟယ်မြို့၌ ပိုမိုစည်ကားသိုက်မြိုက်စွာ မြင်တွေ့ရမည်မှာ သေချာလှပေသည်။

**နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့က နာဂတောင်တန်းဒေသတွင် ကျင်းပခဲ့သည်မှာ ၂၀၂၀ ပြည့်နှစ်တွင် နှစ်ပေါင်း (၃၀)ပြည့်မြောက်မည်ဖြစ်သည်။ သို့ဖြစ်ရာ ပုလဲရတုအထိမ်းအမှတ်အဖြစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ခန္တီးမြို့တွင် ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ နာဂစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ဦးဆောင်ကျင်းပသွားမည်ဖြစ်**

## ဖိတ်ခေါ်ပါသည်

**ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။**

**[စာတည်း]**

# ရောင်စုံဖူးပွင့်လှပနေသော ချင်းတိုင်းရင်းသားတို့၏ ရိုးရာဝတ်စားဆင်ယင်မှုဓလေ့များ

မင်းလပြည့်(ဟားခါး)

**ချင်း** ပြည်နယ်သည် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၅၃ မျိုးရှိသဖြင့် နေရာဒေသ၊ ရာသီဥတု၊ မြေမျက်နှာပြင်အနေအထားများမှာလည်း ကွဲပြားလျက်ရှိပါသည်။ ပြည်နယ်တစ်ခုလုံး တောင်တန်းကုန်းမြင့်များ ဖုံးလွှမ်းနေသကဲ့သို့ စာပေ၊ ဘာသာစကားများမှာလည်း မတူညီကြပေ။ ချင်းပြည်နယ်၏ မြောက်ပိုင်းတွင် ဟားခါးမြို့၊ ဖလမ်းမြို့၊ ထန်တလန်မြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့တည်ရှိပြီး ချင်းပြည်နယ်တောင်ပိုင်းတွင် မင်းတပ်မြို့၊ မတူပီမြို့၊ ကန်ပက်လက်မြို့နှင့် ပလက်ဝမြို့တို့ ရှိကြပါသည်။

ချင်းပြည်နယ်မြောက်ပိုင်းတွင် များသောအားဖြင့် ကလေးများ သုံးရက်သားရှိလျှင် ဆံရိတ်ပေးလေ့ရှိကြသည်။ အသက်အရွယ်ကြီးလာသောအခါ မိန်းမ၊ ယောကျ်ားအားလုံး ဆံရှည်ထားတတ်ကြသည်။ ရှေးအခါက ယောကျ်ားများသည် နားဖောက်လေ့ရှိသည်။ နားဖောက်သည့်အခါတွင် နားနောက်မှ ကန်စွန်းဥ၊ ပိန်းဥ၊ ဘူးသီးခြောက်အခွံများခံ၍ ရောက်ဆူး၊ ဖြူဆူးစသည်များဖြင့် ထိုးဖောက်လေ့ရှိပြီး နားပေါက်တွင် ပန်းစည်းကြိုးစသည်ဖြင့် အလှပန်ဆင်လေ့ရှိသည်။ မိန်းမများသည် ပယင်းကျောက်၊ မဟူရာစသော နားတောင်းကြီးများကို ပန်ဆင်လေ့ရှိသည်။

**မဟူရာပုတီးကြီးများကိုလည်း ဝတ်ဆင်လေ့ရှိ**

များသောအားဖြင့် တီးတိန်နယ်တွင် မိန်းမများသည် ငွေနှင့် ကြေးနီလက်ကောက်ကြီးများကို ဝတ်ဆင်ကြသည်။ ကြေးနီကွင်းများကို လက်မောင်းတွင်ဝတ်၍ ဂျပ်ခုတ်ထည်များကို ဝတ်ဆင်ကြသည်။ အင်္ကျီမှာ ရင်စေ့အင်္ကျီသဘောပင်ဖြစ်သည်။ လည်ဆွဲရတနာများအဖြစ် ပယင်းစေ့နှင့် သန္တာနီများကို စီ၍ ဆွဲကြသည်။ ထို့အပြင် နာဂတောင်တန်းမှ လာရောက်ရောင်းချသော မဟူရာပုတီးကြီးများကိုလည်း တီးတိန်အမျိုးသမီးများ ဝတ်ဆင်လေ့ရှိကြသည်။ ထဘီများမှာ ရင်ကွဲထဘီများဖြစ်၍ များသောအားဖြင့် ရှေးအခါက ဒူးအထက်အထိ ဝတ်ဆင်လေ့ရှိသည်။ အရွယ်မရောက်သေးသော မိန်းကလေးများသည် “မောင်ခါး”ခေါ် ကြိုးနှင့် အမြိတ်ချထားသော ခါးဝတ်တစ်မျိုးကို ဝတ်ဆင်ကြသည်။ ဖလမ်းဒေသတွင် ယင်းခါးဝတ်ကို “ဒိုင်ခရပ်”ဟု ခေါ်သည်။

တီးတိန်နယ်အတွင်းရှိ ချင်းအမျိုးသမီးများသည် ကျစ်ဆံမြီးကိုသုံးခုခွဲ၍ ကျစ်ပြီးနှစ်ခုကို နားနောက်နှင့် နားရှေ့တွင်ထားကာ ကျန်တစ်ခုကို ခေါင်းနောက်တွင် ထားလေသည်။ စီးယင်း ချင်းအမျိုးသမီးသည် အပျိုစင်ဘဝ၌ ဆံပင်ကို နောက်စေ့တည့်တည့်တွင်ထုံးသည်။ ဆံကျစ်နှစ်ခုကို နားထင်အောက်မေးစေ့အနီးတွင်ထားပြီး ရှေ့သို့ကောက်ထားသော် ကာမပိုင်ကားရှိ၏၊ သားသမီးကား မရသေးဟုသိနိုင်၏။ အကယ်၍ သားသည်မိခင်ဖြစ်ခဲ့လျှင် နောက်တည့်တည့်တွင် ထုံးထားသော ဆံထုံးငယ်ကို ရှေ့တွင်ထားသော ဆံကျစ်ထုံးနှင့်ရော၍ ထားလေ့ရှိသည်။

တီးတိန်ယောကျ်ားတို့သည် လေးပစ်သောအခါ လက်တွင်မရှစေရန် ကြေးနီကွင်းများ ဝတ်ဆင်လေ့ရှိကြသည်။ ဆံပင်ကို အရှည်ထား၍ ဆံထုံးကို နောက်စိတည့်တည့်တွင် ထုံးတတ်ကြသည်။ ထို့အပြင် နဖူးတွင် ပဝါပေါင်းလေ့ရှိသည်။ ယောကျ်ားများဝတ်သော အင်္ကျီမှာ သင်တိုင်းမျိုးဖြစ်၍ အဖြူရောင်ချည်ထည်ဖြစ်ပြီး အင်္ကျီမှာ ဒူးအထက်အထိ ဖုံးလေသည်။ လက်သည် လက်ရှည်ဖြစ်သည်။ အမျိုးသမီးနှင့် အမျိုးသားများသည် ပွဲတော်တွင် သစ်လွင်သော၊ တောက်ပသော အဝတ်သစ်များကို ဝတ်ဆင်ကြသည်။ ဟားခါးအမျိုးသမီးနှင့် အမျိုးသားတို့သည်လည်း အများအားဖြင့် ဂျပ်ခုတ်ထည်များကို ဝတ်ဆင်ကြသည်။ မိန်းမများသည် ဂျပ်ခုတ်လုံချည်၊ ဂျပ်ခုတ်အင်္ကျီနှင့် ဂျပ်ခုတ်စောင်များကို ဝတ်ဆင်လေ့ရှိသည်။ များသောအားဖြင့် အင်္ကျီမှာ အဖြူ

**ချင်းပြည်နယ်မြောက်ပိုင်းတွင် များသောအားဖြင့် ကလေးများ သုံးရက်သားရှိလျှင် ဆံရိတ်ပေးလေ့ရှိကြသည်။ အသက်အရွယ်ကြီးလာသောအခါ မိန်းမ၊ ယောကျ်ားအားလုံး ဆံရှည်ထားတတ်ကြသည်။ ရှေးအခါက ယောကျ်ားများသည် နားဖောက်လေ့ရှိသည်။ နားဖောက်သည့်အခါတွင် နားနောက်မှ ကန်စွန်းဥ၊ ပိန်းဥ၊ ဘူးသီးခြောက်အခွံများခံ၍ ရောက်ဆူး၊ ဖြူဆူးစသည်များဖြင့် ထိုးဖောက်လေ့ရှိပြီး နားပေါက်တွင် ပန်းစည်းကြိုးစသည်ဖြင့် အလှပန်ဆင်လေ့ရှိသည်။ မိန်းမများသည် ပယင်းကျောက်၊ မဟူရာစသော နားတောင်းကြီးများကို ပန်ဆင်လေ့ရှိ**

သို့မဟုတ် အနက်ရောင်ဖြစ်ပြီး အချို့သည် အနီခံတွင် အစိမ်း၊ အနက်၊ အနီများ အဆင်ဖော်ထားသည်။ အင်္ကျီမှာ ရင်စေ့လက်တိုဖြစ်ပြီး အနားတွင် အကွက်အဆင်များ ခြယ်သထားကြသည်။ အင်္ကျီကို လက်မောင်းအလယ်၊ လက်မောင်းအထက်အထိ လက်တိုညှပ်၍ ဝတ်ဆင်ကြသည်။ လုံချည်မှာ ကန့်လန့်စင်း၊ မှန်ကူကွက်ဖော် ပန်းပွင့်၊ ပန်းပြောက် အဆင်များဖြစ်သည်။

**ပိုးထည်စောင်များကို ခြုံလေ့ရှိ**

မိန်းမများသည် လုံချည်ကို ခြေမျက်စိဖုံးဝတ်ဆင်သည်က များသည်။ ငွေလက်ကောက်၊ သတ္တုလက်ကောက်၊ ဒန်လက်ကောက်များကို အလှအပအဖြစ် ဝတ်ဆင်ကြသည်။ ထို့အပြင် ပယင်းပုတီး၊ မဟူရာပတီးနှင့် ငွေဒင်္ဂါးဆွဲကြိုးများကိုလည်း ဆင်ယင်လေ့ရှိကြသည်။ ခါးတွင်လည်း ငွေနန်းကြိုးနှင့် ကြေးနန်းကြိုးများကို အပြားလိုက်သီ၍ ပတ်ကြသည်။ ပွဲတော်ရက်များတွင် အစိမ်း၊ အနီ၊ အဖြူ၊ အနက် ရောစပ်၍ လှပစွာ ရက်လုပ်ထားသော ပိုးထည်စောင်များကို ခြုံလေ့ရှိသည်။ ဆံပင်ကိုလည်း နောက်ထုံး ဆံထုံးထုံး၍ ကြေးဆံထိုး၊ ဝါးဆံထိုးနှင့် ဖြူဆူးဆံထိုးများကို ဆံပင်တွင် စိုက်ထိုးလေ့ရှိသည်။

ဟားခါးနယ်တွင် အမျိုးသားများသည် ရှေးအခါက ခါးစည်းများကို ခါးတောင်းကျိုက်၍ ရှေ့တွင် အမြိတ်များကို လှပစွာချထားလေ့ရှိသည်။







ဘောင်းဘီတို သို့မဟုတ် လုံချည်များကိုလည်း ဝတ်ဆင်လေ့ရှိသည်။ ပွဲရက်များရှိသည့်အခါတွင် ယောကျ်ားလေးများသည် အဖြူ၊ အနီ၊ အနက်၊ အပြာ၊ အဝါ စသည်ဖြင့် ရောင်စုံအဆင်ဖော်ထားသော စောင်များကို ခြုံကြသည်။ ယောကျ်ားများသည် ဆံပင်ကို ရှေ့တည့်တည့် နဖူးအပေါ်တွင် တင်၍ထုံးတတ်ကြသည်။ ပွဲရက်များတွင် အနက်အစင်းကို ကန့်လန့်ဖော်ထားသော ခေါင်းပေါင်းများကို ပေါင်းလေ့ရှိပြီး“ဗာဇွန်”ခေါ် ငှက်တော်မြီးများကို ခေါင်းတွင် စိုက်ထိုးလေ့ရှိသည်။

ဖလမ်းနယ်တွင် ရှေးက ရိုးရာဖြစ်ဂျပ်ခုတ်ထည်များကိုသာ ဝတ်ဆင်ကြသည်။ မိန်းမများသည် ဆံပင်ကို နောက်တွင်ထုံး၍ အချို့လည်း ဆံပင်ကို ချည်ကြိုးဖြင့် ရစ်ထုံးပြီး ဘယ်ဘက်တွင် ဖြစ်စေ၊ ညာဘက်တွင်ဖြစ်စေ ထားကြလေသည်။ အချို့ဒေသများတွင် ဆံပင်ကို ကျစ်ဆံမြီးကျစ်၍ ဘေးတစ်ဖက်တစ်ချက်တွင် လည်းကောင်း၊ နောက်စိတည့်တည့်တွင် လည်းကောင်း ထုံးဖွဲ့ထားတတ်သည်။ ဆံထုံးထုံးလျှင် ကြေး၊ သံ၊ ဒန်၊ ခဲမဖြူများကို မြေဖြူတောင့်အရွယ် ပြုလုပ်၍ နားတောင်းပန်ဆင်ကြသည်။ ပုလဲပုတီး၊ ငွေဒင်္ဂါးပုတီးနှင့် ကြေး၊ ရွှေ၊ ငွေ၊ ဒန်လက်ကောက်၊ လက်စွပ်များကိုလည်း ဝတ်ဆင်ကြသည်။

**ဝတ်ဆင်**

ပွဲရက်များတွင် အမျိုးသမီးများသည် သတ္တု၊ ငွေ၊ ကြေးနန်းချေ၊ ခဲမဖြူချေများဖြင့် သွန်းလောင်းပြုလုပ်ထားသော ခါးစည်း၊ ခါးပတ်များကို အလှဝတ်ဆင်သည်။ ပွဲတော်ရက်များတွင် ဒေသမျိုးနွယ်အလိုက် ပိုးချည်၊ သိုးမွေးချည်၊ ချည်ရောင်စုံများကို အလှအပဝတ်ဆင်သည်။ နေ့စဉ်ဝတ်သော အဝတ်မှာ ပခုံးပြတ်လက်တိုအင်္ကျီဖြစ်၍ ထဘီမှာ ရိုးရိုးအနက်ထည် ဖြစ်သည်။ အချို့ဒေသများတွင် ထဘီများကို ခြေမျက်စိပေါ်ဝတ်ဆင်၍ အချို့ဒေသများတွင် ခြေသလုံးအထိ ဝတ်ဆင်လေ့ရှိကြသည်။ ရိုးရိုးအချိန်တွင် ထဘီရိုးရိုးကို ဝတ်ဆင်သော်လည်း ပွဲလမ်းသဘင်ရှိသည့်အခါတွင် အဖိုးတန်အလှဆင်သော ထဘီများကို ဝတ်ဆင်ကြသည်။ များသောအားဖြင့် ဒေါင်းမြီးနှင့် ဖြူဆူးတောင်များပါသော ခေါင်းလောင်းတန်ဆာကို မိန်းမများ ဝတ်ဆင်ကြသည်။

“တိုင်ရွှန်း”အမျိုးသမီးများသည် အနက်ရောင်ထဘီနှင့် အနက်ရောင်အင်္ကျီ ဝတ်ဆင်၍ ပွဲရက်များတွင် အနီရောင်ခေါင်းခွေဆင်ပြီး အင်္ကျီများတွင် ကြွေစေ့များကို စီထားကြသည်။ သန္တာစေ့၊ ကျောက်နီ၊ ပယင်းပုတီးများကိုလည်း ပွဲလမ်းသဘင်သုံး အဆင်တန်ဆာများအဖြစ် ဝတ်ဆင်ကြသည်။

ဖလမ်းမြို့နယ်တွင် ယောကျ်ားများသည် ရှေးအခါက နားဖောက်၍ နားတွင် ပုတီးနီစေ့တစ်စေ့ကို ကြိုးဖြင့်သီပြီး ပန်ဆင်သည်။ အချို့ယောကျ်ားများသည် သစ်သားနားတောင်းကို ဟင်္သာပြဒါးသုတ်၍ ငှက်မွေးတောင်အနီများပါစု၍စည်းပြီး နားတောင်းအဖြစ် ပန်ဆင်ကြသည်။ အချို့ဒေသများတွင် အနီနှင့် စိမ်းပြာရောင်ပုတီးများ၊ မဟူရာပုတီးများ ဆွဲကြသည်။ ယောကျ်ားများမှာ ရှေးက နေ့စဉ်ဝတ်အဖြစ် ခါးစည်း၊ ခါးတောင်းကျိုက်၊ ဘောင်းဘီတို ဝတ်ဆင်၍ ခြုံစောင်ကိုခြုံပြီး လွယ်အိတ်ကို လွယ်ကြသည်။ ယောကျ်ားများမှာ ရှပ်ဖြူအင်္ကျီပေါ်တွင် အရောင်စုံ၊ အဆင်စုံရက်လုပ်ထားသော ခြုံစောင်များကို ခြုံ၍ ငယ်ထိပ်တည့်တည့်၌ လည်းကောင်း၊ နဖူးပေါ်တွင်လည်းကောင်း ဆံထုံးများထုံးပြီး ပဝါဖြင့် ရစ်ပတ်ထားကြသည်။

ဖလမ်းမြို့နယ်တွင် ရှိသော “ဟွာလ်ငို” အမျိုးသားများမှာ ရှပ်လက်ရှည်အဖြူကိုဝတ်ဆင်၍ ရှပ်အင်္ကျီအိတ်နှစ်လုံးကို အောက်နားလောက်တွင် တပ်ဆင်ထားလေ့ရှိသည်။ ပန်းကွက်စောင်ကိုလည်း လုံချည်အဖြစ် ဝတ်ဆင်သည်။

ချင်းတောင်တွင် ကလေးငယ်များမှာ များသောအားဖြင့် ယင်းတို့၏ ရိုးရာအတိုင်း ပုတီးစေ့များကို လည်တွင်ဝတ်ဆင်၍ ချည်ကြိုးများကို ခါးတွင် ပတ်ထားလေ့ရှိသည်။

မင်းတပ်၊ မတူပီဘက်တွင် အူးပူချင်းတို့မှအပ အခြားသော မင်းတပ်၊ မတူပီ ချင်းတို့သည် ဝတ်စားဆင်ယင်မှုတွင် အတော်အတန် တူညီမှုရှိလေသည်။

“အူးပူ”ချင်းတို့သည် လုံချည်နှင့် ထဘီများကို ဝတ်ဆင်ကြသည်။ ယင်းတို့၏ လုံချည်၊ ထဘီတို့မှာ ဂျပ်ခုတ်ဖြစ်၍ နှစ်နံစပ် ဖြစ်သည်။ အနီခံတွင် အနက်စင်းများ ကန့်လန့်ရက်၍ထားသည်။

**အနည်းငယ်ကွာခြား**

မင်းတပ်၊ မတူပီဘက်တွင် ယောကျ်ားများသည် ဆံရှည်ထား၍ ဦးထိပ်အရှေ့ကျကျတွင် ဆံထုံး ထုံးသည်။ ဆံထုံးကဲ့သို့ ဆံထိုးရှည်များ ထိုးလေ့ရှိသည်။ နတ်ပွဲများကျင်းပသည့်အခါ ခေါင်းတွင် ပန်း သို့မဟုတ် ကြက်တောင်၊ ငှက်တောင်များကို ထိုးကြသည်။ ထုံးထားသောဆံထုံးကို ပတ်၍လည်း ခေါင်းပေါင်း ပေါင်းကြသည်။ ခေါင်းပေါင်း ပေါင်းနည်းမှာ တစ်မျိုးနှင့်တစ်မျိုး အနည်းငယ် ကွာခြားကြသည်။

ခါးတွင် လုံချည်အစား ခါးစည်းများကို ဝတ်ဆင်လေ့ရှိကြသည်။ တောင်တက်တောင်ဆင်း ခရီးများအတွက် အဆင်ပြေသော အဝတ်အစားများဖြစ်သည်။ အချို့လည်း အင်္ကျီအစား သင်တိုင်းဝတ်ကြသည်။ ဤသင်တိုင်းမှာ အနံတစ်တောင်၊ အလျား နှစ်တောင့်တစ်ထွာခန့်ရှိသော အဝတ်စကို ကြိုးများတပ်ဆင်၍ ကြိုးကို ပခုံးတွင်သိုင်းလိုက်သောအခါ အဝတ်စတစ်ဖက်သည် ခေါက်၍ အနောက်ဘက်တင်ပါးလောက်အထိ ကျဆင်းသွားသည်။ အေးသောရာသီဖြစ်သောကြောင့် စောင်များကို ခြုံထားလေ့ရှိကြသည်။ စောင်ကို ရိုးရိုးခြုံသည်လည်းရှိသည်။ ပခုံးတွင် သိုင်း၍ချည်ကာ နောက်ဘက်သို့ ချထားခြင်းလည်းရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

# ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များဖြင့် စည်ကားသက်ဝင်လာတော့မည့် လားဟူတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်

**မြင့်မိုရ်(တာချီလိတ်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ရှမ်း၊ အာခါ၊ လားဟူ၊ ကရင် စသည့် တိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်များစွာရှိသည့်အထဲတွင် လားဟူ ရိုးရာနှစ်သစ်ကူးပွဲတော်သည်လည်း အပါအဝင်ဖြစ်သည်။ လားဟူရိုးရာနှစ်သစ်ကူးပွဲတော်တွင် လားဟူတိုင်းရင်းသားတို့၏ စုပေါင်းမြေဝိုင်းအက၊ ရိုးရာလက်ဆေးမင်္ဂလာ၊ ဥယျာဉ်ခြံမြေထွက် အသီးအနှံများနှင့် ပစ္စည်းဥစ္စာများ စုပေါင်းလှူဒါန်းခြင်း၊ ရိုးရာတေးသီချင်းများ၊ ညီညာပြီးမြူးကြွဖွယ်ဘူးပုလွေအက၊ ဝတ်စားဆင်ယင်မှုနှင့် ကျေးရွာအလိုက် ရွှေ့ပြောင်း(မိုဘိုင်း)ကျင်းပသည့် သဘာဝအလှများကို ဇန်နဝါရီလအတွင်း ရှုမြင်ခံစားရမည်ဖြစ်သည်။

လားဟူရိုးရာနှစ်သစ်ကူးပွဲတော်ကို ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများနှင့်အညီ နှစ်စဉ်အစဉ်အလာမပျက် ရှမ်းအရှေ့တောင်ပေါ်ဒေသကျေးရွာများတွင် ရွှေ့ပြောင်း(မိုဘိုင်း) ကျင်းပလျက်ရှိပြီး (၂၂)ကြိမ်မြောက် လားဟူတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်ကို တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ရေပူစမ်းစံပြကျေးရွာတွင်လည်းကောင်း၊ မိုင်းဆတ်မြို့နယ် မိုင်းတွမ်းတောင်ပေါ်ကျေးရွာအုပ်စု ပူနားကိုကျေးရွာတွင်လည်းကောင်း ဇန်နဝါရီ ၂ ရက်က ကျင်းပရာ ပွဲတော်သို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်လှိုင်နှင့် စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာများ၊ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအဖွဲ့များ၊ တိုင်းရင်းသားများနှင့် သတင်းမီဒီယာများ စုံလင်စွာ တက်ရောက်ပြီး လားဟူရိုးရာ မြေဝိုင်းအကတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။



**လားဟူတိုင်းရင်းသားများသည် ရာသီ နှစ်တစ်နှစ်တာအား တိရစ္ဆာန်အကောင် ၁၂ ကောင်တို့ဖြင့် သတ်မှတ်ထားရှိရာ ယခင်နှစ် ၂၀၁၉ ခုနှစ် ဝက်နှစ်မှ ယခုနှစ် ၂၀၂၀ ပြည့်နှစ် ကြွက်နှစ်သို့ ကူးပြောင်းရောက်ရှိလာခဲ့ရာ တစ်နှစ်တာရာသီကာလအတွင်း ကျင်းပကြသည့် ပွဲတော်များထဲတွင် စုပေါင်းနှစ်သစ်ကူးပွဲတော်ကို အထွတ်မြတ်ဆုံး၊ အကြီးအကျယ်ဆုံးပွဲတော်အဖြစ် သတ်မှတ်ထား**

လားဟူတိုင်းရင်းသားများသည် ရာသီ နှစ်တစ်နှစ်တာကို တိရစ္ဆာန်အကောင် ၁၂ ကောင်တို့ဖြင့် သတ်မှတ်ထားရှိရာ ယခင်နှစ် ၂၀၁၉ ခုနှစ် ဝက်နှစ်မှ ယခုနှစ် ၂၀၂၀ ပြည့်နှစ် ကြွက်နှစ်သို့ ကူးပြောင်းရောက်ရှိလာခဲ့ရာ တစ်နှစ်တာရာသီကာလအတွင်း ကျင်းပကြသည့်ပွဲတော်များထဲတွင် စုပေါင်းနှစ်သစ်ကူးပွဲတော်ကို အထွတ်မြတ်ဆုံး၊ အကြီးကျယ်ဆုံး ပွဲတော်အဖြစ် သတ်မှတ်ထားရှိကြသည်။



ပွဲတော်တွင် လားဟူတိုင်းရင်းသားများသည် တစ်နှစ်တာကာလအတွင်း ရှာဖွေစုဆောင်းရရှိလာခဲ့သည့် ဥယျာဉ်ခြံမြေထွက် အသီးအနှံများနှင့် ပစ္စည်းဥစ္စာများမှ ဦးဦးဖျားဖျားကို ပါဝင်လှူဒါန်းမှုပြုလုပ်ကြသည့် ပွဲတော်ကြီးတစ်ခုဖြစ်သည်။

လားဟူတိုင်းရင်းသားများ၏ အထိမ်းအမှတ်မှာ ဘူးပုလွေဖြစ်ပြီး လားဟူတို့၏ ထင်ရှားသောအကမှာ ကာခေ့ပွဲဟုခေါ်သော မြေဝိုင်းအကဖြစ်သည်။ ထင်းရှူးပင်ငယ်တစ်ပင်ကို အလယ်တွင်ထားပြီး ထင်းရှူးပင်ကို ဝိုင်းပတ်၍ တီးမှုတ်ကာကရသော အကတစ်မျိုးဖြစ်သည်။ ထူးခြားသော ယဉ်ကျေးမှု အစီအစဉ်တစ်ခုမှာ သက်ကြီးဝါကြီး ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအား လူငယ်များက ရိုးရာလက်ဆေးမင်္ဂလာခံယူခြင်း၊ ခေါ်ပုတ်နှင့် ဝက်သားခြောက်များကို စုပေါင်းပေးကမ်းလှူဒါန်းခြင်းဖြစ်သည်။

လားဟူတိုင်းရင်းသားများသည် ၎င်းတို့ဝတ်ဆင်သော ရိုးရာအဝတ်အစား၏ အရောင်ကို အမှီပြု၍ လားဟူနက်၊ လားဟူနီ၊ လားဟူဝါ၊ လားဟူပါလမ်းနှင့် လားဟူရှီးဟူ၍ မျိုးနွယ်စုငါးစုမှ ပေါက်ဖွားကာ ယနေ့အထိ လားဟူမျိုးနွယ်စု ၂၄ မျိုးအထိရှိခဲ့သည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်တဲ့ လားဟူလူမျိုးများသည် တိဘက် - မြန်မာ အနွယ်ဝင်လိုလို(မိုးဆိုး)အုပ်စုတွင် ပါဝင်ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ တာချီလိတ် အနီးပတ်ဝန်းကျင်ဒေသများ၊ ရှမ်းမြောက်တွင် လားရှိုးမြို့ဝန်းကျင်နှင့် တောင်ပိုင်းတွင် နမ့်စန်မြို့အနီးပတ်ဝန်းကျင်များတွင် နေထိုင်သည်ကို တွေ့ရှိရသည်။

ယခင်ကာလများအတွင်းက လားဟူတိုင်းရင်းသားများအနေဖြင့် နှစ်သစ်ကူးပွဲတော်များကို တောင်ပေါ်ဒေသများတွင်သာ တစ်မိသားစုအတွင်း ဖြစ်စေ၊ တစ်ရွာချင်းဖြစ်စေ တကွဲတပြား ကျင်းပလာခဲ့ကြရာမှ ၂၀၀၃ ခုနှစ်မှစတင်ကာ ရှမ်းပြည်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းတွင် မှီတင်းနေထိုင်သော လားဟူတိုင်းရင်းသားများအားလုံး စုပေါင်းပြီး အလှည့်ကျကျင်းပလေ့ရှိရာ ယခုနှစ် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမကုန်ခင်ကာလတွင် ကျိုင်းတုံ၊ လားရှိုး၊ တာချီလိတ်၊ မိုင်းဆတ် စသည့်မြို့များတွင် မြို့နယ်အလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များဖြင့် စည်ကားသက်ဝင်တော့မည် ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ကျိုင်းတောင်းရေတံခွန်နှင့် ကျိုင်းတောင်းရေအားလျှပ်စစ်

**မောင်ယဉ်ကျေး**

ရှမ်းပြည်နယ်(တောင်ပိုင်း ) လင်းခေးခရိုင် မိုးနဲမြို့နယ်တွင်တည်ရှိသည့် ကျိုင်းတောင်းမြို့လေးနှင့် နမ့်တိန်းချောင်းတို့သည် မိုင်းကိုင်နယ်မှ စတင်မြစ်ဖျားခံကာ လဲချား၊ နမ့်စန်၊ မိုးနဲ၊ ကျိုင်းတောင်း၊ လင်းခေးဒေသများအား ကြည်လင်အေးမြစွာဖြင့် ဖြတ်သန်းစီးဆင်းပြီး သံလွင်မြစ်အတွင်းသို့ ပေါင်းစပ်စီးဝင်သွားသည်။



အရှိန်အဟုန်ပြင်းစွာ စီးဆင်းလျက်ရှိသော ကျိုင်းတောင်းရေတံခွန်၏အလှအား နိုင်ငံတော်အစိုးရမှ ဒေသတွင်းနေပြည်သူများ၏အကျိုးစီးပွားကိုရှေးရှုကာ ၂၃၂၅ စတုရန်းမိုင် အကျယ်အဝန်းရှိ ရေဆင်းဧရိယာကိုအခြေပြုပြီး ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံ စီမံကိန်းအဖြစ် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ရေတံခွန်အထက်ဘက်တွင် နမ့်တိန်းချောင်းရေအားလွှဲယူကာ အလျား ၁၀၈ ပေ၊ အကျယ်ပေ ၉၀၊ အမြင့် ၂၂ ပေရှိ သံကူကွန်ကရစ်ရေယူအဆောက်အအုံမှတစ်ဆင့် ကွန်ကရစ်ရေမြောင်းသွယ်ယူပြီး ၁၅ ပေ x ၂၆၀၀ ပေရှိ ဖိအားမြှင့် သံမဏိပိုက်လိုင်းဖြင့် စုစုပေါင်းရေအား ၄၂၇ ပေ ရယူကာ စက်တပ်ဆင်အား ၁၈ မဂ္ဂါဝပ်ရှိ လျှပ်စစ်တာဘိုင်စက် သုံးလုံး စုစုပေါင်းတပ်ဆင်အား ၅၄ မဂ္ဂါဝပ်ဖြင့်လည်ပတ်ပြီး နှစ်စဉ်ပျမ်းမျှ ကီလိုဝပ် နာရီသန်းပေါင်း ၃၇၇ ဒသမ ၆ ရှိ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးနိုင်သည့် ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံကို ၂၀၀၉ ခုနှစ် မတ် ၂၀ ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီး ကျိုင်းတောင်းရေအားလျှပ်စစ်အခြေပြုရာ ကျိုင်းတောင်းဒေသကို စက်ရုံမှတိုက်ရိုက်လျှပ်စစ်ဓာတ်အားဖြန့်ချိပေးကာ မြန်မာပြည်သူများအတွက် လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားများကို နမ့်စန်ဓာတ်အားခွဲရုံမှတစ်ဆင့် မဟာဓာတ်အားလိုင်းသို့ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**သီတဂူရွှေပြည်ဟိန်း စကျွဒါနဆေးရုံ ဇန်နဝါရီလ (၁၈)၊ (၁၉) (၁၀၉)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဇန်နဝါရီလ ၁၈၊ ၁၉ ရက်နေ့တွင် ၁၀၉-ကြိမ်မြောက် ဦးရေ (၁၅၀၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်သည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင် အဖြစ်ပါဝင်လှူဒါန်းလိုပါက ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်နေရာ - သီတဂူရွှေပြည်ဟိန်း စကျွဒါနဆေးရုံ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။ (ကျိုက္ကဆံဘုရားပါဝင်သောမြေလမ်းဆုံ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၀၉၉၃၊ ၀၉-၅၁၁၀၂၉၇၊ ၀၉-၄၄၈၀၁၅၆၅၆၉
ရွှေဘုံဟိုင်းကမ္ဘာ့ဘဏ် - အရှင်စန္ဒောဘာသိန်သတ်ဝ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

# ဝမ်းမြောက်ဂုဏ်ယူ မုဒိတာပွားခြင်း

ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော် ထီးတော်ရိပ်ရှိ ပိဋကဗဟုသုတအဖွဲ့ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများဖြစ်ကြပါသော **မေဒိနီဆရာတော် ဘဒ္ဒန္တကောဝိဒဓဇနှင့် ဓမ္မသဟာယသမိတိ ဦးဆောင်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ** ဆရာတော်ကြီးနှစ်ပါးတို့အား နိုင်ငံတော်မှ ဆက်ကပ်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအနက် အမြင့်ဆုံးဘွဲ့တံဆိပ်တော်ဖြစ်သည် "**အဘိဓဇမဟာရဋ္ဌဂုရု**" ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရမှုအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ပိဋကဗဟုသုတအဖွဲ့ကြီး၏ အမှုဆောင်နှင့် စာပေမော်ကွန်း ဥက္ကဋ္ဌ **ဆရာကြီးဦးအမ်းယုမောင်(မောင်လူမွှေး၊ မြန်မာမှု)**အား "**မဟာသဒ္ဓမ္မဇောတိကဓဇ**" ဘွဲ့ ချီးမြှင့်ခံရမှုအတွက် အကြိမ်ကြိမ်အခါခါ မုဒိတာပွားရပါကြောင်း ကမ္ပည်းမော်ကွန်းရေးထိုးအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ပိဋကဗဟုသုတအဖွဲ့**

# အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)ဖြင့် အစ်ကိုကြီး ဦးသိန်းဝင်းဇော်၏ဇနီး **သီဟသုဓမ္မသီဂီ ဒေါ်တင်လတ်မင်း(Director- Shwe Byain Phyu Co., Ltd)** အား ၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် **"အဂ္ဂမဟာသီရိသုဓမ္မသီဂီ"** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန်ထပ်မံချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ညီမ- မနီနီဝင်း၊ မအေးအေးဝင်း**
**တူမ- မကျော့ဟေမာသီကို**
**ZTHစက်သုံးဆီအရောင်းဆိုင်**
**မိသားစု**

# အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**စတားမိုးယံ လုပ်ငန်းစု ၏ ဥက္ကဋ္ဌ ဒေါ်တင်တင်မြင့် အား နိုင်ငံတော် မှချီးမြှင့်အပ်နှင်းသည့် သာသနာတော်ဆိုင်ရာ**

**"သီဟသုဓမ္မသီဂီ" ဘွဲ့တံဆိပ်တော်ချီးမြှင့်ခံရခြင်းအတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း**

**ဦးတင်ဇံကျော်**(President & Founder)
Device Consultant Group

# အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**စတားမိုးယံ လုပ်ငန်းစု ၏ ဥက္ကဋ္ဌ ဒေါ်တင်တင်မြင့် အား နိုင်ငံတော် မှချီးမြှင့်အပ်နှင်းသည့် သာသနာတော်ဆိုင်ရာ**

**"သီဟသုဓမ္မသီဂီ" ဘွဲ့တံဆိပ်တော်ချီးမြှင့်ခံရခြင်းအတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း**

**ဦးတင်အောင်ဝင်း+ဒေါ်ခင်မြတ်မြတ်မိုး**

# အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**စတားမိုးယံ လုပ်ငန်းစု ၏ ဥက္ကဋ္ဌ ဒေါ်တင်တင်မြင့် အား နိုင်ငံတော် မှချီးမြှင့်အပ်နှင်းသည့် သာသနာတော်ဆိုင်ရာ**

**"သီဟသုဓမ္မသီဂီ" ဘွဲ့တံဆိပ်တော်ချီးမြှင့်ခံရခြင်းအတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း**

**ဒေါ်ခင်မာနွယ် ၊ ဒေါ်သက်မာလှိုင်**
(Nine Luck Global Co., Ltd.)

## အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

**Myanmar Steel Association (MSA)** ၏

အထွေထွေအတွင်းရေးမှူးဖြစ်သော ဦးမျိုးမြင့် (Myo Naing-Nine Group of Companies Limited / Naing-Nine သံချောင်းနှင့်ဘိလပ်မြေဖြန့်ချိရေး) ၏

"ဖခင်ကြီးသုဓမ္မမဏိဇောတဓရ ဦးထွန်းဖေ" အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်–၁/၂၀၂၀ ဖြင့် မြန်မာနိုင်ငံတော်အစိုးရမှ ဘာသာသာသနာအကျိုးကို စွမ်းစွမ်း တမံဆောင်ရွက်ပြီး မြတ်ဗုဒ္ဓ၏သာသနာအတွင်း၌ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမ အဖြစ်စဉ်ဆက်မပြတ်လှူဒါန်းသည့် လူပုဂ္ဂိုလ်များကိုချီးမြှင့်ပေးသောသာသနာတော်ဆိုင်ရာ အမြင့်ဆုံးဘွဲ့ တံဆိပ်ဖြစ်သည့်သာသနာ့ဂုဏ်ဘွဲ့နှင့်သာသနာပြုဘွဲ့တံဆိပ်ဖြစ်သော "အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ" ဘွဲ့ ရရှိသဖြင့် လိုက်လိုက်လှဲလှဲဝမ်းမြောက်မိပါကြောင်းနှင့်နိုင်ငံအကျိုး၊သာသနာအကျိုးတို့ကို ကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Myanmar Steel Association (MSA)**

| | |
|---|---|
| ဦးစစ်တိုင်းအောင် | (Mottama Development Group Co., Ltd) |
| ဦးရန်ဟော် | (Mottama Holding Co., Ltd) |
| ဦးကျော်အောင် | (Benhur Trading Co., Ltd) |
| ဦးညွန့်ဦး | (Htarwara Miba Myitta Co., Ltd) |
| ဦးကျော်ကျော်ဦး | (Steel King Co., Ltd) |
| ဦးမျိုးထွေး | (Pro1 Home Center) |
| ဒေါ်ညွန့်ရီ | (Shwe Man Yeik Co., Ltd) |
| ဦးအောင်ကျော်စိုး | (Mother Trading Co., Ltd , Mandalay) |
| ဦးကျော်စိန် | (Kyaw Brother Co., Ltd) |
| ဦးကျော်မောင် | (Golden Village Co., Ltd) |

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၀
(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင်
နိုင်ငံတော်သမ္မတမှ

**မေမေ ဒေါ်ကျန်တင်** (အငြိမ်းစားသူနာပြုဆရာမကြီး)အား

**သုဓမ္မသိင်္ဂီဘွဲ့**

ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက်
အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာဖြင့်
အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

ဖေဖေ (ဒေါက်တာ ဦးတင်အောင်အေး၊ မျက်စိအထူးကုဆရာဝန်ကြီး ငြိမ်း)

သားသမီးများ

- ဦးတင်ဦး ညွှန်ကြားရေးမှူး (ငြိမ်း) တံတားဦးစီးဌာန + ဒေါ်မိုးသူဇာအေး
- ဦးဇော်မိုးအောင် (Interserve FM Ltd : London UK ) + ဒေါ်ခင်သန္တာသွေး (Gender & Social Safeguards Specialist MOHS - ADB)
- ဒေါက်တာဇော်လင်းသန်း (မေးရိုးနှင့်ခံတွင်းခွဲစိတ်အထူးကုဆရာဝန်ကြီး) + ဒေါက်တာမာလာသင်း (မေ့ဆေးအထူးကုဆရာဝန်ကြီး)
- ဗိုလ်ကြီးဝင်းမောင်သိန်း (ငြိမ်း) (CYGNUS MARINE ; SEAOP GROUP) + ဒေါ်ချိုသဲလင်း (မြရတနာအထွေထွေရောဂါကုဆေးခန်း)

မြေးများ

- မောင်နိုင်ဝင်း၊ မချောစုဝင်း၊ မမြင့်မြတ်သီရိနိုင်၊ မခိုင်ဥမ္မာမင်း

(ပုလဲမြို့သစ်၊ မင်္ဂလာဒုံ)

# အထူး ဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်သော
အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀) အရ ရန်ကုန်တိုင်းဒေသကြီး၊
လှိုင်မြို့နယ်၊ (၁) ရပ်ကွက်၊ ရွာမကျောင်းလမ်း၊ အမှတ် (၆၀/A)နေ

## "ဒေါ်မာလာမြင့်" (Managing Director)

**(Myint Media & Advertising)(Myint Universe Co.,Ltd.)**
**Founder (Myint Education Foundation)** အား

သာသနာတော်ဆိုင်ရာ

## "သီဟသုဓမ္မသိင်္ဂီ"

ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းခံရကြောင်းသိရှိရ၍ အထူးဝမ်းမြောက်
ဂုဏ်ယူပါကြောင်းနှင့် မိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာဖြင့်
နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာ သာသနာတော်အကျိုးကို
ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် နိဗ္ဗာန်သို့ လွယ်ကူစွာ
မျက်မှောက်ပြုနိုင်ပါစေကြောင်း မိခင်ကြီးနှင့် မိသားစုများမှ
ဆုမွန်ကောင်း တောင်းအပ်ပါသည်။

| | | |
|---|---|---|
| မိခင်ကြီး ဒေါ်ခင်ရီ | ခင်ပွန်း ဦးစန်းရွှေ | အစ်မ ဒေါ်သီတာမြင့် |
| ဘုရား၊ သိမ်၊ ကျောင်း၊ | (လ/ထ ညွှန်ကြားရေးမှူး (ငြိမ်း) | ညီမ ဒေါ်ခင်နီလာမြင့်၊ |
| ဒါယိကာမနှင့် | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် | သမီး မရှုးရှုးပိုင် |
| ရဟန်းမယ်တော်ကြီး | ပြည်သူ့အင်အားဝန်ကြီးဌာန၊ | |

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်၊

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံး၏

အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)ဖြင့်

**ဒေါ်တင်တင်မြင့် (Chairman)- (Star Moe Yan လုပ်ငန်းစု)အား**

**သီဟသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ် ချီးမြှင့်ခံရခြင်းအတွက်

အထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း အမျိုးဘာသာသာသနာအကျိုးအတွက်

ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေကြောင်းဆုမွန်ကောင်း တောင်းအပ်ပါသည်။

BODအဖွဲ့ နှင့် ဝန်ထမ်းများ

Star Moe Yan Group of Companies.


# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်၊

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံး၏

အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)ဖြင့်

**ဒေါ်တင်တင်မြင့် (Chairman)- (Star Moe Yan လုပ်ငန်းစု)အား**

**သီဟသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ် ချီးမြှင့်ခံရခြင်းအတွက်

အထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း အမျိုးဘာသာသာသနာအကျိုးအတွက်

ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေကြောင်းဆုမွန်ကောင်း တောင်းအပ်ပါသည်။


"မိုးယံမောင်ဓေးရှင်း ပြည်နယ်နှင့်တိုင်းဒေသကြီး ဥက္ကဋ္ဌများ"

(၁) ဦးအောင်ခိုင်ဝင်း(တောင်ကြီးမြို့ ရှမ်းပြည်နယ်တောင်ပိုင်း)

(၂) ဦးကျော်ဌေး (မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး)

(၃) ဦးဝင်းမင်း (ပျဉ်းမနားမြို့ နေပြည်တော်)

(၄) ဦးသန့်ဇင်ဝင်း (မကွေးမြို့ မကွေးတိုင်းဒေသကြီး)

(၅) ဦးအောင်နိုင်ဝင်း (ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး)

(၆) ဦးနေမျိုးဇော် (မိတ္ထီလာမြို့ မန္တလေးတိုင်းဒေသကြီး)

(၇) ဦးအောင်မျိုး(သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး)

# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်
(၁/ ၂၀၂၀)အရ

## ဦးဇော်မိုးနိုင်

ဥက္ကဋ္ဌ
မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း

အား

## အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့

ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခံရပါသဖြင့်
အထူးပင် လှိုက်လှဲစွာဝမ်းမြောက် ဂုဏ်ယူပါသည်။
နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆထက်ထမ်းပိုးတို့၍
ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၀ ဖြင့် လူပုဂ္ဂိုလ်ဆိုင်ရာအမြင့်ဆုံး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်များဖြစ်ကြသည့် "အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ"ဘွဲ့ကို EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP) နှင့် EXCELLENT FORTUNE FOUNDATION (EFF FOUNDATION) တို့၏ Chairman & Founder ဦးစိုင်းမျိုးဝင်းနှင့် "အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ" ဘွဲ့ကို ဇနီး ဒေါ်နန်းခင်မြင့်ရီ Senior Vice Chairman & Co-Founder တို့အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်သော သာသနာပြုဇနီးမောင်နှံ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးမောင်မောင်ဦး-ဇနီး ဒေါ်နန်းစောမွန်
တူလေး - စိုင်းကျော်ဇောထက်ဟိန်း
တူမလေး - နန်းစုရည်လင်းထက် မိသားစု

# အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

၂၀၂၀ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ချီးမြှင့်သော **သီရိသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ရရှိခဲ့ကြသော SME – Development Bank ဥက္ကဋ္ဌ **ဒေါ်စန်းစန်းရီ**နှင့် ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ **ဒေါ်နန္ဒာလှိုင်**တို့အား SME Development Bank မှ အထူးပင် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါကြောင်းနှင့် သာသနာပြုလုပ်ငန်းများကို ယခုထက်ပိုမို ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဒေါက်တာဇေယျာညွန့်**
**အမှုဆောင်အရာရှိချုပ်၊ SME –Development Bank**
**အဖွဲ့ဝင်၊အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ**
**ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊**
**အဖွဲ့ဝင်၊ ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီ၊**
**နှင့်**
**ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများ**

# အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

၂၀၂၀ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ချီးမြှင့်သော **သီရိသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ရရှိခဲ့ကြသော SME – Development Bank ဥက္ကဋ္ဌ **ဒေါ်စန်းစန်းရီ**နှင့် ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ **ဒေါ်နန္ဒာလှိုင်**တို့အား SME Development Bank မှ အထူးပင် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါကြောင်းနှင့် သာသနာပြုလုပ်ငန်းများကို ယခုထက်ပိုမို ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဒေါက်တာဇေယျာညွန့်**
**အမှုဆောင်အရာရှိချုပ်၊ SME –Development Bank**
**အဖွဲ့ဝင်၊အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ**
**ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊**
**အဖွဲ့ဝင်၊ ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီ၊**
**ဇနီး**
**သီရိသုဓမ္မသိင်္ဂီ ဒေါ်အိသန္တာဘို**
**(MD – Asia Luxury Group Co., Ltd)**




# Summit of Leader 2019 ဂုဏ်ယူဝမ်းမြောက်ခြင်း

UK Oxford Summit of Leader 2019 မှ ချီးမြှင့်သော The Socrates Committee မှ ပေးအပ်ချီးမြှင့်သော **SME Leadership and Innovatives** ဆုအား ၁၇-၁၂-၂၀၁၉ ရက်တွင် UK Oxford Townhall တွင် **SME–Development Bank** အား ချီးမြှင့်ခြင်းခံရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် မြန်မာနိုင်ငံအတွင်းရှိ SME လုပ်ငန်းရှင်များအား အနာဂတ်တွင် အားကိုးအားထားပြုနိုင်သော ဘဏ်တစ်ခုဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဒေါ်စန်းစန်းရီ**
**(C.E.O, Superone Co.,Ltd)**




# Summit of Leader 2019 ဂုဏ်ယူဝမ်းမြောက်ခြင်း

UK Oxford Summit of Leader 2019 မှ ချီးမြှင့်သော The Socrates Committee မှ ပေးအပ်ချီးမြှင့်သော **SME Leadership and Innovatives** ဆုအား ၁၇-၁၂-၂၀၁၉ ရက်တွင် UK Oxford Townhall တွင် **SME–Development Bank** အား ချီးမြှင့်ခြင်းခံရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် မြန်မာနိုင်ငံအတွင်းရှိ SME လုပ်ငန်းရှင်များအား အနာဂတ်တွင် အားကိုးအားထားပြုနိုင်သော ဘဏ်တစ်ခုဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**I.Q Vision မိသားစု**